ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖြော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုမပြုမိအောင်ထိန်းချုပ်**

မကောင်းမှုကိုပြုမိသောသူသည် ထိုမကောင်းမှုကို နောက်တစ်ကြိမ်မပြုမိအောင် စိတ်အလိုဆန္ဒကို ထိန်းချုပ်ရာ၏။ မကောင်းမှုပွားများခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့်တည်း။ မကောင်းမှုကို ဝေးစွာရှောင်ရှားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၇)

၁၃၇၈ ခုနှစ် တပို့တွဲလဆန်း ၄ ရက်၊ အင်္ဂါနေ့။ Tuesday, 31 January 2017 (၈၈၂၃)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟိရိုတို အိဇုမိအား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ မြန်မာနိုင်ငံတွင် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေးနှင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးတွင် ဆက်လက်ပါဝင် ကူညီသွားမည့်အစီအစဉ်များကို ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဦးသန့်စင်မောင်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟိရိုတို အိဇုမိအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

# မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍကိုးခုနှင့်စပ်လျဉ်း၍ ဆွေးနွေး



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

**နေပြည်တော် ဇန်နဝါရီ ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟိရိုတို အိဇုမိအား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်က မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍကိုးခုနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်ထားရှိမှုနှင့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်မည့် စီမံကိန်းများအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ကျေးလက်ဒေသ စိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍဖွံ့ဖြိုးရေး၊ ပညာရေးကဏ္ဍ အရည်အသွေးမြှင့်တင်ရေးနှင့် အလုပ်အကိုင်ဖန်တီးရေး၊ မြို့ပြစက်မှုလုပ်ငန်းများကဏ္ဍဖွံ့ဖြိုးရေး၊ ကျေးလက်နှင့် မြို့ပြဆက်သွယ်သည့် ပို့ဆောင်ရေးကဏ္ဍတိုးတက်ရေး၊ စက်မှုကဏ္ဍဖွံ့ဖြိုးရေးအတွက် စွမ်းအင်ကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ မြို့ပြအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရနှင့် ပုဂ္ဂလိကငွေကြေးကဏ္ဍ တိုးတက်မှုရှိစေရေး၊ စာတိုက်နှင့်ဆက်သွယ်ရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ အဆင့်မြှင့်တင်ရေးစသည့် ကဏ္ဍကိုးခုတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

KBZ BANK
STRENGTH OF MYANMAR
သန္တိထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# ငြိမ်းချမ်းရေးပန်းများမျှဝေစိုက်ထူ

မြန်မာ-ဂျပန် ချစ်ကြည်ရေး သစ်ပင်စိုက်ပွဲတော်ကို ယမန်နေ့နံနက်ပိုင်းက နေပြည်တော် ဗိုလ်ရှုသဘင်အနီးတွင်ကျင်းပခဲ့ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆိုမဲရောရှိအမျိုးအစား ချယ်ရီပင်ကို စိုက်ပျိုးပေးခဲ့သည်။ အလားတူ ပြီးခဲ့သည့်လများကလည်း ငြိမ်းချမ်းရေးအထိမ်းအမှတ် သံလွင်ပင်ကို နေပြည်တော်တွင် စိုက်ပျိုးပေးခဲ့သည်။

ဤကဲ့သို့သော အထိမ်းအမှတ်သစ်ပင်များစိုက်ပျိုးခြင်းကို အရိပ်ရအပင်များစိုက်ပျိုးကြသည့် အခြားအပင်များ စိုက်ပျိုးခြင်းကဲ့သို့ မှတ်ယူခြင်းမပြုဘဲ နှစ်နိုင်ငံအကြား၊ နိုင်ငံများအကြား၊ လူမှုအသိုင်းအဝိုင်းအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်သဘောအားဖြင့် ပြုစုပျိုးထောင်စိုက်ပျိုးခြင်းဖြစ်သည်ဟု ခံယူကြသင့်သည်။ ချယ်ရီပင်စိုက်ပျိုးခြင်းကို နိုင်ငံအတွက် အလှတရားများတိုးပွားစေမည့် ငြိမ်းချမ်းရေးလမ်းစဉ်ကိုလည်း အထောက်အကူဖြစ်စေသည့် သင်္ကေတဟု စိတ်ထဲတွင်ထားရန် အဆိုပါအခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က တိုက်တွန်းထားသည်။

ဂရိမှဆင်းသက်လာသော အယူအဆအရ သံလွင်ခက်ကို နိုင်ငံများ၏ ငြိမ်းချမ်းရေးသင်္ကေတအဖြစ် ဖော်ကျူးထားသည်။ ဂျပန်နိုင်ငံ၏ ယဉ်ကျေးမှုသင်္ကေတတွင် ချယ်ရီပင်ကိုသတ်မှတ်ထားပြီး မြန်မာနိုင်ငံ၏ အေးချမ်းမှု၊ အောင်မြင်မှုသင်္ကေတတွင် သပြေပန်းကို သတ်မှတ်ထားသည်။ ဤကဲ့သို့ မတူကွဲပြားသည့် ယဉ်ကျေးမှုတစ်ခုစီတွင် ဆိုင်ရာဆိုင်ရာ အပင်သင်္ကေတ၊ ပန်းသင်္ကေတများ ကိုယ်စီကိုယ်စီရှိကြသည်။

မြန်မာနိုင်ငံအနေဖြင့် ဂျပန်နိုင်ငံသားများနှစ်သက်မြတ်နိုးသည့် ချယ်ရီပင်သင်္ကေတကို မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဤသို့စိုက်ပျိုးခြင်းသည် ထိုပန်းကဲ့သို့အလှအပများ၊ မြတ်နိုးဖွယ်ရာများ ကျွန်ုပ်တို့နိုင်ငံတွင်လည်း ဝေဆာလာမည့်သဘောပင်ဖြစ်သည်။ မတူညီသည့် ယဉ်ကျေးမှုနှစ်ခုကြားတွင် အဆက်အသွယ်ပြုလုပ်ပေးမည့် ပန်းလေးသဖွယ်ဖြစ်၍ ငြိမ်းချမ်းရေးသင်္ကေတကို ဆောင်သည်။

ဂျပန်နိုင်ငံမှချယ်ရီပင်သည် မြန်မာနိုင်ငံမှ ပိတောက်ပင်၊ ငုပင်တို့နှင့် သဘောသွားတူသည်။ နှစ်စဉ်သစ္စာရှိရှိ ပွင့်သောအပင်၊ မြတ်နိုးဖွယ်လှပတင့်တယ်သော်လည်း ခဏနှင့်ပင်ကြွေလွင့်ရသည့်အပင်ဖြစ်သည်။ ယခု ဂျပန်နိုင်ငံမှ ချယ်ရီပင်၏တင့်တယ်ပုံ၊ သင်ခန်းစာယူနိုင်ပုံတို့ကို ပမာပြုထုတ်နုတ်မှာကြားမှုများမှာ ကျွန်ုပ်တို့၏လူမှုဘဝအသိုင်းအဝိုင်းအတွက် ဂရုစိုက်မှတ်သားမှုပြုကြရမည်ဖြစ်သည်။

လူ့ဘဝဟူသည် ချယ်ရီပွင့်တို့ကဲ့သို့ တိုတောင်းလွန်းသည်။ ကျွန်ုပ်တို့၏ဘဝ မည်မျှတိုတောင်းသည်ဖြစ်စေ ကျွန်ုပ်တို့ပတ်ဝန်းကျင်၊ ကျွန်ုပ်တို့နိုင်ငံ၊ ကျွန်ုပ်တို့ကမ္ဘာကြီးအတွက် အကျိုးရှိအောင်၊ လှပတင့် တယ်အောင် တည်ဆောက်ကြရမည်ဖြစ်သည်။ လူတို့ဘဝ တိုတောင်းပင်တိုတောင်းငြားသော်လည်း ချယ်ရီပင်ကဲ့သို့ တန်ဖိုးရှိသောလူသားများအဖြစ် ပြုမူနေထိုင်နိုင်အောင် အားထုတ်ရမည့်သဘောတရားအဖြစ် ချယ်ရီပင်ကို မြန်မာပြည်တွင် စိုက်ပျိုးခြင်းဖြင့် မျှဝေရယူကြရမည်ဖြစ်သည်။

ထိုသို့ တစ်နိုင်ငံ၏ အထိမ်းအမှတ်များ တစ်နိုင်ငံတွင် မျှဝေခံစားခြင်းဖြင့် လူသားအချင်းချင်းဆက်နွှယ်သည့် စိတ်ဓာတ်များ ပိုမိုခိုင်မာလာမည်ဖြစ်သည်။ လူသားအချင်းချင်းမျှဝေခြင်း၊ ဆက်နွှယ်ခြင်းသည် ငြိမ်းချမ်းခြင်းသဘောပင်ဖြစ်သည်။ ကမ္ဘာ့လူသားအားလုံးမှာလည်း ငြိမ်းချမ်းရေးကို လိုလား၊ တန်ဖိုးထားကြသည်။ ငြိမ်းချမ်းရေး၏တန်ဖိုး၊ ငြိမ်းချမ်းရေး၏ အဓိပ္ပာယ်ကို နားမလည်သောသူသည် ငြိမ်းချမ်းရေးကို အလေးမထား၊ မလိုလားသောသူဖြစ်မည်။

ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများ ငြိမ်းချမ်းရေးအဓိပ္ပာယ်ကိုနားလည်အောင်၊ တန်ဖိုးထားတတ်အောင် ကျွန်ုပ်တို့နိုင်ငံ၏ ငြိမ်းချမ်းရေး၊ အောင်မြင်ရေးသင်္ကေတအပင်များကို စိုက်ပျိုးခြင်းကဲ့သို့ပင် နိုင်ငံအသီးသီးမှ ငြိမ်းချမ်းမှု၊ အောင်မြင်မှု၊ လှပမှုတို့ကိုဆောင်သည့် သစ်ပင်များကိုစိုက်ပျိုးခြင်းဖြင့် ကူးလူးဆက်နွှယ်ရယူကြရမည်ဖြစ်သည်။

လူမျိုးတိုင်းလူမျိုးတိုင်းတွင် မြတ်နိုးဖွယ်ရာ အထိမ်းအမှတ်သစ်ပင်၊ အထိမ်းအမှတ်ပန်းများရှိကြရာ ယင်းတို့ကို မတူကွဲပြားသော ရေမြေသဘာဝတွင် ဖြစ်မြောက်အောင်စိုက်ပျိုးကာ မြတ်နိုးတန်ဖိုးထားသကဲ့သို့ ကွဲပြားသော လူ့အသိုင်းအဝိုင်းများကြားတွင်လည်း တစ်ဦးနှင့်တစ်ဦးမြတ်နိုးတန်းဖိုးထားတတ်အောင် လှပသောနှလုံးသားပန်းများ မျှဝေစိုက်ထူခြင်းဖြင့် ငြိမ်းချမ်းရေးကို တည်ဆောက်ကြပါစို့။ ။




## နေပြည်တော်ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၀**

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အရှေ့ဘက် အလယ်ပစ္စယံရှိ စွန့်ပစ်အုတ်ခဲကျိုး၊ ကျောက်ခဲကျိုးများအား အလယ်ပစ္စယံမှ အောက်ခြေကားလမ်းအထိ လက်ဆင့်ကမ်းသယ်ဆောင် စုပေါင်းလုပ်အားပေးခြင်းကို ဇန်နဝါရီ ၂၈ ရက် နံနက် ၇ နာရီခွဲမှစတင်၍ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဇော်ခင်အောင်၊ ဒုတိယရဲမှူးကြီး ကျော်တေဇ၊ နေပြည်တော်ရဲတပ်ဖွဲ့တိုင်းအကူတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းသိန်းတို့က ကြပ်မတ်ခဲ့၍ အင်အား ၁၈၀ တို့က လုပ်အားဒါနပြုခဲ့ကြကြောင်း သိရသည်။ **မင်းမင်းလတ်(ရှုပဗေဒ)**

## ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဝန်ထမ်းများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ရခိုင်ပြည်နယ် ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများအား တွေ့ဆုံသည်။ **(ယာပုံ)**




ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးရုံးများမှ တာဝန်ရှိသူများက လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများနှင့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံလက်မှတ်(NV Card) ထုတ်ပေးရေးနှင့် NID အထောက်အကူပြုရွေ့ပြောင်းစမ်းသပ်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဌာနအနေဖြင့် ရည်မှန်းချက်တာဝန်များ အောင်မြင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရေရှည်လုပ်ငန်းများအဖြစ် စဉ်ဆက်မပြတ် ဆောင်ရွက်ရပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းများနှင့် NV Card ထုတ်ပေးရေးလုပ်ငန်းများကို မြို့နယ်အလိုက် စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ မှတ်တမ်းမှတ်ရာ၊ စာရင်းဇယားများကိုလည်း စနစ်တကျရေးသွင်းပြုစု ထိန်းသိမ်းကြရန်လိုကြောင်း၊ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန်လိုကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန(ပြည်နယ်ရုံး)သို့သွားရောက်၍ လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဇန်နဝါရီ ၂၉ ရက် နံနက် ၇ နာရီခွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ်ဝန်ကြီးများအား စစ်တွေမြို့ စစ်တွေဟိုတယ်၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ပုံပြင်၊ ကဗျာ၊ သီချင်းရွတ်ဆိုပြိုင်ပွဲ လေ့ကျင့်ဆောင်ရွက်ပေး

**တောင်တွင်းကြီး ဇန်နဝါရီ ၃၀**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ တောင်ပြင်(၂) စံပြမူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပုံပြင်၊ ကဗျာ၊ သီချင်းရွတ်ဆိုပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလေ့ကျင့်ဆောင်ရွက်ရာတွင် တောင်ပြင်(၂) စံပြမူလတန်းကြိုကျောင်းမှ ဆရာမကြီးတို့က မူလတန်းကြိုကျောင်းသား ကျောင်းသူ ၁၃၃ ဦးတို့အား အချိုးအဆစ်ပြေပြစ်မှု၊ စည်းဝါးကျနမှု၊ ဟန်ပန်အမူအရာ၊ တေးသွားနားလည်မှု စသည်တို့ကို ဇန်နဝါရီ ၂၃ ရက်မှ ၃၁ ရက်အထိ သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(တောင်တွင်းကြီးအုန်းကြိုင်)**

**ပေါင် ဇန်နဝါရီ ၃၀**

ပေါင်မြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်း(CDD) စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ခြင်းသင်တန်းဖွင့်ပွဲကို မိုးနိုင်းအရှေ့တိုက်ကျောင်းဓမ္မာရုံ၌ ဇန်နဝါရီတတိယပတ်ကကျင်းပရာ စုစုပေါင်းသင်တန်းသား ၄၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ကိုးရက်ကြာမည်ဖြစ်သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟက အဖွင့်အမှာစကားပြောကြားပြီး

## လူထုဗဟိုပြုစီမံကိန်းစည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်သင်တန်းဖွင့်

မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က စီမံကိန်း၏ မူဝါဒ၊ ရည်ရွယ်ချက်နှင့် စီမံကိန်းစက်ဝန်း တစ်လျှောက် အကောင်အထည်ဖော်မည့်အခြေအနေများနှင့် မြို့နယ်နည်းပညာအကြံပေး ဦးစောအေးသောင်းနှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့က သင်တန်းနှင့်ပတ်သက်ပြီး စည်းရုံးရေးမှူးများဆောင်ရွက်ရမည့်အချက်များကို ပြောကြားခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ

### ❍ နှစ် (၇၀)မြောက်မှ

နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို ပြည်ထောင်စုစိတ်ဓာတ်နိုးကြားရှင်သန်ရေး၊ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာအောင်တည်ဆောက်ရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပေါ်ပေါက်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားရေးစသည့် အမျိုးသားရေးဦးတည်ချက်များဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ယင်းအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တိုင်းဒေသကြီးနှင့်ပြည်နယ်များက လာရောက်ဖျော်ဖြေကြမည့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့် လေ့လာရေးခရီးစဉ်များကို အဆင်ပြေချောမွေ့အောင် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကိုယ်စားလှယ်တော်များ သက်ဆိုင်ရာနေရာဒေသများသို့ ချောချောမောမောရောက်ရှိအောင် လုံခြုံရေးတပ်ဖွဲ့အချင်းချင်း ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်သွားရန်လိုပါကြောင်း။

နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် လုံခြုံရေးကိစ္စရပ်များကို အပြည့်အဝ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ လုံခြုံရေး ဆောင်ရွက်ရာတွင်လည်း ယဉ်ကျေးစွာ တိတိကျကျ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်သွားရန်လိုပါကြောင်း၊ အခမ်းအနားသို့ တက်ရောက်သူများအနေဖြင့်လည်း လုံခြုံရေးအသိဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း။

ဧည့်ခံကျွေးမွေးရေးအပိုင်းတွင် အစားအသောက်များ အလေအလွင့်မဖြစ်စေရေး စနစ်တကျတွက်ချက်ဆောင်ရွက်သွားရန်လိုပါကြောင်း၊ အသုံးစရိတ်များကို သုံးစွဲရာတွင် မကုန်သင့် မကုန်ထိုက်သည့် အသုံးစရိတ်မရှိအောင်၊ အလေအလွင့်မဖြစ်အောင် စေ့စေ့စပ်စပ် စိစစ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပူးပေါင်းကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်းနှင့် လုပ်ငန်းလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြကြရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြည်ထောင်စုနေ့အောင်မြင်စွာ ကျင်းပနိုင်ရေး အကြိုပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ဆပ်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက လုံခြုံရေး၊ ကြိုဆိုရေး၊ သယ်ယူပို့ဆောင်ရေး၊ သဝဏ်လွှာပြုစုရေး၊ ဘဏ္ဍာရေး၊ ဖိတ်ကြားရေး၊ နေရာချထားရေး၊ ဧည့်ခံကျွေးမွေးရေး၊ အလံတင်အခမ်းအနားကျင်းပရေး၊ မြေစိုက်ပိုစတာများ စိုက်ထူရေး၊ ညစာစားပွဲနှင့် ဖျော်ဖြေရေး၊ ပြန်ကြားရေးနှင့် စာရင်းစစ်ဆေးရေး စသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ အသီးသီးရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ဒုတိယသမ္မတက လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**(သတင်းစဉ်)**

## စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာ တင်ပြမည့်ရက် တိုးမြှင့်သတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၂၀/၂၀၁၇**
**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**

**စုံစမ်းစစ်ဆေးရေးကော်မရှင် အစီရင်ခံစာ တင်ပြမည့်ရက် တိုးမြှင့်သတ်မှတ်ခြင်း**

၁။ ရခိုင်ပြည်နယ် မောင်တောဒေသတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်ခံရမှုများအပေါ် နောက်ခံအခြေအနေများနှင့် အဖြစ်မှန်ပေါ်ပေါက်စေရေး စုံစမ်းစစ်ဆေးရန်နှင့် နောင်အလားတူ ဖြစ်စဉ်မျိုးထပ်မံမဖြစ်ပွားစေရေးဖြစ်စဉ်များနှင့်ပတ်သက်၍ ဆောင်ရွက်မှုများတွင် နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းရှိ/မရှိတို့ကို စစ်ဆေးသုံးသပ် အကြံပြုနိုင်ရန်အတွက် "စုံစမ်းစစ်ဆေးရေးကော်မရှင်"ကို နိုင်ငံတော်သမ္မတရုံး၏ ၁-၁၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၈၉/၂၀၁၆ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့အရောက် နိုင်ငံတော်သမ္မတထံသို့ တင်ပြရန် သတ်မှတ်ခဲ့ပါသည်။

၂။ သို့ရာတွင် ရခိုင်ပြည်နယ်အတွင်း လူ့အခွင့်အရေးနှင့်ပတ်သက်သည့် စွပ်စွဲချက်အသစ်များ ထပ်မံပေါ်ပေါက်လျက်ရှိရာ နိုင်ငံတော်သမ္မတထံသို့ အစီရင်ခံစာ တင်သွင်းရမည့်ရက်ကို ထိုကိစ္စများ ဆက်လက်စုံစမ်းစစ်ဆေးမှုပြီးစီးသည့်အချိန်အထိ တိုးမြှင့်သတ်မှတ်လိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၃၀**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး H.E.Mrs. Karen MacArthur အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်၏ ဆန္ဒဖြစ်သည့် မိမိတို့သွားနေသည့် နိုင်ငံရေးလမ်းကြောင်းတွင် တည်တည်ငြိမ်ငြိမ်ဖြင့် ကမ္ဘာ့အလယ်တွင် ခိုင်မာစွာ ရပ်တည်နိုင်ရန် မျှော်မှန်းထားရှိမှု၊ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဧည့်သည်တော် သံအမတ်ကြီးက မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ကနေဒါနိုင်ငံမှ ပူးပေါင်းဆောင်ရွက်နေမှု၊ ရေအားလျှပ်စစ်လုပ်ငန်းအပါအဝင် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်အခြေအနေ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

**(သတင်းစဉ်)**

■

## သံအမတ်ကြီး ဦးမြင့်လွင်အား မော်ရိုကိုနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အီဂျစ်အာရပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်လွင်အား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မော်ရိုကိုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

## မြန်မာ-လာအိုနှစ်နိုင်ငံကြား ပညာရေးနယ်ပယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီး H.E.Mrs. Sengdeuane LACHANTHABOUNE တို့သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာနဧည့်ခန်းမ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပညာရေးဝန်ကြီးဌာနနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးနှင့် အားကစားဝန်ကြီးဌာနတို့ နှစ်နိုင်ငံကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ကျင်းပသည်။




အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီး H.E. Mrs. Sengdeuane LACHANTHABOUNE တို့သည် နှစ်နိုင်ငံကြား ပညာရေးနယ်ပယ်တွင် ဖွံ့ဖြိုးတိုးတက်ခြင်း၊ ချစ်ကြည်ရေးခိုင်မြဲခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအတွက် ဆောင်ရွက်မည့်ပညာရေးလုပ်ငန်းများကို သဘောတူညီသည့် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပညာရေးနှင့်အားကစားဝန်ကြီးဌာန ဝန်ကြီး H.E.Mrs. Sengdeuane LACHANTHABOUNE နှင့်အဖွဲ့သည် ကျောက်မျက်ရတနာပြတိုက်သို့ လည်းကောင်း၊ နေပြည်တော် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ လည်းကောင်း သွားရောက် လှည့်လည်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအတွက် ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲ သီပေါ၌ ကျင်းပ

**သီပေါ ဇန်နဝါရီ ၃၀**

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ရှမ်းလူမျိုးများ၏ ဆန္ဒသဘောထားကို ထည့်သွင်းဆွေးနွေးနိုင်ရေးအတွက် ရှမ်းအမျိုးသားအဆင့် နိုင်ငံရေးအကြိုဆွေးနွေးပွဲကို ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆွေးနွေးပွဲဖြစ်မြောက်ရေးတာဝန်ခံ ဦးစိုင်းခမ်းကျော်(ကျောက်မဲ)က နိုင်ငံရေးအကြို ဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဦးစိုင်းရှောင်ဟန်(လွယ်တိုင်းလိုင်း)က ငြိမ်းချမ်းရေးကိစ္စရပ်များကိုလည်းကောင်း၊ ဦးစိုင်းခမ်းအောင်(နမ့်လန်)က ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာများကိုလည်းကောင်း၊ ဦးစိုင်းသိန်းမောင်(မိုးကုတ်)က ဒေသန္တရ ဖွံ့ဖြိုးရေးကိစ္စရပ်များကိုလည်းကောင်း၊ ဒေါ်နန်းမိုး(ကျောက်မဲ)က ပြန်လည်ထူထောင်ရေးနှင့် လူမှုရေးကိစ္စများကိုလည်းကောင်း၊ ဦးစိုင်းဟင်ဆိုင်(မိုင်းခေး)က လုံခြုံရေးရာကိစ္စရပ်များကိုလည်းကောင်း ဦးဆောင်ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များက မိမိတို့၏ ဆန္ဒသဘောထားများကို အကြံပြုဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ သီပေါမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၇၆ အုပ်စုမှ တိုင်းရင်းသားကိုယ်စားလှယ် ၅၀၀ ကျော်ခန့် တက်ရောက်ကြကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# အမေရိကန် ပြည်ဝင်ခွင့်ပိတ်ပင်သည့် ထရန့်၏အမိန့်နှင့်ပတ်သက်ပြီး ဆန္ဒပြမှုများဖြစ်ပွား

**ဝါရှင်တန် ဇန်နဝါရီ ၃၀**

အရှေ့အလယ်ပိုင်းနှင့် အာဖရိက ဒေသရှိ နိုင်ငံပေါင်းခုနစ်နိုင်ငံမှ နိုင်ငံသားများ အမေရိကန်နိုင်ငံသို့ လာရောက်မှုကို ပိတ်ပင်တားမြစ်သည့် သမ္မတဒေါ်နယ်လ်ထရန့်၏ အမိန့်ကို ဆန့်ကျင်သည့်ဆန္ဒပြပွဲများ အမေရိကန်နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများတွင် ဖြစ်ပွားလျက်ရှိသည်။



ဝါရှင်တန်မြို့တော်ရှိ အိမ်ဖြူတော်ရှေ့တွင် တနင်္ဂနွေနေ့က လူပေါင်းများစွာ ဆန္ဒပြခဲ့သည်။ ဆန္ဒပြသူများတွင် အီရန်နိုင်ငံသားအချို့အပါအဝင် လူ ၂၀၀၀ ခန့်ရှိသည်ဟု ဆန္ဒပြပွဲဦးဆောင်သူများက ပြောကြားသည်။ အီရန်နိုင်ငံသည် အမေရိကန်နိုင်ငံသို့ မဝင်ရောက်ရန် ထရန့် တားမြစ်ထားသည့် ခုနစ်နိုင်ငံတွင် ပါဝင်သည်။

ဆန္ဒပြသူများက 'ဒုက္ခသည်များကို ထောက်ခံပါ' ဟူသော ဆိုင်းဘုတ်များကိုင်ဆောင်ပြီး 'ပြည်ပမှဝင်ရောက်လာသူတွေကိုကြိုဆိုပါတယ်'ဟု အော်ဟစ်ခဲ့ကြသည်။ အသက် (၃၆) နှစ်ရှိအမျိုးသမီးတစ်ဦးက အီရန်နိုင်ငံတွင်ရှိသည့် ၎င်း၏ ညီမဖြစ်သူကို အစိမ်းရောင်ကတ်ဟု လူသိများသည့် အမြဲတမ်းနေထိုင်ခွင့်လျှောက်ရန် စနေနေ့က ဖုန်းဆက်သွယ်ပြောဆိုချိန်တွင် ညီမဖြစ်သူ ငိုနေသည်ဟု ပြောကြားသည်။ ထရန့်၏အမိန့်သည် မိသားစုများ တကွဲတပြားစီ ဖြစ်စေသကဲ့သို့ အမေရိကန်နိုင်ငံကိုလည်း သီးခြားနိုင်ငံတစ်ခုအဖြစ် ပြောင်းလဲသွားစေကြောင်း ၎င်းက ပြောကြားသည်။ ဆန္ဒပြမှုများသည် နယူးယောက်မြို့၊ ဘော့စတွန်မြို့နှင့် အခြားမြို့ကြီးများတွင်လည်း ဖြစ်ပွားလျက်ရှိသည်။

အမေရိကန်နိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသူ သို့မဟုတ် နိုင်ငံခုနစ်နိုင်ငံနှင့် အခြားနိုင်ငံတစ်နိုင်ငံဖြင့် နိုင်ငံသားနှစ်ခုဖြစ်နေသူများကို အမေရိကန်နိုင်ငံသို့ ဝင်ရောက်မှုတားမြစ်ပိတ်ပင်ခံရသည်ဟု အမေရိကန် သတင်းမီဒီယာများက ဖော်ပြသည်။

မကြာသေးမီက အမေရိကန်နိုင်ငံတွင် အမြဲတမ်းနေထိုင်ခွင့်ရရှိထားသည့် အီရန်သုတေသီတစ်ဦးသည် နိုင်ငံတကာကွန်ဖရင့်တစ်ခု တက်ရောက်ပြီး ပြန်လာသည့်အခါတွင် ဘော့စတွန်လေဆိပ်၌ ထိန်းသိမ်းခံခဲ့ရသည်။

အမေရိကန်နိုင်ငံသို့ ဝင်ရောက်ရန် ပိတ်ပင်ခံရသည့် ခုနစ်နိုင်ငံဖြစ်သော အီရတ်၊ အီရန်၊ လစ်ဗျား၊ ဆိုမာလီယာ၊ ဆူဒန်၊ ဆီးရီးယားနှင့် ယီမင်နိုင်ငံတို့မှ နိုင်ငံသားများသည် အမေရိကန်လေဆိပ်များတွင် ထိန်းသိမ်းခံထားရပြီး ယင်းနိုင်ငံသားများသည် ကမ္ဘာတစ်ဝန်းရှိ လေဆိပ်များတွင်လည်း အမေရိကန်သို့ သွားမည့်လေကြောင်းလိုင်းများတွင် လိုက်ပါစီးနင်းခွင့်မရ ဖြစ်နေကြသည်။

**အင်န်အိတ်ချ်ကေ။**

# အကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ရိုမေးနီးယားအစိုးရ၏ အဆိုပြုချက် ပြည်သူတို့ကန့်ကွက်

**ဘူခါရက် ဇန်နဝါရီ ၃၀**

ရိုမေးနီးယားနိုင်ငံ၏ အကျဉ်းသား ထောင်ပေါင်းများစွာအား ပြစ်ဒဏ်ကျခံရခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အစိုးရအဖွဲ့၏ အဆိုပြုချက်ကို သိန်းနှင့်ချီသော ပြည်သူများက ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အကျဉ်းသား ထောင်ပေါင်းများစွာကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကြိုးပမ်းချက်များ ထိခိုက်နိုင်သည်ဟု ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

ရိုမေးနီးယားနိုင်ငံ မြို့တော်နှင့် မြို့ကြီးများ၌ ကန့်ကွက်ဆန္ဒပြမှုများတွင် ပြည်သူများအလုံးအရင်းဖြင့် အင်အားပြ ပါဝင်ခဲ့ကြသည်။ ဘူခါရက်မြို့ရှိ တက္ကသိုလ်ရင်ပြင်သို့ ဆန္ဒပြသူများ စုဝေးရောက်ရှိခဲ့ကြပြီး ယင်းနောက်တွင် အစိုးရအဖွဲ့၏ ပင်မရုံးများတည်ရှိရာ အောင်ပွဲရင်ပြင်သို့ စုဝေးချီတက်ကာ ဆန္ဒပြခဲ့ကြသည်။

အကျဉ်းထောင်များ၌ အကျဉ်းသားဦးရေ အဆမတန်များပြားနေမှုကို လျှော့ချရန်ဟုဆိုကာ အစိုးရအဖွဲ့က အကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမည့် အရေးပေါ်အမိန့်ထုတ်ပြန်ရန် စီစဉ်ထားသည်ဟု ဝန်ကြီးချုပ် ဆိုရင် ဂရင်ဒါနူးက ပြောကြားခဲ့သည်။

အာဏာရပါတီနှင့် မဟာမိတ်ပြုထားသူများ အနေဖြင့် အဂတိလိုက်စားမှုဖြင့် ပြစ်ဒဏ်ကျခံနေရခြင်းမှ ပြန်လည်လွတ်မြောက်လာစေရန် ဝန်ကြီးချုပ် ဂရင်ဒါနူးက ဆောင်ရွက်ခြင်းဖြစ်သည်ဟု ဝေဖန်မှုများ ပေါ်ထွက်ခဲ့သည်။

ဝန်ကြီးချုပ်ဂရင်ဒါနူး၏ အဆိုပြုချက်တွင် ဘဏ္ဍာရေးအရ ထိခိုက်နစ်နာမှု ဒေါ်လာ ၄၇၈၀၀ အောက်သာရှိသည့် အာဏာအလွဲသုံး ကိုယ်ကျိုးရှာမှုများကို ဥပဒေချိုးဖောက်သည့်လုပ်ရပ်အဖြစ် သတ်မှတ်ခြင်းမပြုရန် ဖော်ပြထားသည်။

ရိုမေးနီးယားနိုင်ငံ၌ အဂတိလိုက်စားမှုစွဲချက်ဖြင့် စုံစမ်းစစ်ဆေးလျက်ရှိသော အမှုအရေအတွက်၏ သုံးပုံတစ်ပုံမှာ အာဏာအလွဲသုံးမှုဖြစ်သည်။ အာဏာရလက်ဝဲယိမ်း ဆိုရှယ်ဒီမိုကရက်များ၏ ခေါင်းဆောင် လီဗူဒရက်နီယာမှာ ယခုအခါ အာဏာအလွဲသုံးမှုဖြင့် ရုံးတင်စစ်ဆေးခြင်းခံနေရသည်။ ဒရက်နီယာသည် ၂၀၁၂ ခုနှစ် လူထုဆန္ဒခံယူပွဲတွင် မဲ မသမာပြုမှုဖြင့် ဆိုင်းငံ့ပြစ်ဒဏ် ထောင်ဒဏ်နှစ်နှစ် ချမှတ်ခံထားရသူလည်းဖြစ်သည်။

တရားရေးဝန်ကြီးရာထူးမှ နုတ်ထွက်ပေးရန် ဆန္ဒပြသူများက တောင်းဆိုခဲ့ကြသည်။

ရာဇဝတ်ပြစ်မှုအချို့ကို ကျူးလွန်မှုဖြင့် ထောင်ဒဏ်ငါးနှစ်အောက် ချမှတ်ခံရသူများ လွတ်ငြိမ်းချမ်းသာခွင့် ခံစားနိုင်ရန်လည်းကောင်း၊ အသက် (၆၀) ကျော် အကျဉ်းသားအားလုံးကို ၎င်းတို့ချမှတ်ခံထားရသော ပြစ်ဒဏ်၏ထက်ဝက်သို့ လျှော့ချပေးရန်လည်းကောင်း အစိုးရက အဆိုပြုခဲ့ခြင်းအတွက် နိုင်ငံတစ်ဝန်းတွင် ပြည်သူများ ကန့်ကွက်ဆန္ဒပြကြသည်။

**ရိုက်တာ။**



## ပြင်ဆင်ဖတ်ရှုပါရန်

ဇန်နဝါရီ ၃၀ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၄)တွင် ဖော်ပြခဲ့သော 'သမ္မတ ထရန့်နှင့် ဝန်ကြီးချုပ် ပူတင် အိုင်အက်စ်အကြမ်းဖက်အဖွဲ့ကို အမြစ်ပြတ်ချေမှုန်းမည်' သတင်းခေါင်းစဉ်နှင့် စာကိုယ်ထဲတွင် ပါရှိသော "ဝန်ကြီးချုပ် ပူတင်" အစား " သမ္မတ ပူတင်" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(ဘာသာပြန်စာတည်း)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းများကို ဆိုင်းငံ့ထားမည်ဟု ဖိလစ်ပိုင်ရဲချုပ်ပြော

**မနီလာ ဇန်နဝါရီ ၃၀**

အကျင့်ပျက်ခြစားသူ ရဲတပ်ဖွဲ့ဝင်များအား သန့်စင်မှုပြုလုပ်ပြီးချိန်အထိ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းများကို ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်ရဲချုပ် ရော်နယ်ဒယ်လာရိုဆာ**(အောက်ပုံ)**က ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇန်နဝါရီ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖိလစ်ပိုင်ရဲတပ်ဖွဲ့သည် အူတိုင်အထိ ခြစားလျက်ရှိကြောင်း သမ္မတ ရိုဒရီဂို ဒူတာတေးက ပြင်းပြင်းထန်ထန် ပြောကြားခဲ့ပြီးနောက် အကျင့်ပျက်ခြစားလျက်ရှိသော မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ရဲတပ်ဖွဲ့ယူနစ်များကို ပြင်ဆင်ဖွဲ့စည်းမည်ဖြစ်ကြောင်း ရဲချုပ် ဒယ်လာရိုဆာက ပြောကြားသည်။

ရဲတပ်ဖွဲ့ဝင် အင်အား၏ ၄၀ ရာခိုင်နှုန်းခန့်မှာ အကျင့်ပျက်ခြစားမှုများ ရှိနေသည်ဟု ခန့်မှန်းရကြောင်း သမ္မတ ဒူတာတေးက ပြောကြားသည်။ တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို မူးယစ်ဆေးဝါး တိုက်ဖျက်ရေးရဲတပ်ဖွဲ့က ပြန်ပေးဆွဲကာ သတ်ဖြတ်ခဲ့သည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့ပြီးနောက် သမ္မတဒူတာတေးက ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတကာ၏ ဝေဖန်ချက်များ ရှိနေလင့်ကစား ၂၀၂၂ ခုနှစ်တွင် မိမိ၏ သမ္မတရာထူးသက်တမ်းကုန်ဆုံးချိန်အထိ ယင်းလုပ်ငန်းကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ဒူတာတေးက အလေးအနက် ပြောကြားသည်။

မူးယစ်ဆေးဝါး တိုက်ဖျက်ရေးစစ်ဆင်ရေးလုပ်ငန်းကို တစ်လအတွင်း ပြန်လည်စတင်နိုင်မည်ဟု မိမိမျှော်လင့်ကြောင်း ရဲချုပ်က ပြောကြားသည်။ လောလောဆယ်တွင် မူးယစ်ဆေးဝါးနှိမ်နင်းရေးတပ်ဖွဲ့ယူနစ်များရှိ အကျင့်ပျက်ခြစားသော တပ်ဖွဲ့ဝင်များကို ရှင်းလင်းမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ရိုက်တာ။**



# အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့ကို တရုတ်နိုင်ငံ စူးစမ်းလေ့လာမည်

**ပေကျင်း ဇန်နဝါရီ ၃၀**

တရုတ်နိုင်ငံသည် အာကာသအတွင်းရှိ ဂြိုဟ်များအား နက်ရှိုင်းစွာ စူးစမ်းလေ့လာမည့် အစီအစဉ်အရ အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေး အာကာသခရီးစဉ်နှစ်ရပ်နှင့် ကြာသပတေးဂြိုဟ် လေ့လာစူးစမ်းရေး အာကာသခရီးစဉ်တစ်ရပ်တို့ကို ပြုလုပ်သွားမည်ဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေး ပထမဆုံး အာကာသခရီးစဉ်ကို ၂၀၂၀ ပြည့်နှစ်ထက် နောက်မကျဘဲ ပြုလုပ်မည်ဖြစ်ကြောင်း တရုတ်အမျိုးသား အာကာသရေးရာ စီမံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝူရန်ဟွာက ပြောကြားသည်။

အင်္ဂါဂြိုဟ် လေ့လာစူးစမ်းရေး ဒုတိယအကြိမ် အာကာသခရီးစဉ်တွင် အဆိုပါဂြိုဟ်ပေါ်မှ မြေသားနမူနာများယူဆောင်လာပြီး သုတေသနပြုမည်ဖြစ်ကြောင်း ဝူက ပြောကြားသည်။

တရုတ်နိုင်ငံသည် ဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်လုံးကိုလည်း လေ့လာသွားမည်ဖြစ်ကြောင်း၊ ကြာသပတေးဂြိုဟ်၏ နံဘေးမှ အနီးကပ်ဖြတ်ကျော်ပျံသန်းကာ စူးစမ်းလေ့လာသွားမည်ဖြစ်ကြောင်း ဝူက ပြောကြားသည်။

အာကာသဆိုင်ရာ စက်မှုလုပ်ငန်းများခေတ်မီတိုးတက်ရေးနှင့် အာကာသဆိုင်ရာ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ဆောင်ခြင်းမှတစ်ဆင့် ၂၀၃၀ ပြည့်နှစ် ဝန်းကျင်တွင် အာကာသနည်းပညာဆိုင်ရာ အင်အားကြီးနိုင်ငံအဖြစ် ရပ်တည်ရန် တရုတ်နိုင်ငံက ရည်မှန်းထားသည်။

**ဆင်ဟွာ။**

# မဟာဇယမေဒနီရာပြည့်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကျင်းပ

**စစ်ကိုင်း ဇန်နဝါရီ ၃၀**

စုဒ္ဒသမရွှေကျင်သာသနာပိုင် ဇယမေဒနီဝါဆိုဆရာတော် ဦးအဂ္ဂိယ၏ သက်တော် (၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ်တည်ထားသည့် မဟာဇယမေဒနီရာပြည့်စေတီတော် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာနှင့် ရေစက်ချမင်္ဂလာ အခမ်းအနားကို ဆရာတော်ကြီး၏ ဇာတိစစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် လင်းယဉ်ကျေးရွာတွင် ဇန်နဝါရီ ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရုရွှေကျင်နိကာယ တွဲဖက်သာသနာပိုင် သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)၏ ဇနီး ဒေါ်သန်းသန်းနွယ်၊ ဘုရား ဒါယကာ ဒါယိကာမများဖြစ်သည့် ဦးရန်အောင် ဇနီး သုဓမ္မသီဂီ၊ ဒေါ်ရင်ရွှင် (သာသနာ့ဥပထမ္ဘကပုညမဟာတ္တဝိသိဋ္ဌ) NEW STAR Gem's & Jewellery မိသားစုတို့က သတ်မှတ်နေရာများတွင် ထန်းပင်နှင့် အုန်းပင်များကို မင်္ဂလာအချိန်၌ စိုက်ပျိုးပေးခဲ့ကြပြီး မြေဆီနှင့် ရေစင် ရေသန့်များ သွန်းလောင်းခြင်း၊ အမွှေးနံ့သာရည်များဖြင့် ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ထိုင်းနိုင်ငံ သာသနာ့ရာဇာကျောင်းထိုင်ဆရာတော်က ဝါဆိုဆရာတော်ဘုရားကြီးအား ဆက်ကပ်လှူဒါန်းသော ဘွဲ့တံဆိပ်တော်ကို သံဃာဆရာတော်ကိုယ်စား ဒေါက်တာဘွန်းချိုင်းက လှူဒါန်းရာ ဆရာတော်ကြီးကိုယ်စား ဇယမေဒနီအရှင်နန္ဒိယက လက်ခံခဲ့သည်။

ဆက်လက်ပြီး ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာသော ဧည့်ပရိသတ်များကို နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံသည်။ ညနေပိုင်းတွင် ပင့်ဖိတ်ထားသော ရဟန်းသံဃာတော်အပါး ၁၆၀ နှင့် သီလရှင် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဒါန်းဖွယ်ပစ္စည်းများ လောင်းလှူခြင်း၊ ညပိုင်းတွင် ထိုင်း-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ဆီမီးငါးထောင် ထွန်းညှိပူဇော်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်းများကို ဆက်လက်ကျင်းပကြောင်း သိရသည်။

အဆိုပါ ရာပြည့်စေတီတော်ကြီး တည်ဆောက်ရာတွင် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာတွင်သာရှိပြီး မြန်မာနိုင်ငံတွင် မြင်တွေ့ရလေ့မရှိသော စေတီတော်ပုံသဏ္ဌာန်အား တည်ဆောက်ရန် သီတဂူဆရာတော်က လမ်းညွှန်မှာကြားခဲ့ပြီး မြန်မာမှုအနုပညာရှင် တမ္ပဝတီဦးဝင်းမောင်က ပုံစံထုတ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

စေတီတော်တည်ဆောက်နေမှုကို ထိုင်းနိုင်ငံမှ ရုပ်သံအစီအစဉ်တစ်ခုက အခမ်းအနား ပြီးစီးသည်အထိ ရိုက်ကူးခဲ့ပြီး ထိုင်းနိုင်ငံတွင် ဓမ္မအစီအစဉ်တစ်ရပ်အနေဖြင့် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့ပြုလုပ်သော ရေစက်ချအခမ်းအနားသို့ အနီးဝန်းကျင်သာမက ထိုင်းနိုင်ငံမှ ဆရာတော်များနှင့် ဒါယကာ ဒါယိကာမများ၊ လားဟူ၊ ပလောင် အစရှိသည့် ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားများလည်း တက်ရောက်ကြည်ညိုပြီး ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**သတင်း-အေးမြ(မန္တလေး)**
**ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ပွား)**



# ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ နှလုံးသွေးကြောကျဉ်းရောဂါ လူနာများအား နှလုံးသွေးကြောထောက် ကိရိယာထည့် ကုသခြင်းဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများနှင့် စဉ်ဆက်မပြတ် ဆေးပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဂျပန်နိုင်ငံရှိ Rakuwakai Marutamachi Hospital မှ နှလုံးရောဂါအထူးကုဆရာဝန်ကြီး Dr. Kinzo Ueda နှင့် ဇမ္ဗူသီရိအထူးကုဆေးရုံကြီးမှ နှလုံးရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာသက်ဟိန်း ဦးဆောင်သော အဖွဲ့တို့ ပူးပေါင်း၍ နှလုံးသွေးကြောကျဉ်း ရောဂါဝေဒနာရှင်များကို ရောဂါရှာဖွေခြင်း (Coronary Angiogram)နှင့် နှလုံးသွေးကြောထောက် ကိရိယာ (Stent) ထည့် ကုသခြင်းကို ယနေ့ နံနက်ပိုင်းမှ စတင်ကုသပေးလျက်ရှိသည်။





ယနေ့နံနက်ပိုင်းတွင် နှလုံးသွေးကြောကျဉ်း ရောဂါဝေဒနာရှင်များအား နှလုံးသွေးကြောထောက် ကိရိယာ (Stent) ထည့် ကုသပေးနေမှုများကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင် (၁) ဦးအေးမြင့်နှင့် တာဝန်ရှိသူများက အထူးကုဆရာဝန်ကြီးများနှင့် လူနာရှင်များအား လာရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများဖြင့် နှလုံးသွေးကြောကျဉ်းရောဂါဆိုင်ရာကုသမှု ပဉ္စမအကြိမ်မြောက်အဖြစ် ဇန်နဝါရီ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ကုသမှုခံယူမည့် ဝေဒနာရှင် ၁၁ ဦးအနက် ယနေ့တွင် ခြောက်ဦးအား အောင်မြင်စွာ ကုသပေးခဲ့ပြီး ကျန်ရှိသည့် ဝေဒနာရှင်များအား မနက်ဖြန်တွင် ဆက်လက်ကုသပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတကာမှ အထူးကုဆရာဝန်ကြီးများအပြင် ဇမ္ဗူသီရိ အထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးနှင့် အဖွဲ့တို့ဖြင့်လည်း နှလုံးသွေးကြောကျဉ်း ရောဂါဝေဒနာရှင်များ ကုသမှုခံယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စိတ်ကျန်းမာရေးဆေးရုံကြီးရှိ လူနာများအတွက် ဆန်အိတ်များလှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ရန်ကုန်မြို့ စိတ်ကျန်းမာရေးဆေးရုံကြီးရှိ လူနာများအတွက် ဆန်အိတ်ပေါင်း ၂၁၀ လှူဒါန်းပွဲကို စိတ်ကျန်းမာရေးဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းပွဲ၌ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ဆန်အိတ်များကို စိတ်ကျန်းမာရေးဆေးရုံကြီး၏ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းသင်းအေးထံ ပေးအပ်ခဲ့ရာ ဆေးရုံအုပ်ကြီးက ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးမြင့်က ဆန်အိတ်လှူဒါန်းသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ပြီး စိတ်ကျန်းမာရေးဆေးရုံကြီး၏ ဆေးရုံအုပ်ကြီးက အလှူရှင်များအား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကာ အဆိုပါစိတ်ကျန်းမာရေးဆေးရုံကြီးရှိ လူနာများအတွက် ဆန်အိတ် ၂၀၀ လှူဒါန်းပွဲကို တိုင်းဒေသကြီး မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့မှ တာဝန်ရှိသူများ၊ စိတ်ကျန်းမာရေးဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**စိုးဝင်း(MLA)**

# မယ်စကြာဝဠာပြိုင်ပွဲတွင် အကောင်းဆုံး နိုင်ငံကိုယ်စားပြုဝတ်စုံဆု ရယူနိုင်ခဲ့သူ အလှမယ်ထက်ထက်ထွန်း ယနေ့ညပိုင်းတွင် ပြန်လည်ရောက်ရှိမည်

**ရန်ကုန် ဇန်နဝါရီ ၃၀**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပသည့် မယ်စကြာဝဠာပြိုင်ပွဲတွင် အကောင်းဆုံး နိုင်ငံကိုယ်စားပြုဝတ်စုံဆုကို ရယူနိုင်ခဲ့သူ မြန်မာကိုယ်စားပြုအလှမယ် ထက်ထက်ထွန်းသည် ဇန်နဝါရီ ၃၁ ရက် ညပိုင်းတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဟု Miss Universe Myanmar အဖွဲ့အစည်းမှ သိရသည်။

အလှမယ်ထက်ထက်ထွန်းသည် ဇာတ်ခုံပေါ်တွင် လိုက်ကာဖွင့်လိုက်သည်နှင့် နောက်ခံပန်းချီကားပေါ်လာပြီး သစ်ပင်တွင် ချိတ်ထားသည့် ရုပ်သေးရုပ်လေး ကနေသည့်ဟန်ဖြင့် ရရှိသည့် အချိန်တစ်မိနစ်ခန့်တွင် သရုပ်ပါအောင် ဖျော်ဖြေတင်ဆက်ခဲ့သည်။ နိုင်ငံကိုယ်စားပြုဝတ်စုံသည် မြန်မာ့ရိုးရာအငွေ့အသက်များပါဝင်သည့် အမြင့်ရုပ်သေးသဘင်ကို ပေါ်လွင်စေမည့် ဒီဇိုင်းဖြင့် ဖန်တီးချုပ်လုပ်ထားခြင်းဖြစ်ပြီး နောက်ခံပန်းချီကားသည် မြန်မာနိုင်ငံ၏ အထင်ကရနေရာဖြစ်ပြီး နိုင်ငံခြားသားစိတ်ဝင်စားမှုအများဆုံးရှိသည့် ရွှေတိဂုံစေတီတော်နှင့် ပုဂံယဉ်ကျေးမှုနေရာများကို ရေးဆွဲထားသည်။ နိုင်ငံပေါင်း ၈၀ ကျော်မှ အလှမယ်များစွာ လာရောက်ယှဉ်ပြိုင်သည့် ယင်းမယ်စကြာဝဠာပြိုင်ပွဲတွင် သက်ဆိုင်ရာနိုင်ငံအလိုက် ကိုယ်စားပြု ဝတ်စုံများသည် သူ့ထက်ငါ ဆန်းသစ်လှပသော်လည်း မြန်မာကိုယ်စားပြုအလှမယ်သည် နိုင်ငံကိုယ်စားပြုဝတ်စုံဆုကို ရယူနိုင်ခဲ့သည်။

"ထက်ထက်အတွက် ကျွန်တော်ဝမ်းသာတာထက်ကို ဂုဏ်ယူပါတယ်။ ကိုယ့်မြန်မာမယ်ကို သတိထားမိသွားစေနိုင်တဲ့ဆုတစ်ဆုဖြစ်တာမို့ ကျေးဇူးအများကြီးတင်တယ်။ ဝမ်းလည်းသာတယ်။ မြန်မာနိုင်ငံရဲ့ ရုပ်သေးက ဒီလိုမျိုးပါလားဆိုပြီး ခရီးသွားဈေးကွက်ကို မြှင့်တင်နိုင်သလိုမျိုး ခံစားရတဲ့အတွက်လည်း ကျေနပ်တယ်။ ပြီးတော့ နိုင်ငံတကာ စာမျက်နှာတွေမှာကော ပရိသတ်ကပါ တစ်ခဲနက် အားပေးတာကို တွေ့ရတော့ ကျွန်တော့်ရည်ရွယ်ချက် ပြည့်စုံရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ မနက်ဖြန် လေဆိပ်မှာ ထက်ထက်ကို ကြိုဖို့ ကျွန်တော်လည်း ရှိနေမှာပါ"ဟု နိုင်ငံကိုယ်စားပြုဝတ်စုံ ဖန်တီးချုပ်လုပ်ပေးခဲ့သူ ဒီဇိုင်နာ Gam Htoi Lazing က ပြောသည်။

(၆၅) ကြိမ်မြောက် မယ်စကြာဝဠာပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက်က ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် ကျင်းပခဲ့ရာ နိုင်ငံပေါင်း ၈၀ ကျော်မှ အလှမယ်များ လာရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြင်သစ်အလှမယ် Iris Mittenaere က ၂၀၁၆ ခုနှစ် မယ်စကြာဝဠာသရဖူကို ဆွတ်ခူးသွားခဲ့သည်။

မယ်စကြာဝဠာပြိုင်ပွဲကို အမေရိကန်ပြည်ထောင်စုတွင် ၁၉၅၂ ခုနှစ်မှ စတင်ခဲ့ပြီး မြန်မာနိုင်ငံမှ ၁၉၅၈၊ ၁၉၅၉၊ ၁၉၆၀ ပြည့်နှစ်တို့တွင် အလှမယ်များ သွားရောက်ယှဉ်ပြိုင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် သွားရောက်ယှဉ်ပြိုင်ခဲ့သူ ဒေါ်မြင့်မြင့်မေ (ကွယ်လွန်)သည် Miss Congeniality ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။ နှစ်ပေါင်း ၅၀ ကျော်ကြာ Miss Universe ပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်ခြင်း မရှိတော့ဘဲ ၂၀၁၃ ခုနှစ်မှ Miss Universe Myanmar အဖွဲ့အစည်း၏ မြန်မာကိုယ်စားပြုအလှမယ် မိုးစက်ဝိုင်က မော်စကိုမြို့တွင် ကျင်းပသည့် (၆၂) ကြိမ်မြောက် မယ်စကြာဝဠာပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရာမှ Miss Universe လောကအတွင်းသို့ တစ်ဖန်ခြေချလာနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ၂၀၁၄ ခုနှစ်တွင် အလှမယ် သျှားထွဋ်အိန္ဒြာ၊ ၂၀၁၅ ခုနှစ်တွင် အလှမယ် မေဘရဏီသော်တို့က အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ယခုနှစ်တွင် အလှမယ် ထက်ထက်ထွန်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး လေးနှစ်အတွင်း နိုင်ငံကိုယ်စားပြုဝတ်စုံဆုဖြင့် ပထမဆုံး ဆုရရှိခဲ့ခြင်းဖြစ်သည်။ **(ခင်ဇာလီ)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက နှုတ်ခွန်းဆက်စကားပြောကြားရာ၌ ယနေ့စတင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကာလတွင် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော် အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ တာဝန်များနှင့်အညီ နိုင်ငံတော်အတွက်မဖြစ်မနေ ဆောင်ရွက်ပေးရမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးညှိနှိုင်းဆုံးဖြတ်အတည်ပြုပေးကြရမည်ဖြစ်သည့်အတွက် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း သတ်မှတ်လျာထားသည့် အချိန်အလိုက် ဦးစားပေးဆောင်ရွက်ကြရမည့် အစည်းအဝေးကာလတစ်ရပ်ဖြစ်ပါကြောင်း။

ထို့ကြောင့် ကိုယ်စားလှယ်များအနေဖြင့် ယခင်ပုံမှန်အစည်းအဝေးကာလများထက် ပိုမိုများပြားသည့် အလုပ်တာဝန်များနှင့် ကြုံတွေ့ကြရမည်ဖြစ်ပါကြောင်း၊ ဤလုပ်ငန်းတာဝန်များကို အချိန်မီအောင်မြင်စွာ ပြီးမြောက်နိုင်ရန်အတွက် အလုပ်၏အရေးကြီးမှုအပေါ် မူတည်၍ အချိန်ကို အကျိုးရှိသည်ထက်ရှိအောင် စနစ်တကျ စီမံအသုံးပြုနိုင်ရန်နှင့် အားလုံးကလည်း သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများအတိုင်း ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း။

ထို့ကြောင့် သက်ဆိုင်သူအားလုံးက စေတနာမှန်၊ လုပ်နည်းလုပ်ဟန် မှန်ကန်စွာဖြင့် အားထုတ်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားလိုကြောင်း၊ အထက်ပါဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး ဥပဒေဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာနှင့် ငွေကြေးဆိုင်ရာ သုံးသပ်ချက် အစီရင်ခံစာများတင်သွင်းကြရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်းများ၌ပါဝင်သည့် စီမံကိန်းလုပ်ငန်းများနှင့် ရငွေသုံးငွေများ စိစစ်ရေးပူးပေါင်းအဖွဲ့ကိုလည်း ယခင်ဖွဲ့စည်းမှုကိုအခြေခံပြီး အဖွဲ့(၁၇)ဖွဲ့ ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့က ချမှတ်ဆောင်ရွက်နေသည့် လုပ်ငန်းစီမံကိန်းများ အမြန်အကောင်အထည်ဖော်နိုင်ရန်နှင့် ရရှိလာသည့် အကျိုးကျေးဇူးများကို ပြည်သူများလက်ငင်းရေရှည်ခံစားနိုင်ရန်အတွက် ရည်မှန်းချက်ထားပြီး အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လေ့လာစိစစ်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးများ တိုးတက်လာရန်အတွက် လွှတ်တော်ကိုတင်ပြလာသည့် စီမံကိန်းများသည် ပြည်သူအများစုကို ဗဟိုပြု မပြုကိုလည်း ဝိုင်းဝန်းစဉ်းစားအဖြေရှာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။



ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့ပြင် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့က တင်သွင်းလာသည့် အမျိုးသားစီမံကိန်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးအတည်ပြုပြီးသည့်အခါ အဆိုပါစီမံကိန်းဥပဒေနှင့် ယခုနှစ်အတွက် အခွန်အခကောက်ခံမှုနှုန်းထားများ သတ်မှတ်ချက်များနှင့် အညီ ရေးဆွဲထားသည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းကို လက်တွေ့ဆောင်ရွက်ရမည့် စီမံကိန်းဥပဒေနှင့် ကိုက်ညီမှုရှိ မရှိကို ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆွေးနွေးပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရမည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါသည် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားပြည်သူများအပေါ် မှန်ကန်သည့် စိတ်ရင်းစေတနာထားရှိပြီး အမြော်အမြင် ကြီးမားစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်မှု အရည်အချင်းများကို မှတ်ကျောက်တင်ခံရမည့် အချိန်လည်း ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့၏ မှန်ကန်သည့် စိတ်ကောင်းစေတနာဖြင့် အရည်အချင်းများကို အသုံးပြုပြီး ပြည်ထောင်စုကြီးအကျိုးစီးပွားအတွက် ပူးပေါင်းဆောင်ရွက်နိုင်ကြစေလိုကြောင်း၊ မိမိတို့ နိုင်ငံတော်နှင့် နိုင်ငံသားများသာမက နိုင်ငံတကာက အလေးထားသည့် ဥပဒေပြုလွှတ်တော်အသီးသီးအဖြစ် ရပ်တည်နိုင်စေရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အားလုံးက သန့်ရှင်းသည့် စေတနာ၊ မှန်ကန်သည့် လုပ်နည်းလုပ်ဟန်များဖြင့် မိမိတို့၏ ကိုယ်စီတာဝန်ကျေပွန်မှုများကို ထုတ်ဖော်ပြသနိုင်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည့် (၇)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ထိပ်သီးအစည်းအဝေးနှင့် (၈)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ထိပ်သီးအစည်းအဝေးခရီးစဉ်နှင့် ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်နတ်ရွာစံခြင်းအတွက် ကျင်းပသည့် ဝမ်းနည်းကြောင်းအထိမ်းအမှတ် တရားဝင်အခမ်းအနားသို့ တက်ရောက်ခဲ့သည့်ခရီးစဉ်များကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် လွှတ်တော်နာယကက "သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကြမ်း"ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းနှင့် ပြည်ထောင်စုလွှတ်တော် နိုင်ငံတကာပါလီမန်များအဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီဥက္ကဋ္ဌအဖြစ် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းဝင်းအား ပြောင်းလဲတာဝန်ပေးအပ်ကြောင်းကို ရှင်းလင်းပြောကြားပြီး လွှတ်တော်၏အဆုံးအဖြတ်ဖြင့် အတည်ပြုသည်။

ပြည်ထောင်စုလွှတ်တော်နာယက က စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ်နှင့် ခန္တီးမြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စုနှင့် ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာတစ်ရွာအမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၊ မြင်းခြံမြို့နယ်၊ တံတားဦးမြို့နယ်၊ မြစ်သားမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ကျောက်ဆည်မြို့နယ်နှင့် မိုးကုတ်မြို့နယ်တို့အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ကျေးရွာ ၁၁ ရွာ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာအုပ်စုအတွင်းရှိ အောင်မင်္ဂလာကျေးရွာကို အောင်မင်္ဂလာမြောက်ရပ်ကွက်အဖြစ် ပြင်ဆင်ဖွဲ့စည်းခြင်းကိစ္စရပ်များကို လွှတ်တော်သို့တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုးက လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များ ပါဝင်သော ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားသည်။

လွှတ်တော်နာယကက ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့်အခွန်ဝင်ငွေ အပြည့်အဝရရှိရေး၊ သင့်တင့်မျှတပြီး ပြည်သူအများ လိုက်နာထမ်းဆောင်နိုင်သော အခွန်နှုန်းထားများဖြစ်စေရေး၊ ပြည်သူအများ အခွန်ဆိုင်ရာ အသိပညာ၊ ဗဟုသုတ တိုးပွားပြီး လိုလားစွာ အခွန်ထမ်းဆောင်လာစေရန် ကြိုးပမ်းဆောင်ရွက်ရေး၊ နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီသော အခွန်စနစ်ဖြစ်ပေါ်လာရေး၊ အခွန်တိမ်းရှောင်မှုများ ပပျောက်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင် အခွန်ဝန်ထမ်းများ၏ စိတ်ထားခံယူချက်၊ လုပ်ဆောင်ချက်များ ပြုပြင်ပြောင်းလဲရေး၊ ဆုပေးဒဏ်ပေးစနစ်ကို ထိရောက်စွာ ကျင့်သုံးဆောင်ရွက်ရေး၊ အခွန်ပညာပေးမှု ပိုမိုလုပ်ဆောင်ရေး၊ နိုင်ငံတကာအဆင့်မီ အခွန်စနစ် ဖြစ်ပေါ်လာစေရေးတို့အတွက် တာဝန်ရှိသည့် ဌာနအဖွဲ့အစည်းများက ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပြီး အခွန်ထမ်းပြည်သူများဘက်ကလည်း မိမိတို့၏ ပုဂ္ဂလိက အကျိုးစီးပွားတစ်ခုတည်းကိုသာ မကြည့်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ အခွန်တာဝန်ကို လိုလားစွာ ထမ်းဆောင်လာကြစေရန် လိုအပ်ပါကြောင်း။

အခွန်ထမ်းများ၏ အခွန်ထမ်းဆောင်မှု၊ အခွန်ဝန်ထမ်းများ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရာတွင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကလည်း ဝိုင်းဝန်းပူးပေါင်းပါဝင်၍ လိုအပ်သည်များကို ဆွေးနွေးအကြံပြုပေးကြပါရန်နှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေမူကြမ်းကို ဆွေးနွေးသုံးသပ်၍ အတည်ပြုပေးနိုင်ပါရန် လွှတ်တော်သို့ တင်သွင်းအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းပါ စီမံကိန်းလုပ်ငန်းများနှင့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းပါ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးနှင့် ပြည်ထောင်စု အစိုးရအဖွဲ့ရုံးတို့ကိုယ်စား ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ပြည်ထောင်စုလွှတ်တော်ရုံးကိုယ်စား ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ရုံးကိုယ်စား ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့က သက်ဆိုင်ရာရုံးအလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ရငွေ၊ သုံးငွေလျာထားချက်များကို လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

**(သတင်းစဉ်)**

## ရေကျော်လမ်းဖောက်လုပ်နေမှုစစ်ဆေး

**မြို့သစ် ဇန်နဝါရီ ၃၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ်အတွင်း၌ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေကျပ် ၁၄ သန်းဖြင့် ရွှေစင်ကျော်ကုမ္ပဏီမှ ဆောင်ရွက်နေသည့် ရေပြည့်-အင်းတော - ဖန်ခါးပင်လမ်းရှိ ရေကျော်လမ်းအရှည်ပေ ၇၀ ဖောက်လုပ်နေမှုကို ဇန်နဝါရီ ၂၀ ရက်က မြို့သစ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဝင်းနှင့် ဝန်ထမ်းများက သတ်မှတ်စံချိန်စံညွှန်းအတိုင်းဆောင်ရွက်ရန် ကုမ္ပဏီမှတာဝန်ရှိသူများနှင့် ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါရေကျော်လမ်း ဖောက်လုပ်ပြီးစီးပါက ကျေးရွာပေါင်း ၁၆ ရွာရှိ လူဦးရေ ၉၈၃၄ ဦးတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး ကဏ္ဍများအတွက် လွယ်ကူအဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဇော် (မကွေး)**

## အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် ဒေလီမြို့၌ ကျင်းပသည့် ဆုချီးမြှင့်ပွဲတက်ရောက်



**နေပြည်တော် ဇန်နဝါရီ ၃၀**

အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်သန်းငွေနှင့်အတူ အိန္ဒိယသမ္မတနိုင်ငံ ဒေလီမြို့ Taj Palace Hotel ရှိ Shahjehan Ballroom တွင် ဇန်နဝါရီ ၂၉ရက် ညနေ ၆ နာရီက ကျင်းပသည့် အိန္ဒိယနိုင်ငံ Sasakawa Leprosy Foundation မှ အိန္ဒိယနိုင်ငံ အနာကြီးရောဂါ ဝေဒနာရှင်များ စုပေါင်းနေထိုင်သည့် ကျေးရွာများမှ ရွာသူရွာသားအချို့အား ဆုချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများ ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် အဆိုတင်သွင်း

**နေပြည်တော် ဇန်နဝါရီ ၃၀**
တင်ဒါအောင်မြင်သော ကန်ထရိုက်တာများအနေဖြင့် လုပ်ငန်းအခြေအနေများကို ပြန်လည်ညှိနှိုင်းခွင့်မရှိပါကြောင်းနှင့် မဖြစ်မနေလုပ်ငန်းများ ပြောင်းလဲဆောင်ရွက်ရန်လိုအပ်မှသာ အဆင့်ဆင့်တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ရမည် ဖြစ်ပါကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

ကြို့ပင်ကောက်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဌေးမင်းသိန်း၏ **"တင်ဒါအောင်မြင်ပြီးသော ကန်ထရိုက်တာ Company များအနေဖြင့် လုပ်ငန်းအခြေအနေများကို ပြန်လည်ညှိနှိုင်းခွင့် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့တွင် ထိုသို့ ရှင်းလင်းဖြေကြားခြင်းဖြစ်သည်။

ယနေ့အစည်းအဝေးတွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ငါးဦးတို့က ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ကာလသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် အလေးထား ကြိုးပမ်းဆောင်ရွက်နေဆဲကာလဖြစ်၍ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဥပဒေပြုရေးမဏ္ဍိုင်ကို ကိုယ်စားပြုကာ ဒီမိုကရေစီစံချိန်စံညွှန်းများနှင့်အညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

လွှတ်တော်များ၏ သဘောသဘာဝအတိုင်း သဘောကွဲလွဲခြင်း၊ အမြင်မတူညီခြင်းများရှိကြသော်လည်း မိမိတို့အားလုံးသည် အမျိုးသားအကျိုးစီးပွားကိုရှေးရှု၍ ဆွေးနွေးညှိနှိုင်းကြပြီး စည်းလုံးညီညွတ်စွာ ဆုံးဖြတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ကြမည့် ခရီးလမ်း၏ အရေးအကြီးဆုံးအရွေ့တစ်ခုဖြစ်သော ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရန်အတွက် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ငြိမ်းချမ်းရေးအတွက်


ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

စုပေါင်းဆွေးနွေး အဖြေရှာနေကြသည့်ကာလတွင် မိမိတို့ ကိုယ်စားလှယ်များအနေဖြင့်လည်း အချင်းချင်း စိတ်ဝမ်းကွဲပြားစေမည့်၊ အထင်အမြင်လွဲမှားစေမည့် အပြုအမူ၊ အပြောအဆိုများကို သတိပြုရှောင်ရှားစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးနှင့် စတုတ္ထပုံမှန်အစည်းအဝေးကြားကာလအတွင်း **ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ပြည်ပခရီးစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များကို ပြည်သူ့လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ ဗြိတိန်နိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်အထိ လာအိုနိုင်ငံသို့ သွားရောက်ခဲ့သည့် လေ့လာရေးခရီးစဉ်များ**ကို အသိပေးခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် မြစ်သားမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ဦးလင်းလင်းကျော်၏ **"မြစ်သားမြို့ ဘေးကပ်လျက်တွင်တည်ထားသော စမာရေလွှဲဆည်အား အပြီးတိုင်ဖျက်သိမ်းပေးရန် အစီအစဉ် ရှိ၊ မရှိ"** မေးခွန်းကို ဒုတိယဝန်ကြီး ဦးလှကျော်က စမာရေလွှဲဆည်သည် မြစ်သားနှင့်ကျောက်ဆည်မြို့နယ်အတွင်းရှိ လယ်မြေဧရိယာ (၂၃၂၄၃) ဧကအား စိုက်ပျိုးရေ လုံလောက်အောင် ပေးဝေနိုင်ခြင်း၊ ဒေသတွင်း မြေအောက်ရေ မြင့်တက်စေခြင်းနှင့် မီးဘေးအန္တရာယ်အတွက် ရေအရန်သင့်ရှိစေခြင်း စသည်ဖြင့် ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမှန်တကယ် အကျိုးပြုလျက်ရှိပြီး နိုင်ငံတော်မှ ဘဏ္ဍာငွေမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးထားသည့် ဆည်မြောင်းနှင့်ရေအသုံးချမှုဆိုင်ရာ ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံတစ်ခုဖြစ်သဖြင့် အပြီးတိုင်ဖျက်သိမ်းရန် အစီအစဉ်မရှိပါကြောင်းနှင့် မိုးစပါးနှင့် နွေစပါးစိုက်ပျိုးရာသီများတွင် ဆည်ရေသောက်စနစ်၏ ရေလှည့်ဇယားအရ စမာရေလွှဲ ဆည် သဲထုတ်ရေတံခါးအား ဖွင့်/ပိတ်စနစ်ဖြင့် လိုအပ်သလို စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားသည်။

ထို့အပြင် ယနေ့အစည်းအဝေးတွင် အိမ်မဲမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာ၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ စေတုတ္တရာ မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်လွင်နှင့် ရပ်စောက်မဲဆန္ဒနယ်မှလွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်မြင့်တို့၏ လမ်း၊ ဆည်၊ ဆည်မြောင်းတာတမံကိစ္စရပ်များအပေါ် ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် သာပေါင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏ **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လွန်ခဲ့သော နှစ် (၈၀) ကျော်ကပင် ပြင်ဆင်သတ်မှတ်ခြင်းမပြုဘဲ စည်းကြပ်ကောက်ခံလျက်ရှိသော မြေခွန်နှုန်းထားများအပြင် ရေခွန်၊ တာတမံခွန်များကိုလည်း ဈေးကွက်စီးပွားရေးနှင့်အညီ ပြောင်းလဲချိန်တန်ပြီဖြစ်၍ နိုင်ငံတော်ရှိ တောင်သူလယ်သမားများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော အခွန်နှုန်းထားများကို ပြင်ဆင်သတ်မှတ်၊ စည်းကြပ်ကောက်ခံရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**ကို တင်သွင်းရာ မြန်အောင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ်က အဆိုအပေါ် ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အဆိုအပေါ် လက်ခံဆွေးနွေးရန် သင့်၊ မသင့် အဆုံးအဖြတ်ရယူရာ၌ လွှတ်တော်က ထောက်ခံသဖြင့် အဆိုကိုလက်ခံဆွေးနွေးရန် ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ အသိပေးသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီမှ အတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အစီရင်ခံစာတင်သွင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအနေဖြင့် အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

**(သတင်းစဉ်)**

# ကလေးသူငယ်များအပေါ် အဓမ္မပြုကျင့်မှုကျူးလွန်သည့်တရားခံများကို ကြီးလေးသည့်ပြစ်ဒဏ်ချမှတ်ရန် ညွှန်ကြားထား

**နေပြည်တော် ဇန်နဝါရီ ၃၀**
ယခုအခါ သက်ငယ်မုဒိမ်းမှုများကို ခရိုင်တရားရုံးများတွင်သာ စစ်ဆေးစီရင်သွားမည်ဖြစ်၍ ထိရောက်ဟန့်တားသည့် ပြစ်ဒဏ်များချမှတ်နိုင်ပြီဖြစ်ပါကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ယနေ့ကျင်းပသည့် အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြောကြားလိုက်သည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်၏ **"မြန်မာနိုင်ငံအတွင်း သက်ငယ်မုဒိမ်းမှုများ တိုးတက်လာခြင်းနှင့် အပြစ်မဲ့သည့်ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံနေရခြင်းမှ အမြန်ဆုံးကာကွယ်နိုင်ရန်အတွက် ပြစ်မှုကျူးလွန်သူများအပေါ် ထိရောက်ဟန့်တားမှုရှိစေရန် တရားရုံးများက အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သော တစ်သက်တစ်ကျွန်းဒဏ်ချမှတ်ခြင်း အပါအဝင် ထိရောက်သောအစီအမံများအရေးပေါ် ဆောင်ရွက်ရန် အစီအစဉ်ရှိ၊ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ထိုသို့ ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တရားလွှတ်တော်ချုပ်တရားသူကြီးက ယခုအခါ အရွယ်မရောက်သေးသော ကလေးသူငယ်များအပေါ် ကျူးလွန်သည့် အဓမ္မပြုကျင့်မှုများ တစ်နေ့တခြား ပိုမိုများပြားလာသဖြင့် တရားခံအပေါ်ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိပါက အလားတူပြစ်မှုမျိုးကို ထပ်မံမကျူးလွန်ဝံ့စေရန် ထိရောက်ဟန့်တားသည့် ကြီးမားသောပြစ်ဒဏ်များချမှတ်ရန်လိုအပ်လာပါကြောင်း။

သို့ဖြစ်၍ အရွယ်မရောက်သေးသည့် ကလေးသူငယ်များအပေါ် အဓမ္မပြုကျင့်မှုကျူးလွန်သည့်တရားခံများကို ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ရန်နှင့် တရားရုံးက တရားခံအား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားတွေ့ရှိ၍ ပြစ်ဒဏ်စီရင်ပါက ပြစ်မှုအတိုင်းအတာအလျောက် ဥပဒေတွင် သတ်မှတ်ထားသည့် ထိရောက်ဟန့်တားစေသော ကြီးလေးသည့်ပြစ်ဒဏ်ကိုချမှတ်ရန် ညွှန်ကြားထားပါကြောင်း။

မြို့နယ်တရားရုံးများက စစ်ဆေးစီရင်ဆဲဖြစ်သည့် အရွယ်မရောက်သေးသည့် ကလေးသူငယ်များအပေါ် ကျူးလွန်သောအဓမ္မပြုကျင့်သည့်အမှုများကို သက်ဆိုင်ရာ ခရိုင်တရားရုံးသို့လွှဲပြောင်းပေးပို့ကြရန်နှင့် ခရိုင်တရားရုံးများကလည်း ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန် ထပ်မံညွှန်ကြားထားပါကြောင်း ရှင်းလင်းပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ်အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် စတင်ခဲ့ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လွှတ်တော်သက်တမ်း မကြာမီတစ်နှစ်ပြည့်တော့မည်ဖြစ်သည့်အတွက် လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်တိုင်ဆောင်ရွက်မှု၊ လေ့လာမှုနှင့် အတွေ့အကြုံများကြောင့် စွမ်းရည်မြင့်မားလာပြီဟု ယုံကြည်ပါကြောင်း။

လွှတ်တော်အားလပ်ရက်အတွင်းတွင်လည်း မိမိမဲဆန္ဒနယ်မှ ပြည်သူများနှင့် ထိတွေ့ပြီးဖြစ်သည့်အတွက် မိမိမဲဆန္ဒနယ်၏လိုအပ်ချက်များကို လေ့လာသိရှိလာပြီဖြစ်သည့်အတွက် ယခုအကြိမ်အစည်းအဝေးတွင် မိမိတို့၏ဒေသနှင့် မိမိတို့၏နိုင်ငံအတွက် မိမိတို့စွမ်းဆောင်ရည်ကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း လွှတ်တော်ကိုယ်စားလှယ်များကို နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်၏ **"စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ စော်ဘွား(၁)ရပ်ကွက်အတွင်းရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းအဆင့်ကို သီးသန့်ခွဲထုတ်၍ မူလတန်းကျောင်းဆောက်လုပ်ရန်အတွက် ကုန်သွယ်လယ်ယာဝင်းမြေနေရာကို သတ်မှန်ပေးရန် အစီအစဉ် ရှိ/မရှိ"**မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက တမူးမြို့ စော်ဘွားအင်းရပ်ကွက် အမှတ်-၂၇၊ ဦးပိုင်အမှတ်-၄၇ ရှိ ဌာနလုပ်ပိုင်ခွင့်ရ အစိုးရပိုင်မြေ (၁ ဒသမ ၈၀၉)ဧကကို ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်း


အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်းက မြို့နယ်ဒေသန္တရကျန်းမာရေးဌာန (UHC)သို့လွှဲပြောင်းပေးနိုင်ပါရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနက လိုအပ်သလို စီမံဆောင်ရွက်ပေးနိုင်ပါရန် တင်ပြတောင်းခံခဲ့ပါကြောင်း။

ထို့ကြောင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားမှုအရ အဆိုပါသိုလှောင်ရုံဝင်းမြေအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်၍ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းလက်ခံရယူနိုင်သည့် အခြေအနေမရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့ပြင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမိုင်းအုဏ်းခိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဝေ့တင်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍လည်း ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ယနေ့ အစည်းအဝေးတွင် ဥပဒေကြမ်းကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က **"မြန်မာ့ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေကြမ်း"**နှင့်စပ်လျဉ်းသည့် ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် လွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **"မြန်မာ့ပိုင်နက်ပင်လယ်နှင့်ပင်လယ်ဇုန်များဥပဒေကြမ်း"**ကို လွှတ်တော်၏ သဘောထားရယူ၍ ပြင်ဆင်ချက်များကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် အချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရန် ဆုံးဖြတ်ခဲ့သည်။

**မော်စီ(သတင်းစဉ်)**






# ပုဂ္ဂလိကကဏ္ဍမှ ငါး၊ ပုစွန် ပိဿာချိန်သန်းပေါင်း ၂၆၀၉ သန်း ထုတ်လုပ်နိုင်ခဲ့

**နေပြည်တော် ဇန်နဝါရီ ၃၀**

ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၃၀ ရက် နံနက် ၈ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လယ်ယာစီးပွားလုပ်ငန်းများ အမှန်တကယ်ဖွံ့ဖြိုးလာပြီး ကျေးလက်နေပြည်သူများ ဝင်ငွေနှင့်လူမှုစီးပွားဘဝများ လက်တွေ့ဖွံ့ဖြိုးလာစေရေးအတွက် ခေတ်မီဆန်းသစ်၍ ရေရှည်တည်တံ့သော ထုတ်လုပ်မှုနည်းပညာများ၊ ပြုပြင်ထုပ်ပိုးနည်းပညာများ၊ ထောက်ပံ့ပို့ဆောင်ရေးနည်းပညာများနှင့် ဈေးကွက်ဆိုင်ရာနည်းပညာများကို အသုံးပြုပြီး ပြည်တွင်း ပြည်ပဈေးကွက်ဝယ်လိုအားနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်း၍ အာဟာရပြည့်ဝသည့် အမည်စုံလင်သော စားနပ်ရိက္ခာနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ပစ္စည်းများ တိုးတက်ထုတ်လုပ်ရာတွင် အထောက်အကူပြုနိုင်ရေးတို့ကို ဘက်စုံထောင့်စုံမှ ဖြည့်ဆည်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း။

အားလုံးပါဝင်ပြီး နိုင်ငံတကာနှင့်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် ရေရှည်တည်တံ့သော လယ်ယာထုတ်ကုန် ထုတ်လုပ်မှုစနစ်ထွန်းကားစေရန် ချမှတ်ထားသောမူဝါဒလုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ အရည်အချင်းနှင့်စွမ်းဆောင်ရည်ပြည့်ဝသော ပြည်သူ့ဝန်ထမ်းကောင်းများအဖြစ် ကြိုးပမ်းအားထုတ်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းများတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တတိယသုံးလပတ်အတွင်း ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမျိုးကောင်ရေ ၅၅၂ သန်း ထုတ်လုပ်နိုင်ခဲ့ပြီး ငါးမျိုးကောင်ရေ ၄၆၁ သန်း ရောင်းချပေးနိုင်ခဲ့ကာ ကောင်ရေ ၉၁ သန်း ငါးမျိုးစိုက်ထည့်ပေးနိုင်ခဲ့သည်။ ပုဂ္ဂလိက ငါး၊ ပုစွန်ထုတ်လုပ်မှုအနေဖြင့် ပိဿာချိန်သန်းပေါင်း ၂၆၀၉ သန်း ထုတ်လုပ်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံရှေးဟောင်းဘုရားနှင့် စေတီပုထိုးများပြုပြင်ရန် အလှူငွေများ လှူဒါန်း

**ရန်ကုန် ဇန်နဝါရီ ၃၀**

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံရှေးဟောင်းဘုရားနှင့် စေတီပုထိုးများ ပြုပြင်မွမ်းမံထိန်းသိမ်းရေးအတွက် မလေးရှားနိုင်ငံတက္ကသိုလ် ကင်းထောက်အဖွဲ့မှ ကင်းထောက်များက အလှူငွေများကို မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ် တက္ကသိုလ်ကင်းထောက်များမှတစ်ဆင့် ပေးပို့လှူဒါန်းခဲ့သည်။

ယင်းလှူဒါန်းမှုအစီအစဉ်အရ ယနေ့နံနက် ၁၀ နာရီက ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ် တက္ကသိုလ်ကင်းထောက်တာဝန်ခံ မောင်ကောင်းဆက်ဟိန်းနှင့် ညောင်ဦးခရိုင်မှ ကင်းထောက်တာဝန်ခံဆရာမနှင့် ကင်းထောက်များက မလေးရှားနိုင်ငံ တက္ကသိုလ်ကင်းထောက်များလှူဒါန်းသည့် ငွေကျပ် ၆၂၇၀၀၀ ကို ပုဂံရှေးဟောင်းဘုရားများပြုပြင်မွမ်းမံထိန်းသိမ်းရေး ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီမှ တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။ **ကိုလတ်(သတင်းစဉ်)**







အမှတ် (၆) ကာကွယ်ရေးပစ္စည်းစက်ရုံ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ကျောင်းသား ကျောင်းသူများ၏ ပဉ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်က ပန်းတောင်းမြို့နယ် အမှတ် (၆) ကာကွယ်ရေးပစ္စည်းစက်ရုံ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ၌ ကျင်းပစဉ်။

**အေးသန်း(စိန်တုံးကြီး)**

# မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့် ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့တို့ ပူးတွဲကျင်းပသည့် ကလေးစာပေပြိုင်ပွဲဖိတ်ခေါ်

**ရန်ကုန် ဇန်နဝါရီ ၃၀**

အာရှနိုင်ငံများအတွင်း လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေသော ဂျပန်နိုင်ငံ ရှန်တီစေတနာ့ဝန်ထမ်းအဖွဲ့ (Shanti Volunteer Association- SVA)နှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း (MWA)တို့ ပူးတွဲပြီး မြန်မာနိုင်ငံရှိ ကလေးများစာဖတ်ကျင့်မြင့်တင်ရေးနှင့် အရည်အသွေးမြင့်မားသည့်ကလေးစာပေများထွက်ပေါ်နိုင်ရေးကို ရည်ရွယ်လျက် ကလေးစာပေပြိုင်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ကလေးစာပေရေးသားသရုပ်ဖော်သူ မည်သူမဆို ပြိုင်ပွဲ၏ဆောင်ပုဒ် "မြတ်နိုးချစ်ခင်ပတ်ဝန်းကျင်" (Environment)ဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲအမျိုးအစားသုံးမျိုး ခွဲခြားထားသည်။ ပြိုင်ပွဲအမျိုးအစားမှာ အသက်သုံးနှစ်မှ ငါးနှစ်အရွယ်ကလေးများ ဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူ၊ အသက်ခြောက်နှစ်မှ ရှစ်နှစ်အရွယ်ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူ၊ အသက်ကိုးနှစ်မှ (၁၁)နှစ်အရွယ် ကလေးများဖတ်ရှုရန်အတွက် ပန်းချီဇာတ်လမ်းသရုပ်ဖော်စာမူတို့ ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားအလိုက် ပထမဆုရရှိသော စာမူကို ဆုငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၀၀၀ စီ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဇွန် ၃၀ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၁-၃၈၅၂၇၃ သို့ ပေးပို့ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင်စည်းကမ်းအသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံစာရေးဆရာအသင်းတွင် တစ်စုံလျှင် ၁၀၀ ကျပ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း Facebook Account နှင့် Page တွင် ဖတ်ရှု၍ဖြစ်စေရယူနိုင်သည်။

**(သတင်းစဉ်)**

# ကမ္ဘာလှည့်ခရီးသွားများ ကိုယ်ပိုင်ယာဉ်များဖြင့် နယ်စပ်ဖြတ်ကျော်၍ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လည်ပတ်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၃၀**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ Osuga Myanmar Travels & Tours Co.,Ltd. ၏ စီစဉ်မှုဖြင့် မလေးရှားနိုင်ငံသား ခရီးသွားဧည့်သည်တစ်ဦးသည် ၎င်း၏မော်တော်ဆိုင်ကယ်ဖြင့် ဇန်နဝါရီ ၁၅ ရက်တွင် မြဝတီနယ်စပ်ဂိတ်မှ ဝင်ရောက်လာပြီး မြဝတီ-ကျိုက်ထီးရိုး -ပုဂံ- ဂန့်ဂေါ- တမူးဒေသများရှိ သဘာဝရှုခင်းများနှင့်ထင်ရှားသော နေရာများကို ကြည့်ရှုလေ့လာခံစားရင်း ဇန်နဝါရီ ၁၈ ရက်တွင် တမူးနယ်စပ်ဂိတ်မှ အိန္ဒိယနိုင်ငံသို့ ဆက်လက်ထွက်ခွာသွားသည်။

ထို့အတူ Home Inle Travels & Tours Co.,Ltd. ၏ စီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံသားခရီးသွား ဧည့်သည် ၃၇ ဦးတို့သည် ဇန်နဝါရီ ၁၆ ရက်တွင် ၎င်းတို့၏ ကိုယ်ပိုင်မော်တော်ယာဉ် ခုနစ်စီးဖြင့် တမူးနယ်စပ်ဂိတ်မှ ဝင်ရောက်လာပြီး တမူး-ကလေး-မန္တလေး- ပုဂံ- ဘားအံ- မြဝတီဒေသများရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် သမိုင်းဝင်ထင်ရှားသော နေရာများကို လေ့လာပြီး ဇန်နဝါရီ ၂၅ ရက်တွင် မြဝတီနယ်စပ်ဂိတ်မှ ဆက်လက်ထွက်ခွာသွားသည်။

ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည့်များ ဝင်ရောက်လည်ပတ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးစားဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံ၏သာယာလှပသော ရေမြေတောတောင် သဘာဝအလှအပများနှင့် သမိုင်းကြောင့်ခိုင်မာသော ယဉ်ကျေးမှုအနုပညာလက်ရာများ၊ ဧည့်ဝတ်ပျူငှာမှုများ၊ တိုင်းရင်းသားမျိုးစုံတို့၏ စိတ်ဝင်စားဖွယ်ရာ ဓလေ့စရိုက်များကြောင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များသည် မြန်မာနိုင်ငံသို့နယ်စပ်ဖြတ်ကျော် ယာဉ်တန်းခရီးစဉ်များဖြင့် စိတ်ဝင်တစားလာရောက် လည်ပတ်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❐



ရထားရဲတပ်ဖွဲ့ အမှတ် (၁၅) တပ်ခွဲ ရထားရဲစခန်း(မော်လမြိုင်)မှ စခန်းမှူး ရဲအုပ် အောင်မြင့်ကျော် မော်လမြိုင်ဘူတာ၌ ဇန်နဝါရီ ၂၆ ရက်တွင် ရထားနှင့် ယာဉ်တိုက်မှု၊ ရထားကြိတ်၊ တိုက်၊ ပြုတ်ကျဖြစ်စဉ်များ လျှော့နည်းရေးနှင့် ရထားကို ခဲဖြင့်ပစ်ပေါက်ပါက ပြည်သူများအရေးယူခံရမည့် ပြစ်ဒဏ် များကို ဟောပြောဆွေးနွေးစဉ်။

(ရထားရဲတပ်ဖွဲ့)

# မောင်တောမြို့နယ် ဒုချီးရားတန်းမြောက်ရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဇန်နဝါရီ ၃၀**

မောင်တောမြို့နယ် ဒုချီးရားတန်းမြောက်ရွာတွင် ယမန်နေ့ညက ပေါ့ဆမီးကြောင့် နေအိမ်တစ်လုံး မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်းသိရသည်။

မောင်တောမြို့နယ် ဒုချီးရားတန်းမြောက်ရွာတွင် ယမန်နေ့ည ၁၁ နာရီခန့်က အူမာဟာဇီ၏ နေအိမ်မီးဖိုချောင်မှတစ်ဆင့် ပေါ့ဆမီးလောင်ကျွမ်းမှုကြောင့် အလျား ၁၅ ပေ၊ အနံ ၂၂ ပေ ပျဉ်ခင်း၊ ထရံကာ၊ သက်ငယ်မိုးနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး ရွာသူ ရွာသားများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးငြိမ်းခဲ့ကြောင်းသိရသည်။

အဆိုပါ မီးလောင်ကျွမ်းမှုကြောင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာ ရရှိမှုမရှိဘဲ နေအိမ်ပိုင်ရှင်အား တရားဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❐

# ဖြစ်စဉ်အမှန်ပေါ်ပေါက်ရေး၊ ပြစ်မှုကျူးလွန်သူများ အမြန်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥပဒေအကြံပေး ဦးကိုနီသည် ဇန်နဝါရီ ၂၉ ရက် ညနေ ၅ နာရီခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-1 ရှေ့၌ ဦးကြည်လင်းဆိုသူက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သည့်ဖြစ်စဉ်ဖြစ်ပွားခဲ့ရာ ဥပဒေအကြံပေးတစ်ဦး ဆုံးရှုံးရခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါကြောင်း၊ ယင်းဖြစ်စဉ်သည် လုံခြုံရေးနှင့်ပတ်သက်၍ များစွာထိခိုက်စေခြင်းကြောင့် ဖြစ်စဉ်မှန်ပေါ်ပေါက်ရေး၊ ပြစ်မှုကျူးလွန်သူများအား အမြန်ဖမ်းဆီးရမိရေးအတွက် တပ်မတော်အနေဖြင့် လုံခြုံရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ❂ ကျောဖုံးမှ

၃။ ကနဦးစစ်ဆေးချက်များအရ ဤဖြစ်ရပ်သည် နိုင်ငံတော်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်နိုင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ဖြစ်စဉ်အမှန် ပေါ်ပေါက်ရေးအတွက် စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ယင်းဖြစ်စဉ်ဖြစ်ပွားခဲ့မှု အခြေအနေများပေါ်မူတည်၍ လုံခြုံရေးအစီအမံများကိုလည်း အထူးအလေးထား၍ ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ပါ၍ ပြည်သူများအနေဖြင့် ဤဖြစ်စဉ်ကြောင့် အထိတ်တလန့်မဖြစ်ဘဲ တည်ငြိမ်အေးချမ်းစွာ နေထိုင်ကြရန်၊ ဘာသာရေးနှင့် လူမျိုးရေးသွေးထိုးမှုများကို အထူးဂရုပြုကြရန်၊ ယခု လုပ်ကြံသတ်ဖြတ်မှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် လုပ်ဆောင်မှုများနှင့်စပ်လျဉ်း၍ဖြစ်စေ ထူးခြားမှုများ တွေ့ရှိပါက တာဝန်ရှိသူများထံ အမြန်ဆုံး ဆက်သွယ်အသိပေးကြပါရန် မေတ္တာရပ်ခံလျက် သတင်းထုတ်ပြန်အပ်ပါသည်။

ညီညွတ်ခြင်းနှင့် ပေါင်းစည်းတည်
ချစ်ကြည်စည်းလုံး ဒို့အားလုံး

ပင်လုံစိတ်ထား အစဉ်နှီးကြား
ကြိုးစားဆောင်ရွက် တိုင်းပြည်အတွက်

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖြစ်ပွားခဲ့သည့် ပစ်ခတ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်စပ်သတင်းများအမြန်ရရှိရေး အကူအညီပေးနိုင်ပါရန် အသိပေးကြေညာချက်ထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၃၀**

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ(NLD)၏ ဥပဒေအကြံပေး ဦးကိုနီသည် အင်ဒိုနီးရှားနိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ပြီး ပြန်လည်ရောက်ရှိစဉ် ဇန်နဝါရီလ ၂၉ ရက်နေ့ ညနေ ၅ နာရီ အချိန်ခန့်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-1 ပလက်ဖောင်း၌ သေနတ်သမားတစ်ဦး၏ အနီးကပ်ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ပြီး သေနတ်သမားကို အနီးရှိ ပြည်သူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လိုက်လံဖမ်းဆီးစဉ် ဖမ်းဆီးပေးသူများထဲမှ ဦးနေဝင်း(၄၂)နှစ်၊ (ဘ)ဦးမောင်မောင်သည်လည်း သေနတ်သမား၏ ထပ်မံပစ်ခတ်မှုကြောင့် ဝဲဘက်ဆီးခုံ ထိမှန်ဒဏ်ရာရရှိကာ သေဆုံးခဲ့ပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ ကြည်လင်း(၅၃)နှစ်၊ (ဘ)ဦးလှိုင်၊ ပုဏ္ဏားကုန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနေသူကို မင်္ဂလာဒုံမြို့မ ရဲစခန်း(ပ)၁၅၀/၂၀၁၇၊ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂ အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူထားရှိပြီး အသေးစိတ်စစ်ကြောကာ ကွင်းဆက်ဖော်ထုတ်လျက်ရှိပါသည်။

၃။ မိဘပြည်သူများအနေဖြင့် အထက်ပါဖြစ်စဉ်နှင့် ဆက်စပ်သော ပြစ်မှုကျူးလွန်သူများနှင့်ပတ်သက်၍ သတင်းများသိရှိပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဆက်သွယ်သတင်းပေးရန် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပေးပို့နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်-

| | |
|---|---|
| - နေပြည်တော်ရဲတပ်ဖွဲ့ | ၀၆၇-၅၅၀၃၃၃ |
| - ကချင်ပြည်နယ်ရဲတပ်ဖွဲ့ | ၀၇၄-၂၂၄၄၄ |
| - ကယားပြည်နယ်ရဲတပ်ဖွဲ့ | ၀၈၃-၂၁၅၂၄ |
| - ကရင်ပြည်နယ်ရဲတပ်ဖွဲ့ | ၀၅၈-၂၃၃၅၅ |
| - ချင်းပြည်နယ်ရဲတပ်ဖွဲ့ | ၀၇၀-၂၁၄၅၂ |
| - စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၇၁-၂၄၉၉၆ |
| - တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၅၉-၂၃၉၉၈ |
| - ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၅၂-၂၂၂၃၉၉၉ |
| - မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၆၃-၂၈၀၉၉ |
| - မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၂-၂၇၁၉၉ |
| - မွန်ပြည်နယ်ရဲတပ်ဖွဲ့ | ၀၅၇-၂၄၉၈၇ |
| - ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ | ၀၄၃-၂၂၈၃၃ |
| - ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၁၉၉၊ ၀၁-၂၃၂၃၁၉၉ |
| - ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ၀၈၁-၂၁၂၅၄၅ |
| - ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့ | ၀၄၂-၂၃၈၄၄ |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**



# ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဘိုးဘွားရိပ်သာသို့ အလှူငွေနှင့် စားဆီများလှူဒါန်း

**စစ်တွေ ဇန်နဝါရီ ၃၀**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီက ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာသို့ သွားရောက်ပြီး အလှူငွေကျပ် ငါးသိန်းနှင့် စားဆီ ၁၀၀ လီတာကို ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဦးရွှေထွန်းအောင်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စားရိပ်သာကို သွားရောက်ကာ ဘိုးဘွားများ၏ စားသုံးမှုကို ကြည့်ရှုခဲ့ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘိုးဘွားများ၏ အိပ်ဆောင်များကို ရောက်ရှိကာ ဘိုးဘွားများကို တွေ့ဆုံအားပေးစကားပြောကြားခဲ့သည်။ အဆိုပါ ဘိုးဘွားရိပ်သာ၌ အဘိုး ၁၀ ဦး၊ အဘွား ၂၆ ဦးတို့ကို ရခိုင်ပြည်နယ် ဘိုးဘွားရိပ်သာစောင့်ရှောက်ရေးအသင်းက စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနာယက သူရဦးတင်ဦးနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့ ကွယ်လွန်သူ ဦးကိုနီ၏မိသားစုဝင်များအား အားပေးစကားပြောကြား

**ရန်ကုန် ဇန်နဝါရီ ၃၀**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီနာယက သူရဦးတင်ဦးသည် ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၄၂)လမ်း အလယ်ဘလောက်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ ဥပဒေအကြံပေး တရားလွှတ်တော်ရှေ့နေ ဦးကိုနီ၏နေအိမ်သို့ သွားရောက်ပြီး ကွယ်လွန်သူ ဦးကိုနီ၏ မိသားစုဝင်များနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် အဆိုပါနေအိမ်သို့ သွားရောက်၍ ကွယ်လွန်သူဦးကိုနီ၏ မိသားစုဝင်များအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်း-ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**



# တနင်္သာရီ၌ အခြေခံအိမ်တွင်းမှုပညာသင်တန်းဆင်း

**တနင်္သာရီ ဇန်နဝါရီ ၃၀**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မြို့နယ် ပြန်/ဆက်ရုံးခန်းအတွင်း၌ ဇန်နဝါရီ ၂၆ ရက် ညနေ ၄ နာရီခွဲက အခြေခံအိမ်တွင်းမှုပညာသင်တန်းဆင်းပွဲကျင်းပရာ ဆယ်ကျော်သက်အမျိုးသမီး ၂၀ တက်ရောက်ကြပြီး ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်တာကာလအတွင်း သော့တွဲပြုလုပ်နည်း၊ ပန်းအိုးအမျိုးမျိုးနှင့် ပန်းခြင်းအမျိုးမျိုးပြုလုပ်နည်း၊ လက်ကိုင်အိတ်အမျိုးမျိုး ပြုလုပ်နည်းများကို တစ်ဦးချင်းစီ တတ်ကျွမ်းသည်အထိ လက်တွေ့သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ထိန်ဝင်း(ပြန်/ဆက်)**

# တောင်သူများအတွက် စိုက်ပျိုးရေးပညာပေးဟောပြော

**ကျုံပျော် ဇန်နဝါရီ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ကျင်းပသော တောင်သူများအတွက် စိုက်ပျိုးရေးပညာပေးဟောပြောပွဲကို မြေရဲတောင်အုပ်စု ရှေ့တန်းအထွက်တိုးစခန်း၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။ ဟောပြောပွဲတွင် ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်မောင်မြင့်က မိုးစပါးရာသီတွင် Rs To Cs မျိုးသန့်ထုတ်လုပ်ပွားများရေး၊ မျိုးသန့်ဇုန်များအလိုက် စိုက်ပျိုးထုတ်လုပ်ရေး၊ ဘေးကင်းလုံခြုံသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုစနစ် ဖြစ်လာရေးအတွက် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားကြရန်၊ သို့မှသာ သီးနှံတွင်း ဓာတ်အကြွင်းအကျန်များမပါရှိဘဲ လူတိုင်းသက်ရှည်ကျန်းမာရေးအတွက် အထောက်အကူဖြစ်ပြီး ဈေးကွက်ကောင်းမွန်၍ တောင်သူများ၏ဘဝလည်း တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း ဆွေးနွေးဟောပြောပြီး တက်ရောက်လာသော တောင်သူများ၏ သီးနှံစိုက်ပျိုးမှုနှင့်ပတ်သက်၍ သိရှိလိုသည့် မေးမြန်းချက်များကိုလည်း ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကာ ဟောပြောပွဲသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးလှမျိုးနွယ်နှင့် ဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာမိတ်ဖက်အဖြစ် ဆန္ဒအလျောက် သဘောတူညီချက်ဆိုင်ရာ ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၃၀

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံနှင့် ဥရောပသမဂ္ဂအဖွဲ့ (EU) တို့ပူးပေါင်းကျင်းပသော သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာမိတ်ဖက်အဖြစ် ဆန္ဒအလျောက် သဘောတူညီချက် (Forest Law Enforcement, Governance and Trade, Voluntary Partnership Agreement- FLEGT VPA)ဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲအခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။**



ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် စားပွဲဝိုင်းဆွေးနွေးပွဲကို မြန်မာနိုင်ငံတွင် FLEGT VPA လုပ်ငန်းစဉ် တိုးတက်ဖြစ်ပေါ်မှုနှင့် မြန်မာ့သစ်များ တရားဝင်ဖြစ်ကြောင်း အာမခံသည့်စနစ် (Myanmar Timber Legality Assurance System-MTLAS) အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အကြံပြုဆွေးနွေးနိုင်ရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် FLEGT VPA လုပ်ငန်းစဉ်များတွင် လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးအတွက် လိုအပ်ချက်များ၊ ကွာဟနေမှုများအား ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်နှင့် အကျိုးဆက်စပ်ပတ်သက်သူများ အားလုံး ပူးပေါင်းပါဝင် ဆောင်ရွက်လာစေရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း။

FLEGT အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် မေလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပြီးဆောင်ရွက်ရန် ရည်မှန်းထားပါကြောင်း၊ FLEGT လုပ်ငန်းစဉ်မှာပါဝင်ဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်၏ အဖိုးတန်သယံဇာတများကို ထိရောက်စွာကာကွယ်သွားနိုင်မည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးကို အထောက်အပံ့ဖြစ်စေ၍ သယံဇာတဆိုင်ရာ အခွင့်အရေးများကို နည်းလမ်းတကျ မျှမျှတတခွဲဝေပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ဥပဒေနှင့်လုပ်ထုံးလုပ်နည်းများအား စိစစ်၍ ပိုမိုပြည့်စုံကောင်းမွန်လာရေး ပြုပြင်သွားနိုင်မည်ဖြစ်သည့်အပြင် ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်ရန် အခွင့်အလမ်းများရရှိလာပြီး နိုင်ငံ၏ ကုန်သွယ်မှုဂုဏ်သတင်း ကောင်းမွန်လာမည်ဖြစ်ကြောင်း။

သစ်တောများ၏ အခြေအနေ တိုးတက်ကောင်းမွန်လာစေရေးအစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သစ်ထုတ်လုပ်ခြင်းကို လုံးဝရပ်ဆိုင်း၍ ပဲခူးရိုးမဒေသတွင် ကျွန်းနှင့် သစ်မာထုတ်လုပ်ခြင်းကို ၁၀ နှစ် ရပ်နားသွားမည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ သစ်ထုတ်လုပ်မှုကို သတ်မှတ် နှစ်စဉ်တောထွက်ပမာဏ (Annual Allowable Cut-AAC) အောက် လျှော့ချထုတ်လုပ်ခြင်း၊ ပြည်ပပို့ကုန် တန်ဖိုးမြှင့်ပစ္စည်းများ ထုတ်လုပ် တင်ပို့ရောင်းချနိုင်ရေးအတွက် သစ်အချောထည်များ တင်ပို့ခြင်းကို ဆောင်ရွက်သွားနိုင်ရေး ရည်မှန်းချက်ထားပြီး တရားမဝင်သစ်ဖမ်းဆီးရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မူလတည်ရှိခဲ့သော သဘာဝသစ်တောများကဲ့သို့ ဇီဝမျိုးစုံ၊ မျိုးကွဲ ကြွယ်ဝသော ဂေဟစနစ်ကို ပြန်လည်ရရှိစေရန်နှင့် ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုကို အထောက်အကူပြုစေရန် မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်းရေးဆွဲ၍ ၂၀၁၇-၂၀၁၈ ခုနှစ်မှ ၂၀၂၆-၂၀၂၇ ခုနှစ်အထိဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်တွင်းသစ်လိုအပ်ချက် ဖူလုံရေးအစီအမံများချမှတ်ဆောင်ရွက်လျက် ရှိပါကြောင်း။

မြန်မာနိုင်ငံမှာ ဆောင်ရွက်နေသည့် FLEGT VPA လုပ်ငန်းစဉ်မှာ အမျိုးသားရေးလုပ်ငန်းစဉ် (National Process)တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်အစိုးရကိုယ်စား ဆောင်ရွက်နေသည့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အပါအဝင် ဆက်စပ်ဝန်ကြီးဌာနများ၊ သစ်တောကဏ္ဍနှင့်ဆက်စပ်ပတ်သက်သည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် တိုင်းရင်းသားပြည်သူလူထု တစ်ရပ်လုံး ပူးပေါင်းပါဝင်လက်တွဲဆောင် ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက FLEGT VPA လုပ်ငန်းစဉ်များအကြောင်း ရှင်းလင်းတင်ပြခြင်း၊ တက်ရောက်လာသူများက အကြံပြုဝိုင်းဝန်းဆွေးနွေးခြင်းများဆောင်ရွက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကြိမ်၊ ဝါး လက်မှုအချောထည် အခြေခံကျွမ်းကျင်မှု သင်တန်းများ စဉ်ဆက်မပြတ်ပို့ချမည်

**ရန်ကုန် ဇန်နဝါရီ ၂၉**

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်း လုပ်ငန်းရှင်များအသင်းချုပ်မှ ကြိမ်၊ ဝါး လက်မှုအချောထည် အခြေခံကျွမ်းကျင်မှု သင်တန်းများအား စဉ်ဆက်မပြတ်ပို့ချသွားမည်ဖြစ်ကြောင်း မြောက်ဒဂုံမြို့နယ် ပင်လုံလမ်းမကြီးပေါ်ရှိ သစ်အခြေခံစက်မှုနည်းပညာသင်တန်းဌာန၌ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီမှစတင်ကာ သင်ကြားပို့ချနေသော ကြိမ်၊ ဝါး လက်မှုအချောထည် အခြေခံကျွမ်းကျင်မှုသင်တန်း အပတ်စဉ်(၁)မှ သိရသည်။

အဆိုပါသင်တန်း၌ ဗေဒါအချောထည် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်လုပ်ရေး ကျွမ်းကျင်မှုအခြေခံသင်တန်း အပတ်စဉ်(၂)ကိုပါ တစ်ပြိုင်တည်းပို့ချခြင်းဖြစ်ပြီး ဗေဒါနှင့် ကြိမ်၊ ဝါးမှ ထုတ်လုပ်နိုင်သော ပရိဘောဂပစ္စည်းများ၊ အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် အလှဆင်ပစ္စည်းများထုတ်လုပ်နိုင်သည့် ပညာရပ်များအား သင်တန်းသားများအတွက် စာတွေ့အပြင် လက်တွေ့ပိုင်းများပါ သင်ကြားပို့ချပေးခြင်းဖြစ်သည်။ နည်းပညာရပ်များ ပျံ့နှံ့စေရန်အတွက် ထုတ်ကုန်ထုတ်နည်းပညာရပ်များပါ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ကြိမ်နှင့် ဝါးလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌ ဦးကျော်သူက "ဒီတစ်ခေါက်ထူးခြားတာက ကြိမ်၊ ဝါး လက်မှုအချောထည်သင်တန်းကိုပါ သင်ကြားပို့ချမှာပါ။ ကြိမ်ပင်ဆိုရင် ရခိုင်ပြည်နယ် မှာရှိတဲ့ ကြိမ်တလီနဲ့ ဂွမြို့အနီးက ရွာတွေမှာထွက်ပါတယ်။ အရင်ကဆို အဲဒီဒေသက ကြိမ်တွေကို ခုတ်ပြီး ကုန်သည်တွေက တရုတ်နိုင်ငံကို တင်ပို့ရောင်းချကြတယ်။ ဒါကို ဒေသခံတွေကလည်း မသိကြဘူး။ ခုတော့ သုံးနှစ်လောက်ရှိပြီ။ အဲဒီလူတွေ လာမခုတ်ကြတော့ဘူးလို့ ကြားသိရပါတယ်။ ဒါကြောင့် ကျွန်တော်က အဲဒီဒေသက လာရောက်သင်ကြားကြတဲ့ သင်တန်းသူတွေကို ပြောထားပါတယ်။ ကြိမ်ကို လိုသလောက်ထုတ်ပြီး ဒီသင်တန်းမှာ လာတက်ကြပါလို့။ တကယ်လည်း အဲဒီကြိမ်ကနေ လူသုံးကုန်ပစ္စည်းထုတ်ပြီး ဈေးကွက်ရှာပြီး လုပ်စားကြစေချင်ပါတယ်။ တကယ်လို့ ဈေးကွက်ရှာမရရင် ကျွန်တော်တို့အသင်းနဲ့ဆက်သွယ်ရင် ထုတ်လုပ်မှုနည်းပညာရပ်တွေအပြင် ဈေးကွက်ကိုပါ ကျွန်တော်တို့အသင်းက ကူညီရှာဖွေပေးသွားမှာပါ။ အခုသင်တန်းမှာလည်း သင်တန်းသားတွေအတွက် အခြေခံနည်းပညာရပ်တွေကို ပို့ချမှာဖြစ်ပြီး နောက်ပိုင်းမှာ အဆင့်မြင့် နည်းပညာရပ်တွေကိုပါ ပို့ချပေးသွားမှာပါ"ဟု ပြောသည်။

အဆိုပါ သင်တန်းပို့ချမှုပြီးစီးပါက နိုင်ငံခြားသားပညာရှင်များဖြစ်သည့် ဟောင်ကောင်နှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ထူးချွန်ပရိဘောဂ ပညာရှင်ကြီးများအားခေါ်ယူကာ သင်တန်းမှ ထူးချွန်သင်တန်းသား သင်တန်းသူများကို ထပ်မံသင်ကြားပို့ချပေးမည်ဖြစ်ကြောင်း၊ အဓိကဈေးကွက်ထိုးဖောက်ရန်အတွက် ဒီဇိုင်းနှင့် အရည်အသွေးသည်သာလိုအပ်ကြောင်း၊ ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီမှ စတင်ပို့ချသော သင်တန်းအား ဇန်နဝါရီ ၂၈ ရက်အထိ ပို့ချခဲ့ပြီး အပတ်စဉ်သင်တန်းများအား လစဉ်ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် အဆိုပါသင်တန်း၌ ရန်ကုန်တိုင်းဒေသကြီး အပါအဝင် အနယ်နယ်အရပ်ရပ်မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၄၃ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

**စိုးဝင်း(MLA)**



# မူလတန်းအဆင့် အရုပ်ဆေးခြယ်၊ အရုပ်ခေါက်ခြင်းနှင့် ပန်းချီဆွဲပြိုင်ပွဲဆုချီးမြှင့်

**ကနီ ဇန်နဝါရီ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Center) ဆောင်ရွက်နိုင်ရေး ဆောင်ရွက်မှုအဖြစ် မူလတန်းအဆင့် အရုပ်ဆေးခြယ်၊ အရုပ်ခေါက်ခြင်း၊ ပန်းချီဆွဲပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အရုပ်ဆေးခြယ်ခြင်း၊ အရုပ်ခေါက်ခြင်း၊ ပန်းချီဆွဲပြိုင်ပွဲအပြီးတွင် ဆရာ ဆရာမများက အကဲဖြတ်အမှတ်များပေးအပ်ခဲ့ပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

# စာပေအသိပညာဟောပြောပွဲနှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး ပြိုင်ပွဲများကျင်းပ

**ညောင်တုန်း ဇန်နဝါရီ ၃၀**

ကျောင်းသား ကျောင်းသူများ အသိအလိမ္မာတိုးတက်စေရေးနှင့် စာပေဗဟုသုတ ရရှိစေရေး၊ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရေး၊ ကိုယ်ရည်ကိုယ်သွေး ထက်မြက်စေရေးရည်ရွယ်ချက်များဖြင့် ညောင်တုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ပြည်ထောင်စုနေ့အကြို အသိပညာပေးဟောပြောပွဲ၊ ဉာဏ်စမ်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်း အနားကို ဇန်နဝါရီ ၂၇ ရက် မွန်းလွဲပိုင်းက မြို့နယ်ရုံး ရုပ်မြင်သံကြားခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးက စာပေအသိပညာတိုးပွားစေရေးနှင့် ဉာဏ်စမ်းပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းမှ ကိုလှိုင်ဝင့်ဖေ(မြန်မာနွယ်)က "ကျောင်းသား ကျောင်းသူများစာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရေး၊ အသိဉာဏ်ရှိဖို့စာဖတ်ကြစို့"ခေါင်းစဉ်ဖြင့် စာပေနှင့်ပတ်သက်သည့် ဗဟုသုတများအား ဟောပြောသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ် ဟန်ဝင်းအောင်က သက်ငယ်မုဒိမ်းမှုလျှော့နည်းကျဆင်းရေး၊ လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ဆိုးကျိုးအပြစ်များအား အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် ဉာဏ်စမ်းဖတ်၊ မှတ်၊ စွမ်းရည်ပြိုင်ပွဲကိုကျင်းပရာ ပြိုင်ပွဲသို့ အထက(၁)၊ အထက(၂)နှင့် (ခွဲ)အထက(မြို့မ)ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၆၀ ပါဝင်ယှဉ်ပြိုင်ကြရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၃၀**

ရန်ကုန်(ရွှေဈေး) ၈၇၀၀၀၀ - ၈၇၀၀၀၀ မန္တလေး(ရွှေဈေး) ၈၇၀၀၀၀ - ၈၇၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၂. ၁ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၅. ၄၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၁၄၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၃. ၅၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၇၄၅ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၇၄. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄. ၁၆ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၁၅. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၄၃. ၃၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် ဇန်နဝါရီ ၃၀

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ဒုတိယဥက္ကဋ္ဌ ဦးဟန်ရွှေက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဇန်နဝါရီ ၃၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**လေးစားအပ်တဲ့ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

မကြာတော့မယ့်အချိန် လွှတ်တော်အသီးသီးမှာ လိုအပ်နေတဲ့ ကိုယ်စားလှယ်များအတွက် အဲဒီမဲဆန္ဒနယ်မြေတွေမှာ ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပပြုလုပ်တော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ ပြည်သူ့လွှတ်တော်မှာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မဲဆန္ဒနယ်မြေနဲ့ မွန်ပြည်နယ် ချောင်းဆုံမြို့နယ် မဲဆန္ဒနယ်မြေတွေမှာ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အမျိုးသားလွှတ်တော်မှာတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၄) ညောင်လေးပင်မြို့နယ်၊ ကျောက်တံခါးမြို့နယ်တို့မှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

မဲဆန္ဒရှင်များအနေနဲ့ မိမိတို့ကိုယ်စား တာဝန်ပေးမယ့် ကိုယ်စားလှယ်တွေကို ဆန္ဒမဲပေးပြီး ရွေးချယ်ကြရတော့မှာ ဖြစ်ပါတယ်။ ဒီလို ဆန္ဒမဲပေးပြီး ရွေးချယ်ဆုံးဖြတ်ရာမှာ အထောက်အကူပြုလေ့လာအကဲခတ်နိုင်စေဖို့ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ အနေအထားနဲ့ ရပ်တည်ချက်တွေကို တင်ပြပါမယ်။

ကျွန်တော်တို့ပါတီဟာ "မူဝါဒ" ကို အခြေခံထားတဲ့ ပါတီဖြစ်ပါတယ်။ ပါတီရဲ့ "မူဝါဒ" ဟာ လူအများ ကောင်းစားရေးဝါဒဖြစ်ပါတယ်။ ပါတီရဲ့ လမ်းစဉ်ကတော့ ပြည်သူအကျိုးပြု မြန်မာ့လမ်းစဉ်ဖြစ်ပြီး ဒီလမ်းစဉ်ကို ပြည်သူ့နယ်ပယ်အတွင်း အကောင်အထည်ဖော်တဲ့အခါမှာ အမှားအယွင်းနည်းနိုင်သမျှ နည်းစေဖို့အတွက် မဇ္ဈိမပဋိပဒါ ကျင့်စဉ်နဲ့အညီ ကျင့်သုံးလျက်ရှိနေတဲ့ ပါတီဖြစ်ပါတယ်။

ပါတီတွင်းမှာ စုပေါင်းခေါင်းဆောင်မှု၊ တစ်ဦးချင်းတာဝန်ယူမှု၊ စုပေါင်းတာဝန်ယူမှု၊ စုပေါင်းတာဝန်ခံမှု စတဲ့ ပါတီတွင်း ဒီမိုကရေစီကိုရှင်ရှင်သန်သန် ကျင့်သုံးလျက်ရှိတာကြောင့် ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီဖွဲ့စည်းခဲ့တာ သက်တမ်း(၂၉)နှစ်ထဲကို ရောက်ရှိခဲ့ပြီး ဆယ်စုနှစ်သုံးစုနီးပါး စည်းလုံးညီညွတ်၊ တည်ငြိမ်ခိုင်မာစွာရပ်တည်နေတဲ့ ပါတီဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး ကျင်းပစဉ်က မဲဆန္ဒရှင်ပြည်သူများ စဉ်းစားဆုံးဖြတ်ရာမှာ အထောက်အကူပြုနိုင်ဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ "ရွေးကောက်ပွဲကြေညာစာတမ်း" ကို အသိပေးတင်ပြခဲ့ပြီးဖြစ်ပါတယ်။ အခု ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲမှာတော့ ကျွန်တော်တို့ပါတီရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းပါ သဘောထားလုပ်ငန်းစဉ်များအပြင် ဆက်လက်ဖော်ဆောင်သွားမယ့် တစ်နိုင်ငံလုံးနဲ့ တစ်မျိုးသားလုံးအတွက် အရေးကြီးလှတဲ့ အချက်အလက်အချို့ကို တင်ပြသွားပါမယ်။

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီး အချိန်ကစပြီး တိုင်းရင်းသားတွေအတွင်းမှာ ပစ်ခတ်တိုက်ခိုက်မှုပဋိပက္ခတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ တိုင်းရင်းသားပြည်သူများအားလုံး ဆင်းရဲဒုက္ခမျိုးစုံ တွေ့ကြုံရင်ဆိုင်ခဲ့ရပြီး ယခုလည်းပဲ တွေ့ကြုံနေရဆဲဖြစ်ပါတယ်။ ဒါကြောင့် "ငြိမ်းချမ်းရေး" လုပ်ငန်းစဉ်ကို ၂၀၁၁ ခုနှစ်ကစပြီး အကောင်အထည်ဖော်လာခဲ့ရာမှာ "ငြိမ်းချမ်းရေးသည်တစ်မျိုးသားလုံးအရေး" ဆိုတဲ့ ခံယူချက်နဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်များမှာ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ပါတယ်။ အခုအခါမှာ ငြိမ်းချမ်းရေးညီလာခံ နှစ်ကြိမ်ကျင်းပခဲ့ပြီးပါပြီ။ "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်"ကိုလည်း တိုင်းရင်းသားလက်နက်ကိုင် ရှစ်ဖွဲ့က လက်မှတ်ရေးထိုးပြီး လက်မှတ်မထိုးဘဲ ကျန်နေတဲ့အဖွဲ့တွေလည်း ရှိနေပါတယ်။ ငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းသွားနိုင်ဖို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေ ကျင်းပသွားဖို့ ဆောင်ရွက်လျက်ရှိနေပါတယ်။ ကျွန်တော်တို့ ပါတီအနေနဲ့ ဒီငြိမ်းချမ်းရေးဖြစ်စဉ်အားလုံးမှာ ထဲထဲဝင်ဝင်ပါဝင်ဆောင်ရွက်နေပါတယ်။ ဆက်လက်ပါဝင်သွားမှာ ဖြစ်ပါတယ်။

"ငြိမ်းချမ်းရေး"ဟာ ကျွန်တော်တို့နိုင်ငံရဲ့ ကောင်းမွန်တဲ့ အနာဂတ်ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူတွေရဲ့ "ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး"၊ "လူမှုစီးပွားစည်ပင်ဖွံ့ဖြိုးတိုးတက်ရေး" မျှော်မှန်းချက်တွေဟာ"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး" အပေါ်မှာ မူတည်နေပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့ ပထမခြေလှမ်းဖြစ်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးက လက်မှတ်ရေးထိုးကြပြီး နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်ဆွေးနွေးကြတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ငြိမ်းချမ်းရေးကို အရယူပေးကြပါလို့ ကျွန်တော်တို့ပါတီရဲ့သဘောထားကို မဲဆန္ဒရှင်ပြည်သူများမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

ဒီကနေ့ တိုင်းရင်းသားပြည်သူအားလုံးရဲ့ "ဘုံ" ရည်မှန်းချက်ဟာ ငြိမ်းချမ်းစွာဖြင့် "ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး" တည်ဆောက်ရေးပဲဖြစ်တယ်လို့ ကျွန်တော်တို့ပါတီက ခံယူထားပါတယ်။ ဖက်ဒရယ်စနစ်နဲ့စပ်လျဉ်းပြီး နိုင်ငံအလိုက် ပုံစံအမျိုးမျိုးရှိကြပေမယ့် အဓိကအားဖြင့်တော့ ပြည်ထောင်စုအစိုးရရဲ့ ဗဟိုချုပ်ကိုင်မှုစနစ်ကို ဖြေလျှော့ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လုပ်ပိုင်ခွင့်တွေ ပိုမိုပေးရပါမယ်။ အာဏာခွဲဝေမှု၊ နိုင်ငံသယံဇာတရင်းမြစ်များ ခွဲဝေမှု၊ ဘဏ္ဍာရေးနဲ့ အခွန်ရငွေတွေကို မှန်ကန်မျှတစွာ ခွဲဝေနိုင်မှုတွေဖြစ်အောင် လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဒီစနစ်ကို ကျင့်သုံးတဲ့အခါမှာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်သမိုင်းကြောင်း၊ ရိုးရာအစဉ်အလာ၊ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေနဲ့ ကိုက်ညီတဲ့ "အရိုးကို အရွက်မဖုံးတဲ့" ဖက်ဒရယ်ပုံစံဖြစ်ဖို့ အရေးကြီးလှပါတယ်။ ဒီအခြေခံမူသဘောထားတွေနဲ့အညီ ဖြစ်ပေါ်လာအောင် ကျွန်တော်တို့ပါတီအနေနဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

ဒီလိုဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်ရာမှာ ကျွန်တော်တို့ ညီအစ်ကိုတိုင်းရင်းသားတွေအချင်းချင်း တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုရှိရေးနဲ့ စည်းလုံးညီညွတ်စွာ ပါဝင်ဆောင်ရွက်သွားနိုင်ဖို့ တိုင်းရင်းသားများအရေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ပါတီက ချမှတ်ထားတဲ့ သဘောထား "(၄)ချက်" ကို တင်ပြပါမယ်။ ဒီအချက်တွေကတော့-

(၁) တိုင်းရင်းသားလူမျိုးများအတွင်း တန်းတူရည်တူရှိရေး ဖြစ်ပါတယ်။ တိုင်းရင်းသားတွေအတွင်းမှာ လူမျိုးကြီး၊ လူမျိုးငယ် မခွဲခြားရေး၊ အခွင့်ထူးခံမရှိစေရေး၊ တိုင်းရင်းသားလူမျိုးအချင်းချင်း ခေါင်းပုံမဖြတ်ရေး၊ လူညွန့်မခူးရေးအချက်တွေ ပါဝင်ရမှာဖြစ်ပါတယ်။

(၂) တိုင်းရင်းသားတွေအနေနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိစေရပါမယ်။

(၃) တိုင်းရင်းသားလူမျိုးတစ်မျိုးအနေနဲ့ ရှင်သန်ရပ်တည်ပိုင်ခွင့်ရှိရေးပါ။ လူမျိုးတစ်မျိုးအနေနဲ့ ဘာသာစကား၊ စာပေ၊ ဓလေ့ထုံးတမ်း၊ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာယဉ်ကျေးမှုအစဉ်အလာတွေ ပျောက်ပျက်မသွားစေရေး ထိန်းသိမ်းဆောင်ရွက်ခွင့်တွေ ရရှိစေရပါမယ်။

(၄) တိုင်းရင်းသားလူမျိုးများအတွင်း ညီညာတဲ့ ဖွံ့ဖြိုးတိုးတက်ခွင့်ရှိစေရေးဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး တစ်မျိုးနဲ့တစ်မျိုး ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် နည်းနိုင်သမျှနည်းအောင် ဆောင်ရွက်ရေး၊ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြား သယံဇာတ၊ ဓနဥစ္စာ ခွဲဝေသုံးစွဲခွင့် ညီညွတ်မျှတစွာ ခွဲဝေရေးတို့ကို လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီက အခုတင်ပြတဲ့အချက်တွေနဲ့အညီ တိုင်းရင်းသားတွေအတွင်း ကျင့်သုံးသွားနိုင်မယ်ဆိုရင် တိုင်းရင်းသားပြည်သူတွေ လိုလားတောင့်တနေကြတဲ့ ငြိမ်းချမ်းရေးနဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကျင့်သုံးရေးလုပ်ငန်းတွေ မလွဲမသွေ အောင်မြင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

ကျွန်တော်တို့နိုင်ငံရဲ့ လူများစုကြီးဖြစ်တဲ့ တောင်သူလယ်သမားများ ခံစားနေရတဲ့ လယ်ယာမြေပြဿနာတွေ၊ သီးနှံဈေးနှုန်း "ကမောက်ကမ" ဖြစ်မှုတွေ၊ ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် စတာတွေကို လုပ်ဆောင်မယ်ဆိုရင် လယ်ယာမြေမူဝါဒဟာ "လယ်သမားလုပ်တဲ့မြေ၊ လယ်သမားပိုင်ဆိုင်ရေး" ဖြစ်ရပါမယ်။ ယခုပြဋ္ဌာန်းထားတဲ့ လယ်ယာမြေဥပဒေကို ပြန်လည်ပြင်ဆင်ရမှာဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်နဲ့ မြေယာမူဝါဒကိုက်ညီရေး၊ "လယ်သမားလုပ်တဲ့မြေ၊ လယ်သမားပိုင်ဆိုင်ရေး"အတွက် ဥပဒေနည်းလမ်း၊ နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်းများနဲ့ ဖော်ဆောင်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ တောင်သူလယ်သမားများအရေးနဲ့ပတ်သက်ပြီး ဝန်ကြီးဌာန၊ ကုမ္ပဏီကြီးများက သိမ်းယူထားတဲ့ လယ်ဧကလေးသောင်းနှစ်ထောင်ကျော် လယ်သမားတွေပြန်ရအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နစ်နာဆုံးရှုံးသွားတဲ့ လယ်ယာမြေများအနက် နစ်နာကြေး၊ လျော်ကြေးငွေ၊ ကျပ်သိန်းပေါင်း ရှစ်သောင်းကျော် လယ်သမားတွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် နှစ်ပေါင်း သုံးဆယ်ကျော် စိုက်ပျိုးစရိတ်ချေးငွေ မရရှိခဲ့တဲ့ လယ်ဧကခုနစ်သောင်းကျော် စိုက်ပျိုးစရိတ်ချေးငွေ ပြန်လည်ရရှိအောင် ကူညီပေးနိုင်ခဲ့ကြောင်းကိုလည်း အသိပေးတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး အလုပ်သမားများနဲ့ပတ်သက်တဲ့ သဘောထားကို တင်ပြပါမယ်။ ဒီကနေ့ အလုပ်သမားတွေရဲ့ နယ်ပယ်၊ စက်ရုံ၊ အလုပ်ရုံတွေမှာ ဖြစ်ပေါ်နေတဲ့ အလုပ်သမားအဖွဲ့အစည်းများ စနစ်တကျဖွဲ့စည်းရေး၊ လုပ်ငန်းခွင်တိုင်းမှာ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုကျင့်သုံးရေး၊ ဒါ့အပြင် ရွှေ့ပြောင်းလုပ်သား(Migrant Workers)များ အရေးမှာလည်း ကျယ်ပြန့်စွာ လေ့လာပြီး ပံ့ပိုးကူညီဆောင်ရွက်သွားမှာဖြစ်ပါတယ်။

တိုင်းပြည်ရဲ့ အနာဂတ်အညွန့်အဖူး လူငယ်တွေနဲ့ပတ်သက်ပြီး "လူငယ်မူဝါဒ" ချမှတ်ရေးဆွဲရေးလုပ်ငန်းတွေမှာ တက်ကြွစွာလှုပ်ရှားဆောင်ရွက်လျက်ရှိပါတယ်။ ဆက်လက်ပြီးတော့လည်း ဆောင်ရွက်သွားပါမယ်။

အမျိုးသမီးများရဲ့အင်အားဟာ နိုင်ငံအတွက် အရေးပါတဲ့အင်အားစုကြီးဖြစ်နေကြောင်း စာရင်းဇယားများက ဖော်ပြနေပါတယ်။ နိုင်ငံနယ်ပယ်အသီးသီးမှာ အမျိုးသမီးများ ခေါင်းဆောင်မှု၊ တန်းတူရည်တူရှိမှု၊ ပိုမိုအဆင်မြင့်စွာ ပါဝင်လာနိုင်မှုတွေရှိလာဖို့ လိုပါတယ်။ အမျိုးသမီးတွေရဲ့ စွမ်းဆောင်ရည်တွေ မြင့်တက်အောင်ဆောင်ရွက်ရင်း နိုင်ငံနယ်ပယ်အသီးသီးအတွင်း ရာခိုင်နှုန်းအရ ပါဝင်နိုင်ရေးလှုပ်ရှားမှုတွေမှာ ပါဝင်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်တဲ့ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား**

၂၀၁၇ ခုနှစ်၊ ကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ကျွန်တော်တို့ပါတီအပေါ် မဲဆန္ဒရှင်များ လေ့လာအကဲခတ်နိုင်စေဖို့ ကျွန်တော်တို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီရဲ့ ဖြစ်တည်မှု၊ ဝါဒ၊ လမ်းစဉ်၊ ကျင့်စဉ်များနဲ့ သဘောထားလုပ်ငန်းစဉ်များကို အကျဉ်းချုပ်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်မှာ ရွေးကောက်ပွဲဟာ မဲဆန္ဒရှင်ပြည်သူတွေအတွက် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်တဲ့ အခွင့်အရေးတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် မဲဆန္ဒရှင်ပြည်သူများက ဒီအခွင့်အရေးကို အသုံးချပြီး နိုင်ငံတော်နဲ့ ပြည်သူတစ်ရပ်လုံးရဲ့အကျိုးကို အမှန်တကယ်သယ်ပိုးပေးနိုင်မယ့် ကျွန်တော်တို့ ပါတီရဲ့ ကိုယ်စားလှယ်တွေကို ဆန္ဒပေးရွေးချယ်ပေးနိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ပါတယ်။

မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေ။

**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ**
**တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို မဲပေးကြပါစို့**

မြန်မာပြည်အေးချမ်းဖို့ တိုင်းရင်းသားဒို့ပါတီ ယှဉ်ပြိုင်ပါမည်
မြန်မာပြည်အေးချမ်းဖို့ တိုင်းရင်းသားဒို့ပါတီ ယှဉ်ပြိုင်ပါမည်
စည်းလုံးမှုအရင်းတည် ညီညာကာလက်တွဲ
စည်းလုံးမှုအရင်းတည် ညီညာကာလက်တွဲ
ခြိမ့်သဲလို့ဝေဝေစည် တို့ပါတီအောင်ရမည်
ခြိမ့်သဲလို့ဝေဝေစည် တို့ပါတီအောင်ရမည်ရှင့်
ခြိမ့်ခြိမ့်သဲလို့ဝေဝေစည်စည် တို့ပါတီအောင်ရမည်ဗျ
ခြိမ့်ခြိမ့်သဲလို့ဝေဝေစည်စည် တို့ပါတီအောင်ရမည်ရှင့်
ဝိုင်းဝန်းလို့ ထောက်ခံပါသည်
တို့မြန်မာပြည်ကောင်းဖို့အရေး
သွားစို့မနှေး အလိုဗျာ မဲပေးကြပါစို့လေး
တိုင်းရင်းသား တိုင်းရင်းသား အများအကျိုးဆောင်မယ့် တိုင်းရင်းသား
အများအကျိုးဆောင်မယ့် တိုင်းရင်းသား တိုင်းရင်းသား
တိုင်းရင်းသားတို့မှန်းမျှော်ရည် ဒီမိုကရေစီဖော်ဆောင်ဖို့ပဲ
တိုင်းရင်းသားတို့မှန်းမျှော်ရည် ဒီမိုကရေစီဖော်ဆောင်ဖို့ပဲ
တိုင်းရင်းသားတို့ရည်မျှော်တာ နိုင်ငံတော်မှာအေးချမ်းဖို့ပဲ
နိုင်ငံတော်မှာအေးချမ်းဖို့ပဲ တိုင်းရင်းသားတို့ရည်မျှော်တာ
တိုင်းရင်းသားတို့ရည်မျှော်တာ အေးချမ်းပါတဲ့ ပြည်မြန်မာ၊
ဖွံ့ဖြိုးဝေဆာ စည်ပင်သာဖို့
ဖွံ့ဖြိုးဝေဆာ စည်ပင်သာဖို့ အေးချမ်းပါတဲ့ ပြည်မြန်မာ
ညီညီညွတ်ညွတ်လုပ်ကြလျှင် မြန်တိုင်းတစ်ခွင်စည်ပင်မှာပေါ့
မြန်တိုင်းတစ်ခွင်စည်ပင်မှာပေါ့ ညီညီညွတ်ညွတ်လုပ်ကြလျှင်
တိုင်းရေးပြည်ရေးချင့်တွေးသော် ညီညွတ်ရေးနော်အဓိကပဲ
ညီညွတ်ရေးနော်အဓိကပဲ
စားဝတ်နေရေးပြည့်စုံလို တိုင်းရင်းသားကိုမဲပေးကြစို့
တိုင်းရင်းသားကိုမဲပေးကြစို့ စားဝတ်နေရေးပြည့်စုံလို
နိုင်ငံတစ်ဝှမ်းအေးချမ်းချင်လျှင် တိုင်းရင်းသားကိုမဲပေးကြစို့
တိုင်းရင်းသားကို မဲပေးကြစို့ နိုင်ငံတစ်ဝှမ်းအေးချမ်းလို
တိုင်းရင်းသားရဲ့စေတနာ တိုင်းနဲ့ပြည်ရွာပျံ့နှံ့စေသား
တိုင်းနဲ့ပြည်ရွာ ပျံ့နှံ့စေသား တိုင်းရင်းသားရဲ့ စေတနာ
ဟော့မောင်တို့၊ ဟော့မယ်တို့
ဟော့မယ်တို့၊ ဟော့မောင်တို့
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီကို မဲပေးကြပါစို့။

# လူကုန်ကူးမှုတားဆီးရေးနှင့်သက်ငယ်မုဒိမ်းမှုအကြောင်း သိကောင်းစရာများ မိသားစုအသွင်ဆွေးနွေးရာ စိတ်ဝင်စားမှုများပြား

**မုံရွာ ဇန်နဝါရီ ၃၀**



မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့နယ် အပါအဝင် ချောင်းဦးမြို့နယ်၊ အရာတော်မြို့နယ်နှင့် ဘုတလင်မြို့နယ်တို့တွင် ဇန်နဝါရီ ၂၇ ရက်မှစတင်၍ ပြည်သူလူထုဗဟိုပြု ရဲလုပ်ငန်းစနစ်ဖြစ်သည့် အိမ်တိုင်ရာရောက် ရဲလုပ်ငန်း (Home Visits) ကို ဆောင်ရွက်လျက်ရှိရာ ပြည်သူများအကြားဖြစ်ပွားနေသော လူကုန်ကူးခံရခြင်းနှင့် သက်ငယ်မုဒိမ်းမှုဖြစ်ပွားတတ်သည့် အကြောင်းရင်းများကို အဓိကထားဆွေးနွေးရာ အများက စိတ်ဝင်စားမှုပိုမိုကာ အမြဲမပြတ်သိသင့်သည်များ လာရောက်ပြောကြားပေးရန် ဖိတ်ခေါ်မှုများရှိကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးချင်းစိန်ထံမှ သိရသည်။

"အများပြည်သူ ခံစားနေရတဲ့ ပကတိအခြေအနေကို ရဲတပ်ဖွဲ့ဝင်တွေက ကူညီနိုင်တာ ကူညီဆောင်ရွက်ဖို့ အဓိကထား လုပ်ဆောင်နေတာပါ။ ထူးခြားတဲ့အသိရရှိစေဖို့ လူကုန်ကူးမှုတားဆီးရေးနဲ့ သက်ငယ်မုဒိမ်းမှု တားဆီးကာကွယ်နိုင်ရေးတွေကို အဓိကထား ဟောပြောတဲ့နေရာမှာ ဒေသခံအတော်များများက နားမလည်ကြသေးတာ တွေ့ရပါတယ်။ လူကုန်ကူးတာကို ဘယ်ဥပဒေနဲ့ ပြစ်ဒဏ်ပေးရမယ်ဆိုတာတွေ၊ သက်ငယ်မုဒိမ်းမှုဆိုတာ ဘယ်လိုဆိုတာသိအောင် အိမ်အရောက် ဟောပြောနေကြတာပါ။ သက်ငယ်မုဒိမ်းမှုနဲ့ လူကုန်ကူးတာကို တချို့က လုံးဝ နားမလည်သေးတာရှိသလို တချို့က သိသလိုလိုနဲ့ မသိသေးတာတွေရှိနေတယ်ဆိုတာ တွေ့ရပါတယ်။ အခုလို အိမ်တိုင်ရာရောက်သွားပြီး လုပ်ဆောင်တဲ့အတွက် ဆင်ခြင်စရာရှိတာတွေကို ဆင်ခြင်နိုင်သလို သိသွားတဲ့သူ အတော်များများကလည်း ဆင်ခြင်မယ်လို့ ပြောလာကြတာရှိပါတယ်။ အထူးသဖြင့် အခုလုပ်တဲ့ အိမ်တိုင်ရာရောက် ရဲလုပ်ငန်းကို အများက ကြိုဆိုကြပြီး နောက်နောင်ကိုလည်း အမြဲမပြတ်အသိတွေပေးဖို့ ဖိတ်ခေါ်တာတွေလည်း ရှိလာပါတယ်"ဟု ဒုတိယရဲမှူးကြီးချင်းစိန်က ပြောသည်။

ပြည်သူများက ရဲလုပ်ငန်းအပေါ် သက်ဝင်ယုံကြည်မှုရှိကာ ရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များကို ဖြေရှင်းလာနိုင်မည့် အလေ့အကျင့်ကောင်းများ အများပြည်သူအတွင်း ကျယ်ပြန့်စွာရောက်ရှိစေရန်နှင့် ပြည်သူများက ရဲလုပ်ငန်းနှင့် ရဲတပ်ဖွဲ့ဝင်များအပေါ် အမြင်ကြည်လင်ပြီး ပြည်သူ့ဘဝလုံခြုံရေးကို ရဲနှင့်ပြည်သူ ပူးပေါင်းဆောင်ရွက်လာစေရန် အိမ်တိုင်ရာရောက် ရဲလုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ အိမ်တိုင်ရာရောက်ရဲလုပ်ငန်းကို ဆောင်ရွက်ရန် မုံရွာခရိုင် ရဲတပ်ဖွဲ့မှူးရုံးတွင် မုံရွာခရိုင်အတွင်းရှိ လေးမြို့နယ်မှ လက်ရွေးစင်ရဲတပ်ဖွဲ့ဝင် ၁၆ ဦးကို မုံရွာခရိုင်ရဲတပ်ဖွဲ့ ဒုတိယခရိုင်ရဲမှူးစိန်မင်း ဦးစီး၍ လေးမြို့နယ်ရဲမှူးများက ဇန်နဝါရီ ၁၆ ရက်မှ ၂၇ ရက်အထိ ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်ကို စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ပြီး ဇန်နဝါရီ ၂၇ ရက်တွင် မုံရွာခရိုင် လေးမြို့နယ်တွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## မောင်တောမြို့နယ်အတွင်း၌ လူနှစ်ဦး ထပ်မံပျောက်ဆုံး

**နေပြည်တော် ဇန်နဝါရီ ၃၀**

မောင်တောမြို့နယ် ရွက်ညိုတောင်ကျေးရွာမှ ရွာသားတစ်ဦးနှင့် ဆင်သေပြင်(အရှေ့)ကျေးရွာမှ ရွာသားတစ်ဦးတို့ ပျောက်ဆုံးလျက်ရှိသဖြင့် ၎င်းတို့၏ မိသားစုဝင်များက နယ်မြေခံရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။

မောင်တောမြို့နယ် ရွက်ညိုတောင်ကျေးရွာနေ ရှော်ဖီရာမောက်(၂၅)နှစ်သည် ဇန်နဝါရီ ၂၇ ရက် နံနက် ၁၀ နာရီခန့်တွင် နေအိမ်မှ ရွာအတွင်းသို့ သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ ဇနီးဖြစ်သူက ဇန်နဝါရီ ၂၉ ရက်တွင် ငါးခူရနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်းနှင့် ဇန်နဝါရီ ၂၂ ရက်က ဆင်သေပြင်(အရှေ့)ကျေးရွာနေ အီဗြာဟိမ်း(၅၅)နှစ်သည် ကျွဲများသိမ်းရန် ထွက်ခွာသွားစဉ် ပြန်လည်ရောက်ရှိလာခြင်းမရှိ၍ ဇနီးဖြစ်သူက ဇန်နဝါရီ ၂၉ ရက်တွင် ငါးခူရနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်း သိရသည်။ **(သတင်းစဉ်)**

## မောင်တောမြို့၌ ဂျုံခေါက်ဆွဲပြုလုပ်နည်းသင်တန်းဖွင့်

**မောင်တော ဇန်နဝါရီ ၃၀**

မောင်တောခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ကြီးမှူး၍ ဂျုံခေါက်ဆွဲပြုလုပ်နည်းသင်တန်းကို ဇန်နဝါရီ ၂၉ ရက်က မောင်တောခရိုင် ပြန်/ဆက်ဦးစီးဌာနရှိ လူမှုအခြေအနေဗဟိုဌာန(Community Centre) တွင် ပြုလုပ်သည်။

သင်တန်းတွင် ဘူးသီးတောင်တပ်နယ်မှ ဒုတပ်ရင်းမှူး၏ဇနီး ဒေါ်ဖြူဖြူအောင် ဦးဆောင်သော ရဲမေများနှင့် တပ်သားတစ်ဦးတို့က လျှပ်စစ်ပါဝါမလိုသည့် တန်ဖိုးနည်း Manuan ခေါက်ဆွဲဖတ်ပြုလုပ်စက်ငယ်ဖြင့် ဂျုံခေါက်ဆွဲပြုလုပ်ပုံအဆင့်ဆင့်ကို စနစ်တကျသင်ကြားပြသပေးပြီး ရရှိလာသည့် ခေါက်ဆွဲဖတ်များအား ဆီချက်ခေါက်ဆွဲအဖြစ် စားဖွယ်ပြုလုပ်ကာ တက်ရောက်လာသည့် သင်တန်းသူများအား ဧည့်ခံကျွေးမွေးခဲ့သည်။

သင်တန်းသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းမှ ဆရာမများနှင့် သင်တန်းသူများ၊ မြတ်လေးပန်း အမျိုးသမီးလူမှုကူညီရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မောင်တောမြို့နယ်ရဲတပ်ဖွဲ့ဝင်များ၏ ဇနီးရဲမေများ၊ ပြန်/ဆက်ဝန်ထမ်းများ၊ မြို့ပေါ်အသီးသီးမှ အမျိုးသမီးများ စုစုပေါင်း ၈၀ တက်ရောက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## လက်ပစ်ဗုံးနှင့် ပစ်ပြေးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ



**မိုးကောင်း ဇန်နဝါရီ ၃၀**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ထိုပူးကျေးရွာတွင် နေထိုင်သူဦးစိုးဝင်းသည် ထိုပူးချောင်းအရှေ့ဘက် သုံးမိုင်ခန့်ရှိ တောင်ပို့လျှကွင်းလယ်တဲတွင် ပစ္စည်းများသိမ်းဆည်းနေစဉ် ယနေ့နံနက် ၈ နာရီခန့်တွင် မသင်္ကာသူတစ်ဦးက လက်ပစ်ဗုံးဖြင့်ပစ်ပြီး ထွက်ပြေးခဲ့သဖြင့် ဦးစိုးဝင်း(၃၂)နှစ်၏ဘယ်ဘက်လက်မှ လက်ချောင်းအချို့ပြတ်သွားပြီး ညာဘက် လက်မနှင့်လက်ဖျံတွင် လက်ပစ်ဗုံးအစထိမှန်ခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိခဲ့သူ ဦးစိုးဝင်းအား မိုးကောင်းပြည်သူ့ဆေးရုံတွင် အရေးပေါ်ကုသမှုခံယူပြီး မြစ်ကြီးနားဆေးရုံသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ဆက်လက်ပို့ဆောင်ခဲ့ကြောင်း သိရသည်။**(ဝင်းနိုင်)**

## မီးရထားလမ်းဘေးအမှိုက်ပုံမှ လက်ပစ်ဗုံးဟောင်းတစ်လုံးတွေ့ရှိ

**ဖားကန့် ဇန်နဝါရီ ၃၀**



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ အမှတ်(၄)ရပ်ကွက် မြို့မဈေးရှေ့ ရထားလမ်းဘေး စွန့်ပစ်အမှိုက်ပုံထဲမှ ဇန်နဝါရီ ၃၀ ရက် ညနေ ၃ နာရီ ၅၅ မိနစ်တွင် မောင်ထွန်းထွန်းအောင်(၁၄)နှစ်သည် လက်ပစ်ဗုံးဟောင်း(ပလပ်ပါ)တစ်လုံး တွေ့ရှိရာ မြို့နယ်(CIJ) မှူးခင်း သတင်းတာဝန်ခံ ဦးကျော်မျိုးလွင်အား လာရောက်အကြောင်းကြားသဖြင့် ဇီးကုန်းမြို့မရဲစခန်းသို့ ဆက်လက်သတင်းပို့ရာ ရဲမှူးမြင့်ထွန်း၊ ဒုတိယရဲမှူးဝင်းနိုင်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများက လာရောက်သိမ်းဆည်းသွားကြောင်း သိရသည်။

**(ဇ၇၁)**



## တာချီလိတ်မြို့ တာလေ့ရပ်ကွက်ရှိ နေအိမ်အပေါ်ထပ်မီးလောင်၍ လူတစ်ဦး သေဆုံး

**တာချီလိတ် ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ တာလေ့ရပ်ကွက် ဂေါ်သဇင်လမ်း အိမ်အမှတ်(၄/၁၆၀)(က၊ခ) ပိုင်ရှင် ဦးစိုင်းမြင့်၏ နေအိမ်ငါးထပ်ရှိ အပေါ်ဆုံးထပ်တွင် ယနေ့နံနက် ၈ နာရီ မိနစ် ၂၀ ခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။


ဖြစ်စဉ်မှာ အိမ်ပိုင်ရှင် ဦးစိုင်းမြင့် (၇၃)နှစ်သည် နေအိမ်အပေါ်ဆုံးထပ်ရှိ ဘုရားစင်တွင် ဖယောင်းတိုင်မီးပူဇော်ရာမှ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ပြီး မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ဇော်လင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက မီးသတ်ယာဉ်၊ ရေသယ်ယာဉ် စုစုပေါင်း ၁၀ စီး၊ ထိုင်းနိုင်ငံမယ်ဆိုင်မြို့မှ မီးသတ်ယာဉ်များဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မီးလုံးဝငြိမ်းသွားသည်။

မီးလောင်ရာသို့ စစ်ဗျူဟာအဖွဲ့(အခြေချ) တာချီလိတ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်ကိုထိုက်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထိန်ဝင်းနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ဦးစိုင်းမြင့်မှာ သေဆုံးခဲ့ပြီး အခန်းအတွင်းရှိ ပစ္စည်းများမီးလောင်ခဲ့ရာ တန်ဖိုးငွေကျပ် ၇၆ သိန်းခန့် ဆုံးရှုံးမှုဖြစ်ကာ အခြားသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အိပ်မက်ဆန်ဆန်ရရှိခဲ့တဲ့ ဖက်ဒဲရာရဲ့ ဩစတြေးလျအိုးပင်းအောင်ပွဲ



ဇန်နဝါရီ ၂၉ ရက် ဩစတြေးလျနိုင်ငံ မယ်လ်ဘုန်းမြို့ ရော့ဒ်လေဗာကွင်းကြီးထဲမှာ ယှဉ်ပြိုင်ခဲ့တဲ့ ဖက်ဒဲရာနဲ့ နာဒဲလ်တို့ရဲ့ ဗိုလ်လုပွဲစဉ်မှာ ဖက်ဒဲရာက အစဉ်အလာအရ အသာရလေ့မရှိတဲ့ နာဒဲလ်ကို ၆-၄၊ ၃-၆၊ ၆-၁၊ ၃-၆၊ ၆-၃ နဲ့ အနိုင်ယူပြီး သူ့အတွက် (၁၈)ဆုမြောက် ဂရင်းစလင်း ချန်ပီယံဆုအဖြစ် ရယူသွားပါတယ်။ ဖက်ဒဲရာက နောက်ဆုံးပွဲငယ်မှာ ဆေးကုသမှုခံယူခဲ့ရသေးပေမယ့် ၆-၃ နဲ့ အနိုင်ယူဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။

နာဒဲလ်နဲ့ ဖက်ဒဲရာတို့ အခုလို ဗိုလ်လုပွဲမှာ ဆုံတွေ့ခဲ့ရတာကြောင့် ပရိသတ်တွေစိတ်ဝင်စားမှုမြင့်တက်ခဲ့ပြီး ဗိုလ်လုပွဲ လက်မှတ်တစ်စောင်က ပေါင် ၂၆၀၀၀ လောက်အထိ ဈေးပေါက်ခဲ့တာကိုလည်းတွေ့ရပါတယ်။ အခု ဂရင်းစလင်းဆုမအတိုင်မီ ဖက်ဒဲရာရရှိခဲ့တဲ့ နောက်ဆုံးဂရင်းစလင်းဆုက ၂၀၁၂ ခုနှစ် ဝင်ဘယ်လ်ဒန်အိုးပင်းဖလား ဖြစ်တာကြောင့် ဖက်ဒဲရာအနေနဲ့ ဂရင်းစလင်းဖလားကို ဆွတ်ခူးနိုင်ခြင်းမရှိတာ ငါးနှစ်တာကာလရောက်ရှိခဲ့ပြီး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်က ဩစတြေးလျအိုးပင်းနဲ့ ဝင်ဘယ်လ်ဒန်အိုးပင်း အကြိုဗိုလ်လုပွဲအဆင့်အထိ တက်ရောက်နိုင်ပေမယ့် ဒူးဒဏ်ရာပြဿနာကြောင့် ခြောက်လတာ အနားယူခဲ့ရပြီး ကမ္ဘာ့အဆင့်(၁၇)နေရာ အထိ ကျဆင်းသွားခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်အတွင်း ကမ္ဘာ့ အဆင့် ထည့်သွင်းမတွက်ချက်တဲ့ ဟော့မန်းဖလားပြိုင်ပွဲမှာ ဆွစ်ဇာလန်နိုင်ငံ ကိုယ်စားပြုအဖြစ် ပထမဦးဆုံး ပြန်လည်ယှဉ်ပြိုင်ခဲ့ပြီးနောက် ဩစတြေးလျ အိုးပင်းကို ဝင်ရောက်ယှဉ်ပြိုင်လာတာဖြစ်ပါတယ်။

ဒီနှစ်ဩစတြေးလျအိုးပင်းကလည်း ဖက်ဒဲရာအတွက် အလုံးစုံချောမွေ့ခဲ့တာမဟုတ်ဘဲ အစောပိုင်းပတ်လည် အဆင့်တွေကတည်းက ကမ္ဘာ့အဆင့်သတ်မှတ်ချက်(၁၀) အတွင်းရှိ သောမတ်စ်ဘာဒက်ချ်နဲ့ နီရှိုကိုရီတို့လို ကစားသမားတွေနဲ့ စောစောစီးစီးတွေ့ဆုံခဲ့ရသလို ကွာတားဖိုင်နယ်အဆင့်မှာ အန်ဒီမာရေးကို ဖြုတ်ချခဲ့တဲ့ ဇာဗရက်၊ အကြိုဗိုလ်လုပွဲအဆင့်မှာ ကမ္ဘာ့အဆင့်(၄)ဝေါ်ရင်ကာတို့ကို အနိုင်ယူပြီးဗိုလ်လုပွဲကို တက်ရောက်လာနိုင်ခဲ့တာ ဖြစ်ပါတယ်။ ဖက်ဒဲရာက နာဒဲလ်နဲ့ ယခုပွဲမတိုင်မီ ၃၄ ကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာ ၁၁ ကြိမ် နိုင်၊ ၂၃ ကြိမ်ရှုံးဆိုတဲ့ ရလဒ်ထွက်ပေါ်ထားပြီး ဂရင်းစလင်း ဗိုလ်လုပွဲမှာ နာဒဲလ်အပေါ် နောက်ဆုံးအနိုင်ရခဲ့တာက ၂၀၀၇ ခုနှစ် ဝင်ဘယ်လ်ဒန် အိုးပင်းဖလား မှာဖြစ်ပါတယ်။ ဒါကြောင့် ဖက်ဒဲရာဟာ နာဒဲလ်ကို ဂရင်းစလင်းပြိုင်ပွဲမှာ အသာမရခဲ့တာ ၁၀ စုနှစ် တစ်ခုရှိနေပြီလို့ ပြောရမှာဖြစ်ပါတယ်။ ဗိုလ်လုပွဲမှာတော့ ဂရင်းစလင်းဗိုလ်လုပွဲမှာ အနိုင်မယူနိုင်တာ ၁၀ စုနှစ်တစ်ခုကြာမြင့်နေပြီဖြစ်တဲ့ နာဒဲလ်ကို အနိုင်ယူဗိုလ်စွဲခဲ့တာဖြစ်ပါတယ်။ ဖက်ဒဲရာ အတွက်တော့ အခုနိုင်ပွဲက အိပ်မက်ဆန်တဲ့ အောင်မြင်မှုလို့ တောင်ပြောလို့ရပြီး အသက်(၃၅)နှစ် ကျော်မှ ငါးနှစ်ကြာ ရယူနိုင်ခြင်းမရရှိခဲ့တဲ့ ဂရင်းစလင်း အောင်မြင်မှုကို ထပ်မံရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဖက်ဒဲရာကတော့ သူအနေနဲ့ နာဒဲလ်နဲ့ ယှဉ်ပြိုင်တိုင်း အမြဲအခက်တွေ့ရသလို နာဒဲလ်ဘေးမှာရှိပြီး ချန်ပီယံဆုဖလားရယူ နိုင်တာလောက် ပြီးပြည့်စုံတဲ့ ခံစားချက်မျိုး မရှိဘူးလို့ ဆိုပါတယ်။ နာဒဲလ်ကလည်း ကာလရှည်အနားယူခဲ့ပြီး ပထမဦးဆုံးပြန်လည်ကစားတဲ့ ပွဲစဉ်မှာပဲ ချန်ပီယံဆုကို ရယူနိုင်ခဲ့တဲ့ ဖက်ဒဲရာကို ဂုဏ်ပြုလိုကြောင်း ပွဲအပြီး အင်တာဗျူးမှာ ထည့်သွင်းဖြေကြားခဲ့ပါတယ်။

ဖက်ဒဲရာအနေနဲ့ အခုလို ဗိုလ်လုပွဲမှာ နာဒဲလ်အပေါ် အသာရခဲ့တာက ၂၄ နာရီကျော် နားချိန်ပိုမိုရရှိခဲ့တာကလည်း အကြောင်းတရားတစ်ရပ်ဖြစ်ပါတယ်။ နာဒဲလ်က အကြိုဗိုလ်လုပွဲမှာ ဒီမီထရော့ဗ်ကို လေးနာရီ ၅၆ မိနစ်ကြာအောင်ကစားပြီးမှ ဗိုလ်လုပွဲတက်ရောက်လာနိုင်တာကြောင့် ဖက်ဒဲရာလောက် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ နှစ်ရပ်စလုံးမှာ အနားမရခဲ့ပါဘူး။ ဒါပေမယ့် ဖက်ဒဲရာအနေနဲ့ ဩစတြေးလျအိုးပင်းချန်ပီယံ ဆုကိုရရှိဖို့ ကမ္ဘာ့အဆင့်(၁၀)အတွင်းရှိ ကစားသမား လေးဦးကို ဖြတ်ကျော်ခဲ့ရတာကြောင့် လွယ်ကူတဲ့အောင်ပွဲတော့မဟုတ်ပါဘူး။ ကံကောင်းခဲ့တာတစ်ခုကတော့ ပွဲစဉ်တစ်လျှောက် ကမ္ဘာ့အဆင့်(၃)အတွင်း ရပ်တည်နေတဲ့ အန်ဒီမာရေး၊ ဂျိုကိုဗစ်နဲ့ ရာအိုနစ်တို့လို ကစားသမားတွေကို ရှောင်လွှဲနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ်ပါ ပြိုင်ပွဲတွေနဲ့ ခြောက်လတာ ကင်းကွာနေခဲ့ပြီးမှ သူအနှစ်နှစ်အလလက မျှော်လင့်နေတဲ့ ဂရင်းစလင်း ချန်ပီယံဆုကို ပြန်လည်ရရှိခဲ့တာကတော့ အနည်းငယ်ထူးခြားတဲ့ကိစ္စရပ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ဖက်ဒဲရာက တင်းနစ်လောကမှာ ဂရင်းစလင်းချန်ပီယံဆုကို စံချိန်တင်အရေအတွက်အများဆုံးရရှိထားတဲ့ ကစားသမားဖြစ်ပြီး အခုလို နောက်ထပ်ဖလားတစ်လုံးကို နောက်ထပ် ထပ်မံရယူနိုင်ခဲ့တာကြောင့် လက်ရှိတင်းနစ်လောကတွင်း ကျင်လည်နေတဲ့ ကစားသမားတွေထဲမှာ သူ့ရဲ့စံချိန်ကို လိုက်မီဖို့ အနီးဆုံးအနေအထားကို ပိုင်ဆိုင်ထားတဲ့ နာဒဲလ်၊ ဂျိုကိုဗစ်တို့ အနေနဲ့ သူ့ရဲ့ စံချိန်ကို ချိုးဖျက်ဖို့ ပိုမိုခဲယဉ်းတဲ့ အနေအထား တစ်ရပ်ကို ရောက်ရှိသွားပြီလို့ သတ်မှတ်ရမှာ ဖြစ်ပါတယ်။

**မေလဲ့သင်း – စုစည်းသည်**


### ဖက်ဒဲရာနဲ့ နာဒဲလ် ဂရင်းစလင်း ဗိုလ်လုပွဲတွင်တွေ့ဆုံခဲ့မှု မှတ်တမ်း

| | | |
|---|---|---|
| ၂၀၀၆ ပြင်သစ်အိုးပင်း | နာဒဲလ်က | ၁-၆၊ ၆-၁၊ ၆-၄၊ ၇-၆(၇-၆)ဖြင့် အနိုင်ရရှိ |
| ၂၀၀၆ ဝင်ဘယ်လ်ဒန်အိုးပင်း | ဖက်ဒဲရာက | ၆-၀၊ ၇-၆(၇-၅)၊ ၆-၇(၂-၇)၊ ၆-၃ ဖြင့် အနိုင်ရရှိ |
| ၂၀၀၇ ပြင်သစ်အိုးပင်း | နာဒဲလ်က | ၆-၃၊ ၄-၆၊၆-၃၊ ၆-၄ဖြင့် အနိုင်ရရှိ |
| ၂၀၀၇ ဝင်ဘယ်လ်ဒန်အိုးပင်း | ဖက်ဒဲရာက | ၇-၆(၉-၇)၊၄-၆၊ ၇-၆(၇-၃)၂-၆၊ ၆-၂ ဖြင့် အနိုင်ရရှိ |
| ၂၀၀၈ ပြင်သစ်အိုးပင်း | နာဒဲလ်က | ၆-၁၊ ၆-၃၊ ၆-၀ဖြင့်အနိုင်ယူ |
| ၂၀၀၈ ဝင်ဘယ်လ်ဒန်အိုးပင်း | နာဒဲလ်က | ၆-၄၊ ၆-၄၊ ၆-၇(၅-၇)၆-၇(၈-၁၀)၉-၇ ဖြင့် အနိုင်ယူ |
| ၂၀၀၉ ဩစတြေးလျအိုးပင်း | နာဒဲလ်က | ၇-၅၊ ၃-၆၊ ၇-၆(၇-၃)၃-၆၊ ၆-၂ ဖြင့် အနိုင်ယူ |
| ၂၀၁၁ ပြင်သစ်အိုးပင်း | နာဒဲလ်က | ၇-၅၊၇-၆(၇-၃)၊ ၅-၇၊ ၆-၁ ဖြင့် အနိုင်ယူ |
| ၂၀၁၇ ဩစတြေးလျအိုးပင်း | ဖက်ဒဲရာက | ၆-၄၊ ၃-၆၊ ၆-၁၊ ၃-၆၊၆-၃ ဖြင့် အနိုင်ယူ |

### အမျိုးသားတစ်ဦးချင်းပွဲစဉ်များတွင် ဂရင်းစလင်းဖလားအများဆုံးရရှိထားတဲ့ ကစားသမားများ

| အမည် | လူမျိုး | ဂရင်းစလင်းဖလားအရေအတွက် |
|---|---|---|
| ဖက်ဒဲရာ(၂၀၀၃-ယခုထိ) | ဆွစ်ဇာလန် | ၁၈ |
| နာဒဲလ်(၂၀၀၅ယခုထိ) | စပိန် | ၁၄ |
| ပီဆန်းပရက်စ်(၁၉၉၀-၂၀၀၂) | အမေရိကန် | ၁၄ |
| ဂျိုကိုဗစ်(၂၀၀၈-ယခုထိ) | ဆားဘီယား | ၁၂ |
| ရွိုင်းအီမာဆန်(၁၉၆၁-၁၉၆၇) | ဩစတြေးလျ | ၁၂ |

# ပြဿနာများနဲ့ ပြီးပြတ်ခဲ့ပြီဖြစ်တဲ့ ပါယက်ရဲ့ မာဆေးလ် အပြောင်းအရွှေ့ကိစ္စ




မာဆေးလ်အသင်း ဂျာစီဝတ်ဆင်ထားသည့် ပါယက်၏ ဓာတ်ပုံများ ထွက်ပေါ်လာပြီးနောက် ဝက်စ်ဟမ်းအသင်းက ပါယက်အနေဖြင့် မာဆေးလ်အသင်းသို့ ပြန်လည်ပြောင်းရွှေ့သွားပြီဟု အတည်ပြုကြေညာခဲ့သည်။ ပါယက်က လန်ဒန်မြို့မှ ပြင်သစ်နိုင်ငံတောင်ပိုင်း မာဆေးလ်မြို့သို့ သီးသန့်လေယာဉ်ဖြင့် သွားရောက်ကာ လေးနှစ်ခွဲစာချုပ်လက်မှတ်ရေးထိုး ပြောင်းရွှေ့သွားခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းတွဲဖက်ဥက္ကဋ္ဌ ဒေးဗစ် ဆူလီဘန်က ပါယက်အနေဖြင့် ဝက်စ်ဟမ်းအသင်းအပေါ် လေးစားမှုလျော့ရဲခဲ့ပြီး ပြီးခဲ့သည့်နှစ်ကမှ ကလပ်အသင်းနှင့် ငါးနှစ်ခွဲစာချုပ်ချုပ်ဆိုခဲ့သည်ကို သတိရသင့်ကြောင်း ပြစ်တင်ဝေဖန်ခဲ့သည်။ ပါယက်သည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလအတွင်းကမှ ဝက်စ်ဟမ်းအသင်းနှင့် ငါးနှစ်ခွဲစာချုပ် လက်မှတ်ရေးထိုးခဲ့သူဖြစ်သည်။ သို့သော် အနေအထားများကြောင့် ပါယက်အနေဖြင့် ဝက်စ်ဟမ်းအသင်းအပေါ် သစ္စာစောင့်မှုအတွက် သီးခြားရရှိမည့် အပိုဆုကြေး ပေါင်တစ်သန်း ရရှိ၊ မရရှိဆိုသည်ကိုမူ မသိရသေးပေ။ ဆူလီဘန်၏သားဖြစ်သူ ဂျက်ကလည်း ပါယက်နှင့် မြွေများဟူသော အကြောင်းအရာကို သူ၏တွစ်တာစာမျက်နှာပေါ်တွင် ချက်ချင်းဆိုသလိုတင်ခဲ့သည်။

ဝက်စ်ဟမ်းအသင်းဥက္ကဋ္ဌ ဒေးဗစ်ဂိုးလ်က မာဆေးလ်အသင်းသို့ ပါယက်ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းဖြင့် ပြောင်းရွှေ့သွားသည်ဆိုသည့်သတင်းကို အတည်ပြုခဲ့သည်။ ပါယက်သည် ၂၀၁၅ ခုနှစ်တွင် မာဆေးလ်မှ ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၀ ဒသမ ၇ သန်းဖြင့် ပြောင်းရွှေ့လာခဲ့သူဖြစ်ရာ ဝက်ဟမ်းအနေဖြင့် အဆိုပါအပြောင်းအရွှေ့မှ ပေါင် ၁၃ သန်းကျော် အကျိုးအမြတ်ရရှိခဲ့သည်။


ဝက်စ်ဟမ်းနည်းပြ ဘီလစ်က ပါယက်ကို ကလပ်အသင်းတွင် ရေရှည်ဆက်လက်ကစားရန် ဆန္ဒရှိခဲ့သော်လည်း ဝက်စ်ဟမ်းပရိသတ်များက ပါယက်ကို အိမ်အပြန်လမ်းတွင် ကြည့်ဥများဖြင့် ပစ်ပေါက်ခဲ့ပြီးနောက် ပါယက်က ဝက်စ်ဟမ်းအတွက် ဝင်ရောက်ကစားပေးရန် ငြင်းဆန်ခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဝက်စ်ဟမ်းပရိသတ်များက ပါယက်၏ ကျောနံပါတ်(၂၇) ဂျာစီကို မီးရှို့ခြင်း၊ ခြေဖြင့်နင်းခြင်းတို့ ပြုလုပ်ခဲ့ကြသလို ဝက်စ်ဟမ်းအသင်းကွင်းရှေ့ရှိ ပါယက်ရုပ်ပုံရှေ့တွင် ၂၄ နာရီ လုံခြုံရေးချထားခဲ့ရသည်အထိ ဖြစ်ခဲ့သည်။ ပါယက်ကိုယ်တိုင်လည်း ဝက်ဟမ်းအသင်းကြီးနှင့် လေ့ကျင့်ရေးဆင်းခွင့်မရရှိဘဲ အသက်(၂၃)နှစ်အောက် လူငယ်အသင်းနှင့်သာ လေ့ကျင့်ရေးဆင်းခဲ့ရသည်။ ပါယက်၏ဇနီးဖြစ်သူကမူ ဝက်စ်ဟမ်းအသင်းမှ ပါယက်ထွက်ခွာရန် အားလုံးက ဝိုင်းကာ ဖိအားပေးနေကြခြင်းဖြစ်ကြောင်း တုံ့ပြန်ပြောကြားထားပြီးဖြစ်သည်။

## ရှဝိန်းစတိုင်ဂါကို ဇန်နဝါရီဈေးကွက်အတွင်း ထုတ်ရောင်းမည်မဟုတ်ဟု မော်ရင်ဟို အတည်ပြု

ကွင်းလယ်လူ ရှဝိန်းစတိုင်ဂါ အနေဖြင့် မန်ယူအသင်းတွင်သာ ဆက်ရှိနေမည်ဖြစ်ပြီး ယခုဇန်နဝါရီဈေးကွက်အတွင်း စတိုင်ဂါကို ထုတ်ရောင်းမည်မဟုတ်ဟု နည်းပြ မော်ရင်ဟိုက အတည်ပြုပြောကြားခဲ့သည်။ ရှဝိန်းစတိုင်ဂါမှာ ဝီဂန်နှင့် အက်ဖ်အေဖလားပွဲစဉ်တွင် မန်ယူအတွက် ယခုနှစ်ဘောလုံးရာသီအတွင်း ပထမဦးဆုံးပွဲထွက်ခွင့် ပြန်လည်ရရှိလာပြီးနောက် သွင်းဂိုးတစ်ဂိုးပါ သွင်းယူနိုင်ခဲ့သည်။ မော်ရင်ဟိုက ရှဝိန်းစတိုင်ဂါအနေဖြင့် ယူရိုပါလိဂ် မန်ယူအသင်းလူစာရင်းတွင် ပါဝင်လာမည်ဖြစ်သလို ဒီပိုင်းနှင့် ရှနိုက်ဒါလင်တို့ကို ထွက်ခွာခွင့်ပေးခဲ့ပြီးနောက် ရှဝိန်းစတိုင်ဂါအတွက် အခွင့်အရေးပိုမိုရရှိလာပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

မော်ရင်ဟိုက မန်ယူနည်းပြဖြစ်လာခဲ့ပြီးနောက် ရှဝိန်းစတိုင်ဂါမှာ မန်ယူအသင်း၏ ၂၅ယောက်လူစာရင်းတွင် ပါဝင်မည်မဟုတ်ဟု ပြောကြားခဲ့ပြီး မန်ယူလူငယ်အသင်းနှင့်သာ လေ့ကျင့်ခန်းဆင်းခိုင်းခဲ့သည်။ ရှဝိန်းစတိုင်ဂါမှာ ပြီးခဲ့သည့်နိုဝင်ဘာလအတွင်း ဝက်စ်ဟမ်းအသင်းအား အနိုင်ရရှိသည့် အီးအက်ဖ်အယ်ဖလား ပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် ဝင်ရောက်ကစားခွင့်ရခဲ့ပြီးနောက် ယခု ဝီဂန်နှင့် ပွဲစဉ်မှာပင် ပထမဦးဆုံးပွဲထွက်ကစားခွင့် ရခြင်းဖြစ်သည်။ သို့သော် စတင်ပွဲထွက်ခွင့်ရသည့် ပွဲစဉ်မှာပင် သွင်းဂိုးပါ သွင်းယူပြီးသူ၏ တန်ဖိုးအစစ်အမှန်ကို ပြသနိုင်ခဲ့သည်။

# Renaissance Myanmar လစဉ်ထုတ်မဂ္ဂဇင်း ထွက်ရှိ




၂၀၁၆ ခုနှစ် ဒီဇင်ဘာလ-၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွက် Renaissance Myanmar မဂ္ဂဇင်းကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

အဆိုပါမဂ္ဂဇင်းတွင် ဦးကိုကိုလှိုင်၏ မြန်မာ-တရုတ်-အမေရိကန် သုံးပွင့်ဆိုင် ဆက်ဆံရေး မဟာဗျူဟာအမြင်သုံးသပ်ချက်၊ မှူးဇော်၏ ကမ္ဘာ့နိုင်ငံရေးရာသီဥတု ပြောင်းလဲမှုနှင့် မြန်မာနိုင်ငံ၊ ဘိုဘိုကျော်ငြိမ်း၏ အမေရိကန်နှင့် တရုတ်ပြည်ကြားက မြန်မာပြည်၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ မြန်မာ - အမေရိကန် - တရုတ် နိုင်ငံတကာဆက်ဆံရေး ဆောင်းပါးများ ပါရှိသည်။

ထို့ပြင် ဒေါ်လှမြတ်ချယ်၊ ပါမောက္ခ ဒေါ်ချောချောစိန်၊ ဇော်မင်းထွန်း (ရေနံချောင်း)၊ ရဲထွန်း (သီပေါ)၊ မျိုးမင်း (မကျည်းလဟာ)၊ ချစ်ထွန်းဖေ၊ စောနိုင် (အသုံးချဘောဂဗေဒ) နှင့် ဇေယျသူတို့၏ စိတ်ဝင်စားစရာ ဆောင်းပါးများ ပါရှိသည်။

အဆိုပါစာအုပ်ကို တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် အောက်မြန်မာပြည် တွင် စာပေနန်းတော်၊ နေပြည်တော်တွင် ဂျမ်းဘုံစတိုးနှင့် အထက်မြန်မာပြည်တွင် ဦးဝင်းဖေမောင်တို့က တာဝန်ယူဖြန့်ချိသွားမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

# ကျော်စောမင်း၏ ဖတ်ကြည့် ဆောင်းပါးပေါင်းချုပ်စာအုပ် ထွက်ရှိ

စာရေးသူ ကျော်စောမင်း၏ ပြည်သူ့အရေးဂျာနယ်နှင့် ကြေးမုံသတင်းစာတို့တွင် ပါရှိခဲ့သည့် ဖတ်ကြည့်ဆောင်းပါးများ ပေါင်းချုပ်စာအုပ်ကို ထုတ်ဝေဖြန့်ချိထားကြောင်း သိရသည်။

ယင်းစာအုပ်တွင် ပြည်သူ့အရေးဂျာနယ်တွင် ဖော်ပြခဲ့သည့် ဖတ်ကြည့်ဆောင်းပါးများဖြစ်သော စာပေထဲက နိုင်ငံရေးစံ၊ အနုပညာဟာ ဘာအတွက်လဲ၊ စာပေနှင့် နိုင်ငံရေးဘဝ၊ စာပေထဲက နိုင်ငံရေးအခင်းအကျင်း၊ မှော်ရုံဟောဝန်တောမြိုင်စွန်၊ စာပေဆုပြဿနာ၊ ဆုကိစ္စ ဂယက်စသည့် ဆောင်းပါး ၁၈ ပုဒ်၊ ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့သည့် ကြေးမုံဖတ်ကြည့်ဆောင်းပါး ၁၈ ပုဒ် စုစုပေါင်း ၃၆ ပုဒ်ပါရှိသည်။

စာရေးသူက ပြုပြင်ပြောင်းလဲရေး ကြွေးကြော်သံဖြင့် တက်လာခဲ့သော အစိုးရသစ်လက်ထက်တွင် ဝေဖန်ရေးစာပေကို ပြန်အသက်သွင်းရန် စိတ်ပါလာခဲ့ကြောင်း၊ ပြည်သူ့အရေးဂျာနယ်တွင်လည်း မြန်မာစာပေ ဝေဖန်ရေးနောက်ခံကားကိုရေးဖြစ်နေပြီး သတင်းစာကို အသွင်ပြောင်းလိုသူများက ကြေးမုံအတွက် ဆောင်းပါးတောင်းသောအခါ ဖတ်ကြည့်ကို စဉ်းစားမိကြောင်းဖြင့် ဆောင်းပါးများ ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ ရေးသားထားသည်။

အဆိုပါစာအုပ်ကို လင်းလွန်းခင်စာပေက ထုတ်ဝေဖြန့်ချိပြီး တစ်အုပ်လျှင် တန်ဖိုးငွေကျပ် ၃၀၀၀ ဖြစ်သည်။

**(ကြေးမုံ)**




# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဟောပြောပြီး ယာဉ်မောင်းလိုင်စင်များထုတ်ပေး

**နေပြည်တော် ဇန်နဝါရီ ၃၀**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်ရုံး)နှင့် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်)တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်)ရှိ ဝန်ထမ်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောခြင်း၊ သင်တန်းပို့ချခြင်းနှင့် မော်တော်ဆိုင်ကယ်မောင်းလိုင်စင် "က" စစ်ဆေးထုတ်ပေးခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၉ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်ရုံး) ဦးစီးမှူးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေး ဟောပြောပို့ချပြီး မော်တော်ဆိုင်ကယ် "က" စစ်ဆေးအောင်မြင်သူဝန်ထမ်း ၁၀၆ ဦးအား ယာဉ်မောင်းလိုင်စင်ထုတ်ပေးကြောင်း သိရသည်။

**(ကြေးမုံ)**



မော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာအုပ်စု ပရဟိတလူငယ်မောင်မယ်များအဖွဲ့ကဦးစီးပြီး ဌာနဆိုင်ရာများပူးပေါင်းကာ သက်ငယ်မုဒိမ်းမှုပပျောက်ရေးအသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၉ ရက် နံနက် ၉ နာရီ က ဆပ်သွားတောဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်က ကလေးသူငယ် လိင်အကြမ်းဖက်မှုဆိုင်ရာ ဖြစ်စဉ်များကို ရှင်းလင်းဟောပြောစဉ်။ **(မြို့နယ်ပြန်/ဆက်)**

## စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ
## အ-ထ-က(၁)၊ ကော့သောင်းမြို့

ကော့သောင်းမြို့၊ အ-ထ-က(၁) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကြီးကို ၂၅-၃-၂၀၁၇ (စနေနေ့)တွင် ကော့ကောင်းမြို့၊ အထက-၁၊ ကျောင်းဝင်းအတွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ကော့သောင်းမြို့ အထက-၁၊ ကျောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသော အသက်(၅၀)နှစ်နှင့်အထက် ဆရာ၊ ဆရာမများအားလုံး ကန်တော့ခံ ကြွရောက်နိုင်ပါရန်အတွက် ၁၅-၃-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီး နီးစပ်ရာ အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်ပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအကြောင်းကြားအပ်ပါသည်။ အဝေးရောက်ကျောင်းသား/သူဟောင်းများကိုလည်း ပါဝင်ဆင်နွှဲနိုင်ပါရန် လေးစားစွာဖြင့် အသိပေးဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| ရန်ကုန် | - ကိုမောင်မောင်သောင်း | (ဖုန်း-၀၉-၅၀၁၁၅၇၅) |
| | - မညိုမာမို့မို့လွင် | (ဖုန်း-၀၉-၂၅၀၁၂၉၄၀၇) |
| မော်လမြိုင် | - မသဇင်ဌေး | (ဖုန်း-၀၉-၄၄၉၂၅၄၀၄၈) |
| ထားဝယ် | - ဒေါ်အေးအေးလင်း | (ဖုန်း-၀၉-၅၆၅၀၁၂၂) |
| | - ဦးခင်မောင်အေး | (အလှူသစ်စတိုး) |
| မြိတ် | - ကိုအုန်းမြင့် | (ဖုန်း-၀၉-၈၇၆၀၉၃၇) |
| ကော့သောင်း | - ကိုအောင်မိုး | (ဖုန်း-၀၉-၂၆၂၄၇၅၅၅၃) |
| | - ကိုစိုးမိုးကျော် | (ဖုန်း-၀၉-၂၅၄၈၂၂၁၇၃) |
| | - ကိုအောင်ဇာနည်စိုး | (ဖုန်း-၀၉-၄၂၂၁၉၆၅၈၈) |
| | - ကိုကိုအောင် | (ဖုန်း-၀၉-၄၁၀၀၅၆၀၈) |

**မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ**

ဆရာယုန်ဘိုင်အို တည်ထောင်သည်
**အောင်တံခွန်**
အထက်တန်းအဆင့်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် ဘော်ဒါ
[(၉)တန်း (၁၀)တန်း] [တစ်လချင်းပေး ဘော်ဒါ]
ကိုယ်ပိုင်အထက်တန်းကျောင်း(သို့)ဘော်ဒါ(သို့) ဘာသာစုံစာသင်ဝိုင်းများကို နှစ်သက်ရာ ရွေးချယ် စုံစမ်း အပ်နှံနိုင်ပါပြီ။
အတန်းအားလုံး ၉-၃-၂၀၁၇ ဖွင့်မည်။
ကျောင်းကြီးမတက်လိုသူများအတွက်
တ သင် ဝိုင်း၊ အ စီ အ စဉ်
ကျောင်းကြီးတက်သူများအတွက်
အတန်းထိန်းဆရာမများ အလိုရှိသည်။ (အတွေ့အကြုံရှိရန် မလိုပါ။)
၁။ တိုက်(၄)၊ အခန်း(၂၀၃)၊ ကျိုက်တော်အိမ်ယာ၊ ပုဇွန်တောင်။
၂။ မြေအမှတ် (ဂဂ၂)၊ ကျွန်စစ်သား(၂)လမ်း၊ ကမာကသွယ်ရပ်ကွက်၊ ဒလမြို့။ ဖုန်း - ၀၉ ၉၇၉၁၅၀၅၆၇၊ ၀၉ ၅၀၂၂၉၈၉




## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/တိုးချဲ့၊ မြေကွက်အမှတ်-(၆၅)၊ မြေကွက်တည်နေရာအမှတ်(၆၅)၊ ဓမ္မသုခလမ်း၊ ဆာပါချောင်၊ ကျောင်းစုရပ်ကွက်၊ ဒလမြို့နယ်၊ (ဦးမြင့်အောင်)အမည်ပေါက် ပါမစ်မြေအား ဦးမြင့်အောင်[၁၂/တတန(နိုင်)၀၅၃၉၃၉]မှ မြေချပါမစ်မူရင်း ပျောက်ဆုံးကြောင်း ၁၅-၇-၂၀၁၆ရက်စွဲပါ ဦးမြင့်အောင်၏ ကျမ်းကျိန်လွှာ၊ ပါမစ်ပျောက်ဆုံးကြောင်း ဆာပါချောင်၊ ကျောင်းစုရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ဒလမြို့မရဲစခန်းထောက်ခံစာ၊ ပါမစ်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်နှင့် ကွင်းဆင်းစစ်ဆေးရာတွင် လျှောက်ထားသူကိုယ်တိုင် မနေ၊ သွပ်မိုးပျဉ်ကာအိမ်တွင် လျှောက်ထားသူ၏ ယောက်ဖဖြစ်သူကိုမျိုးအေးနေထိုင်ကြောင်း တင်ပြ၍ ဂရန်သစ်(ပါမစ်ပျောက်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉/က)နေ (၁)ဒေါ်ခင်မကြီး[၁၂/ဗဟန(နိုင်)၀၇၄၂၀၆]၊ (၂)ဒေါ်ခင်မကလေး[၁၂/ဗဟန(နိုင်)၀၇၄၂၂၀]၊ (၃) ဒေါ်ခင်ခင်လတ်[၁၂/ဗဟန(နိုင်) ၀၇၄၂၂၈]၊ (၄) ဒေါ်ခင်လေးကြီး[၁၂/ဗဟန(နိုင်)၀၇၄၂၂၇]တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

(၁) ဒေါ်ခင်မကြီး[၁၂/ဗဟန(နိုင်)၀၇၄၂၀၆] (အဖ)ဦးမောင်မောင်၊ (၂)ဒေါ်ခင်မကလေး[၁၂/ဗဟန(နိုင်)၀၇၄၂၂၀](အဖ)ဦးမောင်မောင်၊ (၃) ဒေါ်ခင်ခင်လတ်[၁၂/ဗဟန(နိုင်)၀၇၄၂၂၈](အဖ)ဦးမောင်မောင်၊ (၄) ဒေါ်ခင်လေးကြီး[၁၂/ဗဟန(နိုင်)၀၇၄၂၂၇](အဖ)ဦးမောင်မောင်တို့မှ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဝင်းလှိုင်လမ်း၊ အမှတ်(၂၆၉)နေ ဦးကျော်နိုင်စိုး [၅/ရဥန(နိုင်)၀၀၇၀၆၀](အဖ)ဦးကြည်ရွှင်အား လွှဲအပ်ထားသည့် ၅-၁၁- ၂၀၁၅ရက်နေ့စွဲပါရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်(၁၁၆၆၁)ကို ဤကြေညာချက်ပါသည့်နေ့မှစ၍ ရုပ်သိမ်းကြောင်း ဦးကျော်နိုင်စိုး[၅/ရဥန(နိုင်)၀၀၇၀၆၀]နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးဝဏ္ဏအောင်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၇၅)**
**ဖုန်း-၀၉-၄၃၁၇၇၃၇၈**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၄)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉/က)နေ (၁)ခင်လေးငယ်[၁၂/ဗဟန(နိုင်)၀၇၄၂၁၉]၊ (၂)ဒေါ်ခင်စန်းဦး[၁၂/သဃက(နိုင်)၀၇၄၂၉၆]၊ (၃)ဒေါ်စုစု[၁၂/ဥကတ(နိုင်)၀၄၆၉၆၃]တို့၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

(၁)ခင်လေးငယ်[၁၂/ဗဟန(နိုင်)၀၇၄၂၁၉]၊ (အဖ)ဦးမောင်မောင် (၂)ဒေါ်ခင်စန်းဦး[၁၂/သဃက(နိုင်)၀၇၄၂၉၆](အဖ)ဦးစိန်တင်၊ (၃)ဒေါ်စုစု [၁၂/ဥကတ(နိုင်)၀၄၆၉၆၃](အဖ)ဦးထွန်းလင်းတို့မှ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဝင်းလှိုင်လမ်း၊ အမှတ်(၂၆၉)နေ ဦးကျော်နိုင်စိုး [၅/ရဥန(နိုင်) ၀၀၇၀၆၀](အဖ)ဦးကြည်ရွှင်အား လွှဲအပ်ထားသည့် ၅-၁၁-၂၀၁၅ ရက်နေ့စွဲပါ ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်(၁၁၆၆၂)ကို ဤကြေညာချက်ပါသည့်နေ့မှစ၍ ရုပ်သိမ်းကြောင်း ဦးကျော်နိုင်စိုး[၅/ရဥန(နိုင်)၀၀၇၀၆၀]နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးဝဏ္ဏအောင်၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၈၇၅)**
**ဖုန်း-၀၉-၄၃၁၇၇၃၇၈**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# ၂၀၁၆ ခုနှစ် မယ်စကြဝဠာအဖြစ် ပြင်သစ်အလှမယ်ရွေးချယ်ခံရ

ကမ္ဘာလုံးဆိုင်ရာ အလှမယ်ပြိုင်ပွဲကြီးတစ်ခုဖြစ်တဲ့ မယ်စကြဝဠာပြိုင်ပွဲကြီးကို ဖိလစ်ပိုင်နိုင်ငံမှာ ကျင်းပလျက်ရှိရာ ယခုနှစ်ရဲ့ မယ်စကြဝဠာသရဖူကို ပြင်သစ်နိုင်ငံကိုယ်စားပြုပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ အလှမယ် အိုင်းရစ်မစ်တန်နီရာက ဆွတ်ခူးသွားနိုင်ခဲ့ကြောင်း သိရပါတယ်။

ယခုနှစ်မယ်စကြဝဠာပြိုင်ပွဲကြီးရဲ့ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဇန်နဝါရီ ၃၀ ရက် ညပိုင်းက ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ကျင်းပခဲ့ရာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ ကမ္ဘာတစ်ဝန်းမှ နိုင်ငံကိုယ်စားပြု အလှမယ် ၈၆ ဦးအနက် အသက်(၂၃)နှစ်အရွယ် ပြင်သစ်အလှမယ်က သရဖူဆောင်းခွင့် ရခဲ့ခြင်းဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ယခုနှစ်မှာကျင်းပခဲ့တဲ့ (၆၅)ကြိမ်မြောက် မယ်စကြဝဠာပြိုင်ပွဲကြီးမှာ သရဖူကိုပိုင်ဆိုင်ခွင့်ရခဲ့တဲ့ ပြင်သစ်အလှမယ်ကို ပြီးခဲ့တဲ့နှစ်က မယ်စကြဝဠာအဖြစ် ရွေးချယ်ခံခဲ့ရတဲ့ ဖိလစ်ပိုင်နိုင်ငံကိုယ်စားပြုအလှမယ် ပီယာအလိုဂျိဝက်စ်ဘာ့ချ်က မယ်စကြဝဠာသရဖူ ဆောင်းပေးခဲ့ပါတယ်။ အဆိုပါ ပြိုင်ပွဲကြီးမှာ ဟေတီနိုင်ငံကိုယ်စားပြုအလှမယ် ရာကွဲလ်ပဲလစ်စီရာက the first runner-up ဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ကိုလံဘီယာအလှမယ် အန်ဒရီယာတိုဘာက the second runner-up ဆုကို အသီးသီးဆွတ်ခူးသွားခဲ့ပါတယ်။

အဆိုပါမယ်စကြဝဠာဆုပေးပွဲကြီးရဲ့ နောက်ဆုံးပြိုင်ပွဲမှာ ယခင်နှစ်က မယ်စကြဝဠာဆုရှင်ကို မှားယွင်းကြေညာမိခဲ့တဲ့ အစီအစဉ်တင်ဆက်သူ စတိဗ်ဟာဗေးကပင် တာဝန်ယူတင်ဆက်ပေးခဲ့ပြီး ယခင်နှစ်က အမှားအယွင်းကိုလည်း စတိဗ်ဟာဗေးက ယခုနှစ်မှာ အမှတ်တရအနေနဲ့ ပြန်ပြောင်းပြောကြားခဲ့ကြောင်းလည်း သိရပါတယ်။



ပြင်သစ်အလှမယ်ကို မယ်စကြဝဠာသရဖူ ဆောင်းပေးနေစဉ်။

# ယခုနှစ်အတွက် Screen Actor Guild Awards ဆုပေးပွဲကျင်းပ






ဟောလိဝုဒ်ရဲ့ ရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ Screen Actor Guild Awards ဆုပေးပွဲကြီးကို ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၉ ရက် ညပိုင်းက အောင်မြင်စွာကျင်းပပြီးစီးခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ အဆိုပါဆုပေးပွဲကြီးဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ထွက်ရှိခဲ့တဲ့ ရုံတင်ရုပ်ရှင်တွေနဲ့ ရုပ်သံလိုင်းတွေမှာ ထုတ်လွှင့်ခဲ့တဲ့ ဇာတ်လမ်းတွေအနက် ထူးချွန်တဲ့အနုပညာလက်ရာတွေနဲ့ ထူးချွန်အနုပညာရှင်တွေကိုရွေးချယ်ကာ ဆုပေးအပ်တဲ့အခမ်းအနားတစ်ရပ်ဖြစ်ပြီး ယခုနှစ်ဆုပေးပွဲမှာတော့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ခုဖြစ်တဲ့ "Game of Thrones" ရုပ်ရှင်နဲ့ "Hacksaw Ridge" ရုပ်ရှင်တို့ဟာ အကောင်းဆုံးရုပ်သံဇာတ်လမ်းတွဲဆုနဲ့ အကောင်းဆုံးရုပ်ရှင်ဆုတို့ကို အသီးသီးဆွတ်ခူးသွားနိုင်ခဲ့ကြောင်း သိရပါတယ်။


"Game of Thrones "ဟာ ဆန်ခါတင်စာရင်းမှာပါဝင်တဲ့ အခြားသောရုပ်သံဇာတ်လမ်းတွဲတွေဖြစ်ကြတဲ့ "Marvel's Daredevil"၊ "Marvel's Luke Cage"၊ "The Walking Dead"နဲ့ " Westworld"တို့ကို ကျော်လွှန်ကာ ယခုလိုဆုဆွတ်ခူးသွားနိုင်ခဲ့တာ ဖြစ်ပါတယ်။ "Hacksaw Ridge" ရုပ်ရှင်ဟာလည်း " Captain America: Civil War"၊ " Doctor Strange"၊ " Jason Bourne"နဲ့ "Nocturnal Animals"တို့ကို အနိုင်ယူကာ ယခုနှစ်ရဲ့ အကောင်းဆုံးရုပ်ရှင်အဖြစ် ရွေးချယ်ခံခဲ့ရတာဖြစ်ပါတယ်။

ယခုနှစ်ရဲ့ (၂၃)ကြိမ်မြောက် Screen Actor Guild Awards ဆုပေးပွဲကြီးမှာ ဗြိတိန်ကြယ်ပွင့် မင်းသမီး အမ်မာစတုန်းက အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ဆွတ်ခူးသွားနိုင်ခဲ့ပါတယ်။ အခြားသော ဆုရအနုပညာရှင်တွေထဲမှာ ဗီအိုလာဒေဗစ်၊ မဟာရှလာအလီ၊ ဆာရက်ရှ်ပေါ်ဆန်၊ ဘရိုင်ယန်ခရန်စတန်၊ ဂျူလီယာလူးဝစ်ဒရေးဖက်စ်၊ ဝီလီယံအိတ်ရှ်မာစီအစရှိတဲ့ အနုပညာရှင်တွေ ပါဝင်ကြောင်း သိရပါတယ်။

# နံပါတ်တစ်နေရာကို ယူထားဆဲရုပ်ရှင် "Split"

ယခုသီတင်းပတ်အတွင်း မြောက်အမေရိကားမှာ ရုံတင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ယခင်သီတင်းပတ်ကတည်းက စတင်ရုံတင်ခဲ့ပြီး ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်အဖြစ် ထိပ်ဆုံးကရပ်တည်နေခဲ့တဲ့ ရုပ်ရှင် "Split" ဟာ ယခုသီတင်းပတ်အတွင်းမှာလည်း ဝင်ငွေအကောင်းဆုံးရုပ်ရှင်အဖြစ် နံပါတ်တစ်နေရာကို ရယူထားနိုင်ဆဲဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။




အဆိုပါရုပ်ရှင် "Split" ဟာ ယခုသီတင်းပတ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၂၆ ဒသမ ၃ သန်းရရှိခဲ့ကာ ယခုသီတင်းပတ်အတွင်း စတင်ရုံတင်ခဲ့တဲ့ ရုပ်ရှင်သစ် "A Dog's Purpose" ရဲ့ ဝင်ငွေကိုကျော်လွှန်ကာ နံပါတ်တစ်နေရာကို သီတင်းပတ်နှစ်ပတ်ကြာ ထိန်းသိမ်းထားနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ "Split"ရဲ့ စတင်ပြသခဲ့ချိန်မှ လတ်တလောအချိန်အထိ ကမ္ဘာတစ်ဝန်းမှရရှိခဲ့တဲ့ ဝင်ငွေဟာ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်လွှန်ခဲ့ပြီဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုသီတင်းပတ်အတွင်း ဒုတိယမြောက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ ရုပ်ရှင် "A Dog's Purpose "ဟာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၄ သန်းခန့် ရရှိခဲ့ပြီး အဆိုပါရုပ်ရှင်ဟာ ခွေးတစ်ကောင်အကြောင်းကို ဇာတ်အိမ်တည်ရိုက်ကူးထားတဲ့ ရုပ်ရှင်တစ်ကားဖြစ်ပါတယ်။ အောင်မြင်ခဲ့တဲ့ တေးဂီတရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "La La Land"ကတော့ ယခုသီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၂ သန်း ရရှိခဲ့ပြီး ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင်(၁၀)ကားစာရင်းမှာ နံပါတ် ၅ နေရာကို ပိုင်ဆိုင်ခဲ့ပါတယ်။ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်တွေအနက် တတိယနေရာမှာ ရပ်တည်နေတဲ့ ရုပ်ရှင်ကတော့ "Hidden Figures" ဖြစ်ပြီး တစ်ပတ်အတွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၄ သန်း ရရှိခဲ့ကြောင်း သိရပါတယ်။

# ပရိသတ်တွေအတွက် လိုအပ်လို့အနားယူခဲ့တာပါ



တေးရေးတစ်ဦးအဖြစ်သာမက အဆိုတော်တစ်ဦးအဖြစ်ပါ ကျော်ကြားတဲ့ ဗြိတိန်ကြယ်ပွင့် အက်ဒ်ရှီရန်ဟာ ပြီးခဲ့တဲ့နှစ်အတွင်း အနုပညာလှုပ်ရှားမှုတွေကနေ အနားယူထားခဲ့ပြီး ယခုလိုတစ်နှစ်တာလုံးရပ်နားထားခဲ့ခြင်းဟာ သူ့ရဲ့ပရိသတ်တွေအနေနဲ့ အနားယူဖို့လိုအပ်နေတာကြောင့်ဖြစ်တယ်လို့ မကြာသေးမီကပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ အက်ဒ်ရှီရန်က ဖွင့်ဟခဲ့ကြောင်း အမ်တီဗွီဒေ့ါကွန်းရဲ့ဖော်ပြချက်တွေအရ သိရပါတယ်။

အသက်(၂၅)နှစ်အရွယ် ပေ့ါပ်ကြယ်ပွင့်က သူကိုယ်တိုင်ဟာလည်း အားအင်သစ်တွေပြန်လည်ဖြည့်တင်းဖို့အတွက် ပြီးခဲ့တဲ့ ၂၀၁၆ တစ်နှစ်တာလုံး အနားယူခဲ့ကာ သူ့ရဲ့ပရိသတ်တွေကိုလည်း သူ့လိုပဲ အနားပေးဖို့ဆုံးဖြတ်ခဲ့တဲ့အတွက် တေးသီချင်းသစ်တွေကို ဖန်တီးထုတ်လွှင့်ခဲ့ခြင်း မရှိခဲ့တာဖြစ်ကြောင်း ဆိုပါတယ်။

၂၀၁၇ ခုနှစ် အစပိုင်းမှာတော့ နှစ်သစ်ကိုကြိုဆိုတဲ့အနေနဲ့ အက်ဒ်ရှီရန်က တေးသီချင်းသစ်တွေကို ထုတ်လွှင့်ခဲ့ပါတယ်။ ဒါ့အပြင် ယခုနှစ်အတွင်း တေးအယ်လ်ဘမ်သစ်တစ်ခုထုတ်လွှင့်သွားနိုင်ရန်စီစဉ်ထားပြီး မကြာသေးမီက အဆိုပါတေးအယ်လ်ဘမ်မှာ ပါဝင်မယ့်တေးသီချင်းတွေရဲ့အမည်တွေကို သူ့ရဲ့လူမှုကွန်ရက်မီဒီယာကနေတစ်ဆင့် အက်ဒ်ရှီရန်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

အေးပြည့် – စုစည်းသည်




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**




## တိုင်းပြည်နှင့်လူမျိုးအတွက်အန္တရာယ်ကြီးမားအနောက်တံခါး

နန်းရွှေလီကြိုင် (မိုင်းပန်) ရေးသားပြုစုသည့် တိုင်းပြည်နှင့်လူမျိုးအတွက် အန္တရာယ်ကြီးမား အနောက်တံခါး စာအုပ်ထွက်ရှိလာပြီဖြစ်သည်။

၎င်းစာအုပ်သည် ယခု မျက်မှောက်ခေတ်ကာလတွင် နိုင်ငံတော်နှင့် လူမျိုးအားလုံး ကို အန္တရာယ်တစ်ခုသဖွယ် ခြိမ်းခြောက်လျက်ရှိသော ဘူးသီးတောင်-မောင်တောဒေသ ရှိ အနောက်တံခါးဝအကြောင်း၊ အဆိုပါအနောက်တံခါးဝနှင့် တိုက်ရိုက်ပတ်သက်နေသည့် လဝကဌာန၊ လဝကဌာနတွင် လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းတစ်ဦး၏ ဘဝဇာတ်ကြောင်း တစေ့တစောင့်ကို ရေးသားတင်ပြထားခြင်းဖြစ်သည်။ အဆိုပါ စာအုပ်တွင် သူတို့စတင်ဝင်ရောက်လာခြင်း ဘင်္ဂါလီအစ ကျေးကျွန်က၊ ပြည်တော် မပြန်သည့် ဘင်္ဂါလီ၊ လုံခြုံရေးပျက်ပြားလေ သူတို့ဝင်လာလေ၊ အနောက်တံခါးလုံခြုံရေး လူဝင်လူထွက် စစ်ဆေးပေး၊ အနောက်တံခါးပြဿနာ ဝိုင်းဝန်းအဖြေရှာ စသည့်ခေါင်းစဉ် ၃၀ နီးပါးဖြင့် ရေးသား ပြုစုထားသည်။

**၎င်းစာအုပ်ကို ရန်အောင်စာပေ အထက (၁) ရန်ကင်းကျောင်းရှေ့၊ ဆိုင်အမှတ် (H)၊ ၁၂ လုံးတန်း မှတ်တိုင်အနီး ရန်ကင်းမြို့နယ် ဖုန်း ၀၉၅၁၇၉၃၉၈၊ ၀၉၇၃၂၄၃၈၅၁ မှ တန်ဖိုး ကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**





## သာလွန် နိုင်ငံရေးဝေါဟာရများ

သာလွန်စာအုပ်တိုက်မှ ထုတ်ဝေသည့် သာလွန် နိုင်ငံရေးဝေါဟာရများ စာအုပ် ထွက်ရှိလာပြီဖြစ်သည်။

၎င်းစာအုပ်တွင် အင်္ဂလိပ်-အင်္ဂလိပ် အဘိဓာန်၊ အင်္ဂလိပ်-မြန်မာ အဘိဓာန် စာအုပ်များမှ နိုင်ငံရေးဝေါဟာရစကားလုံးများကို သီးသန့်ရှာဖွေပြုစုထားခြင်း ဖြစ်သည်။ နိုင်ငံရေးလေ့လာသူများ၊ ကျောင်းသား ကျောင်းသူများ၊ ဘာသာပြန်သူများနှင့် ဗဟုသုတလိုလားသူများအတွက် အဆင်ပြေ အသုံးဝင်မည်ဖြစ်သည်။ ၎င်းစာအုပ်တွင် နိုင်ငံရေးဝေါဟာရများကို A မှ Z အထိ အက္ခရာစဉ်လိုက် ဖော်ပြထားပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း အမျိုးမျိုးကိုလည်း ဘာသာပြန်ဖော်ပြပေးထားသည်။ ထို့ပြင် ကမ္ဘာ့ပထဝီဝင် နေရာဒေသများ၊ နိုင်ငံများနှင့် မြို့များကိုလည်း စုံစုံလင်လင်ဖော်ပြထားသည်။

**သာလွန်စာအုပ်တိုက် အမှတ် ၃၆၉၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့် ပန်းပဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၁၂၉၉၂၂၈၊ ၂၄၂၄၁၈၊ နှင့် ၃၈၃၄၁၉ မှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**





## စကားပြန်ခြင်းအနုပညာ

ဒေါက်တာမြတ်ကလျာ (Ph.D) ရေးသားပြုစုသည့် စကားပြန်ခြင်း အနုပညာ စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

စကားပြန်ခြင်းအနုပညာ စာအုပ်တွင် စကားပြန်သူတစ်ဦးတွင်ရှိရမည့် အရည် အချင်းများ၊ ဆောင်ရန် ရှောင်ရန်နှင့် ကျင့်ဝတ်စည်းကမ်းများကို စာရေးသူ၏ အတွေ့အကြုံဖြင့် ပြန်လည်မျှဝေ ဖော်ပြထားခြင်းဖြစ်သည်။ ၎င်းစာအုပ်တွင် စကားပြန်ခြင်း၊ စကားပြန်အလုပ်အမျိုးမျိုး၊ စကားပြန်နည်းအမျိုးမျိုး၊ စကားပြန်ခြင်းသဘောနှင့် လုပ်ငန်း စဉ်၊ မှတ်စုရေးပုံရေးမှတ်နည်းနှင့် စကားပြန်တစ်ဦး လိုအပ်သောအရည်အချင်းများ ရေးသားဖော်ပြထားသည်။ ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ ပိုမိုပွင့်လင်းမြင်သာသည့်အတွက် ပြည်ပနိုင်ငံများမှ အလည်အပတ်လာရောက်သူများနှင့် စီးပွားရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသူများ ပိုမိုလာရောက်လျက်ရှိသည်။ ထိုသို့သောအခြေအနေတွင် မြန်မာနိုင်ငံသား စကားပြန်များနှင့် စကားပြန်လုပ်လိုသူများအတွက် အခွင့်အလမ်းတစ်ခုဖြစ်ပြီး ၎င်းစာအုပ်ပါ အချက်အလက်များသည် စကားပြန်ဆိုသူများအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**အဆိုပါစာအုပ်ကို အမှတ် ၈/၁၀ ပထမထပ် (၈-၂) တောင်မြင်းပြိုင်ကွင်းလမ်း ရန်ကုန်မြို့ ဖုန်း- ၀၁ ၇၀၈ ၇၆၄၊ ၀၁ ၈၆၀ ၄၃၆၁ မှ တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**





## နိုင်ငံရေးသမားမဲ့ နိုင်ငံရေးနှင့် အခြားရသစာတမ်းငယ်များ

ဆရာခင်ထွန်းရေးသားပြုစုသည့် နိုင်ငံရေးသမားမဲ့နိုင်ငံရေးနှင့် အခြား ရသစာတမ်း ငယ်များ စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

နိုင်ငံရေးသမားမဲ့ နိုင်ငံရေးစာတမ်းသည် နိုင်ငံရေးသမား ကိုယ်စားလှယ်များမပါဘဲ လူ့အဖွဲ့အစည်းကို မောင်းနှင်နိုင်သည့် နိုင်ငံရေး ပုံစံတစ်မျိုးကို စဉ်စားဆင်ခြင်ကြည့်နိုင်ရန် အစပျိုးခြင်းဖြစ်သည်။ ဆိုလိုသည်မှာ နိုင်ငံရေးသမားများကို မဲပေးခြင်းထက် နိုင်ငံရေး ကိုသာ မဲပေးကြမည်။ နိုင်ငံသားများက နိုင်ငံရေးကိုမဲပေးကြခြင်းဖြင့် နိုင်ငံရေးသမားများသည် အခြားသူများ၏ အရေးကိစ္စများကို ဆုံးဖြတ်ရန်ဆိုသောအလုပ်မှာ လူပိုများဖြစ်သွားမည်။ နိုင်ငံရေးသမားများသည် အခြားသူများ ကိုယ်စားပြုသည်၊ အခြားသူများ၏ အရေးကိစ္စများကို ဆုံးဖြတ်ပိုင်ခွင့် ရှိသည်ဆိုခြင်းမှာ အာဏာဖြစ်သည်။ အာဏာသည် အကျင့်ပျက်ခြစားမှုများဆီသို့ တွန်းပို့နေတတ်သည်။ နိုင်ငံရေး အာဏာသည် မူးယစ်ဆေးကဲ့သို့ စွဲစေသည်ဟု ဖော်ပြထားသည်။ အခြားရသစာတမ်းများအနေဖြင့် ကွန်ပါစ်၊ လေ့ တစ်စင်း၊ အဓိပတိညနေခင်း၊ အသိုက်အမြုံများ၊ ကျွန်း၊ သံစစ်မြစ်နှင့် တံငါအိုတို့ဖြစ်သည်။

**လင်းလွန်းခင်စာပေ တိုက်- D၊ ပထမထပ်(လယ်) လိပ်ကန်လမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၉၂၂၀၁၇၃၀၊ ၀၉၂၅၄၅၅၀၈၆၃၊ ၀၉၄၂၁၇၁၉၇၁၂ မှ တန်ဖိုး ကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**




## ကိုတံငါ ရေချိုအင်းနှင့် ရသစုံဝတ္ထုတိုများ

စာရေးဆရာ မင်းရိုးယဉ် ခံစားရေးဖွဲ့သည့် ကိုတံငါ ရေချိုအင်းနှင့် ရသစုံဝတ္ထု တိုများ စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

အင်းရေလုပ်သားတို့၏ ဘဝကို ဖော်ကျူးရေးဖွဲ့ထားသည့် ဆရာ မင်းရိုးယဉ်၏ ဝတ္ထုများသည် ကျုံပျော်မြို့နယ် အင်းရဲကြီးကို အခြေခံသည်။ အင်းသမိုင်း၊ အင်းဘဝ၊ အင်းလုပ်သားတို့၏ လူနေမှုဘဝကို ချယ်မှုန်းထားသည်။ အင်းပျော် ငါးတို့အကြောင်း၊ ရေလုပ်သားတို့ အကြောင်း၊ ငါးတို့၏ ဖြစ်စဉ်၊ ရေလုပ်သားတို့၏ဖြစ်စဉ်ကို ဖွင့်ပြသည်။ အင်းနားနေ အင်းရေသောက်ကြသည့် အင်းရေလုပ်သားတို့၏ ဘဝဖြစ်စဉ်၊ ဘဝအထွေထွေကို မြင်တွေ့ရမည်။ အင်းသားတို့၏ အသံသရာကို ရှုမြင်ရမည်ဖြစ် သည်။ အင်းပျော်၊ သည်အင်း သည်ရေ သည်လူတွေ၊ မာယာဘုံသား၊ ကိုတံငါဇာတ်ကြောင်း၊ ကိုတံငါ မြေလျှိုးမသွားပါ၊ ကိုတံငါ အလွမ်း၊ လောကဥဩသည် စသည့် ရသစုံဝတ္ထုများနှင့် ငါးပုစွန်များနှင့် စပ်ဆိုင်သည့် စကားပုံများ၊ ဝေါဟာရများ၊ ဥပမာတင်စားချက်များကိုလည်း ဖော်ပြပေးထားသည်။

**အဆိုပါ စာအုပ်ကို ကောင်းထွန်းစာပေ အမှတ်(၂၇) မာန်ပြေ- ၂၁ လမ်း (အရှေ့) ၃ ရပ်ကွက် သာကေတမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၉၇၃၀၂၀၁၇၁၊ ၀၉၂၅၀၀၇၉၇၈၁ မှ တန်ဖိုး ကျပ် ၁၈၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**




## မီးဖိုချောင်မှ ဆေးဖြစ်စေသော စားစရာများ (၂)

ဟိန်း (ဘူမိ) ရေးသားပြုစုသည့် မီးဖိုချောင်မှ ဆေးဖြစ်စေသော စားစရာ များ (၂) စာအုပ်ထွက်ရှိနေပြီဖြစ်သည်။

'အစားလည်းဆေး ဆေးလည်းအစာ' ဟူသည့်အတိုင်း ၎င်းစာအုပ်တွင် နေ့စဉ် စားသုံးနေရသော စားစရာများမှ ဆေးဖက်ဝင်ပုံများကို ရေးသား ဖော်ပြထားသည်။ အဆိုပါ စာအုပ်တွင် ဟင်းသီးဟင်းရွက်နှင့် သားငါးများ ဆေးဖက်ဝင်ပုံများ၊ စားသုံးပုံ၊ စားသုံးနည်းများ ဖော်ပြထားသည့်အတွက် အိမ်ရှင်မများ လေ့လာသိရှိသင့်သည့်အချက်များပါဝင်သည်။ ကင်းပုံသီး၊ ကင်းပုံရွက်၊ ကန်စွန်းဥ၊ ငါးအမျိုးမျိုး၊ ငုံး၊ ဆတ်၊ ဆိတ်၊ နွား၊ ထောပတ်၊ သံပုရာသီး၊ ကျောက်ဖရုံရွက်၊ ကျောက်ဖရုံသီး၊ ကြာဟင်းရွက်၊ ကြာဟင်းဖူး စသည့် အသီးအရွက် သားငါးများ၏ စားသုံးပုံနည်းနှင့် ဆေးဖက်ဝင်ပုံများကို ဖော်ပြထားသည်။

**မဇ္ဈိမစာပေ အမှတ် (၂၃၇)၊ (ပထမထပ်-ဝဲ)၊ ၃၉လမ်း၊ အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ ဖုန်း-၀၁ ၃၉၂၈၃၅၊ ၀၉ ၇၇၃၇၇၄၇၃၃၊ ၀၉ ၂၆၃၈၀၆၆၀၀ မှ တန်ဖိုး ကျပ် ၁၀၀၀ ဖြင့် ဖြန့်ချိလျက်ရှိသည်။**

# မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

**သီပေါ ဇန်နဝါရီ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မဟာမြတ်မုနိဘုရားကြီး ပရိဝုဏ်အတွင်းရှိ သီတဂူစက္ခုဒါနဆေးရုံကြီး၌ မျက်စိဝေဒနာရှင်များအား (၃၇)ကြိမ်မြောက် အခမဲ့စမ်းသပ်ကုသခြင်းကို ဇန်နဝါရီ ၂၀ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်ပေးခဲ့ သည်။

သီတဂူစက္ခုဒါနဆေးရုံကြီးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များ သာမက အခြားမြို့နယ်များမှ လာရောက်ကုသသော မျက်စိဝေဒနာရှင် ၉၄၆ ဦး ကို သီတဂူစက္ခုဒါနဆေးရုံကြီးမှ ကျွမ်းကျင်ဝန်ထမ်းများ၊ မဟာမြတ်မုနိ ဘုရားကြီးရေကြည်တော်ဝတ်အသင်းသားများက သွေးပေါင်ချိန်ခြင်း၊ မျက်စဉ်း ခတ်ခြင်းစသည့် ပဏာမလုပ်ငန်းများကို ဆောင်ရွက်ပေးပြီး အထွေထွေအထူးကု (မျက်စိဌာန) စစ်ကိုင်းသီတဂူဆေးရုံကြီးမှ ဒေါက်တာ ဒေါ်ခင်အေးမူနှင့် အထူးကု ဆရာဝန်ကြီးများက ခွဲစိတ်ရန် လိုအပ်သည့် မျက်စိဝေဒနာရှင် ၁၆၂ ဦးကို လည်းကောင်း၊ ကျန်လူနာများကို လိုအပ်သောဆေးဝါး၊ မျက်စဉ်းရေနှင့် မျက်မှန် တပ်ဆင်ရေးလုပ် ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် မျက်စိဝေဒနာရှင်များ၏ လူမှုရေးလိုအပ်ချက်များကို မြတ်မွန်စေတနာ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးအောင်ခင်နှင့် မြို့မိမြို့ဖများ၊ ရေကြည်တော်ဝတ် အသင်းသား အသင်းသူများက ကူညီဆောင်ရွက်ပေးကြပြီး နယ်များမှ လာရောက် ကုသကြသော ချို့တဲ့နွမ်းပါးသည့် ဝေဒနာရှင်များအား မဟာမြတ်မုနိဘုရားကြီး ဆရာတော် အရှင်ပညာသီရိက ခရီးစရိတ်၊ အစားအစာများပါ အလှူဒါနပြုခဲ့ ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

■

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ မြောက်ဦးမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**မြောက်ဦး ဇန်နဝါရီ ၃၀**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် အတွင်း ဆောင်ရွက်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရန် ရခိုင်ပြည် နယ်ဝန်ကြီးချုပ် ဦးညီပုနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၈ ရက် နံနက် ၉ နာရီက ၂၀၁၆ ခုနှစ် ငလျင်ဒဏ် ကြောင့် ကွဲအက်ခဲ့သော မြောက်ဦးမြို့နယ် ပေါက် တောပြင် ကျေးရွာရှိ နဖူးသင်းကျိတ်တော်စေတီသို့ စေတီတော် ပြန်လည်ပြုပြင်ရေးလုပ်ငန်းဆောင် ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးရာ ရှေးဟောင်း သုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးဦးညိမ်းလွင် က စေတီတော်ပြုပြင်ခြင်းနှင့်ပတ်သက်၍ရှင်းလင်း တင်ပြသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မောင်ရှိ ကန်ကျေးရွာအတွင်းရှိ မြို့ကွက်သစ် အကောင် အထည်ဖော်ဆောင်ရွက်မည့်မြေနေရာအား သွား ရောက်ကြည့်ရှုရာ မြို့ပြအိုးအိမ်ထူထောင်ရေးဦးစီး ဌာနမှ မြို့ကွက်သစ်တည်ဆောက်ရေးမြေနေရာ အား အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြောက်ဦးခရိုင် အထွေထွေအုပ် ချုပ်ရေးဦးစီးဌာနရုံးသို့ရောက်ရှိပြီး လယ်ယာမြေ နှင့် အခြားမြေများ သိမ်းဆည်းခံရမှုအား ပြန်လည် စိစစ်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ် နှင့် မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ကျေးရွာ သူ၊ ကျေးရွာ သားများနှင့်တွေ့ဆုံပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မြောက် ဦးမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကန်လှ ချောင်းတူးဖော်ခြင်းလုပ်ငန်းအား သွားရောက် ကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးအင်ဂျင်နီ ယာမှ ရှင်းလင်းတင်ပြခဲ့ပြီး မြောက်ဦးမြို့ နှစ်ထပ် ဆေးရုံဆောက်လုပ်ပြီးစီးမှုအား သွားရောက်ကြည့် ရှုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြစ်ကမ်းပါးပြိုမှုကြိုတင်ကာကွယ်ရေး ကျောက်စီမြေထိန်းနံရံတည်ဆောက်

**တနင်္သာရီ ဇန်နဝါရီ ၃၀**

တနင်္သာရီမြို့အဝင်မျက်နှာစာ မြစ်ကမ်းပါးရေတိုက်စားကမ်းပြိုမှုကာကွယ် ရေးလုပ်ငန်းကို မြစ်ကမ်းပါးတစ်လျှောက်တွင်နေထိုင်နေကြသည့် ဒေသခံ ပြည်သူများ၏နေအိမ်၊ စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရေးနှင့် တနင်္သာရီမြို့ ၏ ရှေးဟောင်းမြို့ရိုးများကိုလည်း ကြိုတင်ကာကွယ်မှုပြုနိုင်ရန်အတွက် ရည်ရွယ်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန တနင်္သာရီတိုင်း ဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၉)မှ ကြီးကြပ်လျက် ချောင်းကြီးရပ်ကွက်-ရွှေလိပ်ပြာကမ်းနားလမ်းတစ် လျှောက်တွင် လုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းသည် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၁၃၆ သန်းဖြင့် ဘိုးပိုင်အခြေပြု ကျောက်စီ မြေထိန်းနံရံအမျိုးအစား အလျားပေ ၃၄၀ ဖြစ်ပြီး လက်ရှိအခြေအနေတွင် ၅၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး (ရေဘက်/မြို့ပြ) ဦးမြတ်ခိုင်၏ပြောပြချက်အရ သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်ဆက်)**



# တည်ဆောက်ရေးတွင် ပါဝင်သွားသော မြေယာသီးနှံနှင့် အဆောက်အအုံများအတွက် လျော်ကြေးငွေပေးအပ်

**မြဝတီ ဇန်နဝါရီ ၃၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၌ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်းဧရိယာအတွင်း ပါဝင်သွားသော တောင်သူများအား မြေဧရိယာလျော် ကြေး၊ သီးနှံနှင့် အဆောက်အအုံများအတွက် နစ်နာကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြေယာ၊ သီးနှံလျော်ကြေးပေးအပ်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ကရင်ပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ် တော၊ သတ္တုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစော ပြည်သာက အမှာစကားပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ်လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းဟန်စိုးက စီမံကိန်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြော ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဇော်က မြေ ဧရိယာလျော်ကြေး၊ သီးနှံနှင့် အဆောက်အအုံများအတွက် နစ်နာကြေးပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းပြော ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ဦးစောပြည်သာ၊ ခရိုင်အုပ် ချုပ်ရေးမှူး ဦးလွင်ကိုဦး၊ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်း ဟန်စိုးနှင့် တာဝန်ရှိသူများက မြေဧရိယာလျော်ကြေး၊ သီးနှံနှင့် အဆောက်အအုံများအတွက် နစ်နာကြေးများ အား အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။



ထိုသို့ လျော်ကြေးငွေများပေးအပ်ရာတွင် ဖိတ်ကြားထား သည့် တောင်သူ ၆၈ ဦးအနက် တောင်သူ ၅၆ ဦး တက် ရောက်ခဲ့ပြီး လျော်ကြေးစုစုပေါင်း ငွေကျပ် ၁၉၇၇၉၂၃၃၁၅ အား ပေးအပ်နိုင်ခဲ့ပြီး ခရီးလွန်ပျက်ကွက်သူ ၁၃ ဦးနှင့် အခြား (မီးတိုင်ပြောင်းရွှေ့စရိတ်) အတွက် ကျန်ငွေစုစုပေါင်း ငွေ ကျပ် ၄၄၈၁၀၇၃၉၉ အား ကျန်ရှိသူများကို ပေးအပ် သွားမည်ဖြစ်သည်။

"ဒီအမှတ်(၂) ချစ်ကြည်ရေးတံတားကြီး တည်ဆောက် မှုဟာ ၉၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။ အခုလာမယ့် မတ်လအတွင်းမှာ ၁၀၀ ရာခိုင်နှုန်း ပြီးစီးမှာဖြစ်ပြီး ဒီမတ်လ အတွင်းမှာပဲ နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ တက်ရောက်ပြီး တံတားဖွင့်ပွဲအခမ်းအနား ဆောင်ရွက်မှာ ဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသောင်းဟန် စိုးက ပြောကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် ကျေးရွာကွန်ကရစ်လမ်းသစ်ဖွင့်လှစ်၊ ဖွံ့ဖြိုးရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းပြီးစီး

**ဒလ ဇန်နဝါရီ ၃၀**

ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေနှင့် ပြည်သူတို့၏ ထည့်ဝင်ငွေဖြင့် ဆောင်ရွက်ပြုလုပ်သော ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် နံနက် ၁၀ နာရီက ဒလမြို့နယ် ပျော်ဘွယ်ကြီးကျေးရွာ မင်းလမ်းပိုင်းလမ်း၌ ပြုလုပ် ခဲ့ရာ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အမှတ် (၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးလေးဝင်းဦးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါ ပျော်ဘွယ်ကြီးကျေးရွာရှိ မင်းလမ်းပိုင်းလမ်း ကွန်ကရစ်လမ်းသစ်ခင်းခြင်း ဆောင်ရွက်ရာတွင် ပြည် ထောင်စုလွှတ်တော်ရန်ပုံငွေကျပ် ၄၈ သိန်း၊ ဒေသခံပြည် သူများ၏ ထည့်ဝင်ငွေကျပ် ၁၅ သိန်း၊ စုစုပေါင်းငွေကျပ် ၆၃ သိန်းဖြင့် ကွန်ကရစ်လမ်း အလျား ပေ ၃၅၀၊ အနံ ၁၀ ပေ၊ အမြင့် ၆ လက်မဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခု အခါ ကျေးရွာအတွင်း ကွန်ကရစ်လမ်းသစ်ခင်းခြင်း ကြောင့် ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည် သူများ၏ သွားလာရေး အဆင်ပြေချောမွေ့သွားမည်ဖြစ် ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကွန်ကရစ်လမ်းခင်းခြင်း၊ တံတားများပြုလုပ်ဆောင်ရွက် ခြင်း၊ သောက်သုံးရေရရှိစေရေး သောက်သုံးရေကန်များ တူးဖော်ဆောင်ရွက်ခြင်း၊ ရေကန်ခြံစည်းရိုးကာရံခြင်း၊ ကွန်ကရစ်ရေမြောင်းများ တူးဖော်ခြင်းတို့ကို မြို့ပေါ် ခြောက်ရပ်ကွက်၊ ကျေးရွာ ၂၁ ရွာတို့တွင် ဆောင်ရွက် လျက်ရှိရာ လုပ်ငန်းပေါင်း ၂၇ မျိုးတွင် ၂၅ မျိုးကို ဆောင် ရွက်ပြီးစီးခဲ့ကြောင်း၊ ညောင်ပင်ကျေးရွာတွင် ကွန်ကရစ် လမ်းခင်းခြင်းနှင့် တုံတင်ကန်(တောင်) သက်ကယ်ကွင်း ကျေးရွာ၌ ချောင်းကူးတံတားတည်ဆောက်ရန် ကျန်ရှိ နေသေးကြောင်း ဆက်လက်၍ လုပ်ငန်းများအား ပြီးစီး အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ ၉၀ ရာခိုင်နှုန်း အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပြီးဖြစ် ကြောင်း ဒလမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များရုံး မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဆက်ဆံရေး တာ ဝန်ခံ ဦးတင်လှက ပြောကြားခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# မြို့ရေပေးရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေအားကြည့်ရှု

**ထားဝယ် ဇန်နဝါရီ ၃၀**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူး ချုပ် ဦးမြင့်ဦးသည် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းမြင့်အောင်၊ တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးသက်ပိုင်နှင့်အတူ ဇန်နဝါရီ ၂၆ ရက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် JICA တို့ပူးပေါင်း၍ ထားဝယ်မြို့ ရေပေးရေးလုပ်ငန်းဖြစ်သည့် ဗထူးပန်းခြံ၊ မျှော်အင်းကန်၊ ကြက်စားပြင်ရပ်ကွက်တို့တွင် ဆောင်ရွက်နေသော တည် ဆောက်ရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် လုပ်ငန်းများဆောင်ရွက်နေမှုနှင့်ပတ်သက်၍ အားမာန်ကုမ္ပဏီနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ဦးစီးမှူး ဦးလှမျိုးတို့က ရှင်းလင်းတင်ပြ ကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က Drawing မှန်ကန်စေရေးနှင့် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော မောင်းမကန်-ပန်းတပ် အင်းလမ်းပေ ၃၄၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေး နှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ကျောက်ဆင်ကမ်းခြေမှ စာသင်ကျောင်းသို့သွားသောလမ်း ကွန်ကရစ်ခင်း ခြင်းလုပ်ငန်းနှင့် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေ



ဖြင့်ဆောင်ရွက်နေသော ကရင်ကြီးကျေးရွာ (၇၈ ay x 14 ay) ကွန်ကရစ်တံတားအား ကြည့်ရှု စစ်ဆေးခဲ့သည်။

**ထားဝယ်ခရိုင်(ပြန်/ဆက်)**

# နေပြည်တော် ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာ (မူကြမ်း)အကြံဉာဏ်ရယူခြင်း အလုပ်ရုံဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၃၀**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန နေပြည်တော်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှပြုလုပ်သည့် နေပြည်တော် ကျေးလက်လမ်းများဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာ (မူကြမ်း) အကြံဉာဏ်ရယူခြင်း အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်၌ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က မြန်မာနိုင်ငံတွင် ကျေးလက်နေလူဦးရေမှာ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဦးစွာဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ကျေးလက်လမ်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ နိုင်ငံတော်အပိုင်းမှ ရန်ပုံငွေအမျိုးမျိုးဖြင့် ပြည်ထောင်စုအစိုးရဌာနများ၊ သက်ဆိုင်ရာဒေသအစိုးရများ၊ လွှတ်တော်အဖွဲ့အစည်းများက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို အခြား ပြည်တွင်း၊ ပြည်ပ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ အကူအညီဖြင့်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းပြီး ကျေးလက်လမ်းများ ဖွံ့ဖြိုးရေး မဟာဗျူဟာ(မူကြမ်း)ကို ရေးဆွဲခြင်းဖြစ်ပြီး ပြည်ထောင်စုနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက သက်ဆိုင်သူများ၏ အကြံပြုချက်များစုစည်းရယူပြီး အပြီးသတ်ရေးဆွဲကြမှာဖြစ်သည့်အတွက် ဝိုင်းဝန်းဆွေးနွေး အကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လုပ်ကိုင်လျက်ရှိသည့် ပြည်သူအကျိုးပြုလုပ်ငန်းများအား မိတ်ဆက်ပြောကြားပြီး နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးဝင်းက ကျေးလက်လမ်းများ ဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာ (မူကြမ်း)တွင်ပါဝင်သည့် ကျေးလက်လမ်းများ၏ စံနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်လမ်းနှင့် တံတားများ၊ ကျေးလက်လမ်းဆက်သွယ်မှုအခြေအနေ၊ အဓိကကျေးရွာချင်းဆက်လမ်းများ၊ ရင်းနှီးမြှုပ်နှံမှု လိုအပ်ချက်များ၊ ရန်ပုံငွေရရှိမှု၊ စီမံကိန်းရေးဆွဲခြင်းနှင့် ဦးစားပေးအဆင့်ရွေးချယ်ခြင်း၊ ဘတ်ဂျက်ခွဲဝေခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း၊ အဖွဲ့အစည်းတာဝန်ပေးခြင်းများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက မဟာဗျူဟာ (မူကြမ်း) အပေါ် အမေးအဖြေနှင့် အကြံပြုချက်များဖြင့် ဆွေးနွေးကြသည်။

အဆိုပါအခမ်းအနားသို့ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အတွင်းရှိ မြို့နယ်အသီးသီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ NGO၊ INGO အဖွဲ့အစည်းမှ ဧည့်သည်များ တက်ရောက်ကြသည်။

**စိုးမိုး(ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှုများ ကျဆင်းပပျောက်ရေးဆောင်ရွက်

**မြင်းခြံ ဇန်နဝါရီ ၃၀**
မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ရှားတောကျေးရွာရှိ ရွာလည်ပိုင်းမြေကွက်လပ်တွင် ကျေးရွာနေပြည်သူများအား သက်ငယ်မုဒိမ်းမှုများ ဖြစ်ပွားလာခြင်းမရှိစေရေးအတွက် ပညာပေးဟောပြောခြင်းကို ဇန်နဝါရီ ၂၇ ရက် နံနက် ၁၁ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

သက်ငယ်မုဒိမ်းမှုများ ကျဆင်းပပျောက်ရေးအတွက် ကြိုတင်သိရှိသင့်သည့် အချက်များ၊ ကာကွယ်ရန်နည်းလမ်းများ၊ မိဘအုပ်ထိန်းသူများအနေဖြင့် မိမိတို့၏သားသမီးများ၊ မိသားစုဝင်များအား ထိန်းသိမ်းစောင့်ရှောက်ရမည့်အချက်များ၊ သက်ငယ်မုဒိမ်းမှုသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုးတက်လာသည့်အတွက် ယခုလို ကြိုတင်ကာကွယ်ထားသင့်သည့် အချက်များကို ကြိုတင်ဆောင်ရွက်ထားပါက သက်ငယ်မုဒိမ်းမှုများ ကျဆင်းပပျောက်သွားမည်ဖြစ်ကြောင်း မြင်းခြံမြို့မစခန်းမှူးဒုရဲမှူးဝင်းနိုင်က ရှင်းလင်းပြောကြားသည်။

အဆိုပါ ဟောပြောရှင်းလင်းဆွေးနွေးပွဲသို့ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းရာ ဒုရဲမှူးဝင်းနိုင်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

## မီးဘေးကြိုတင်ကာကွယ်ရေး မီးငြှိမ်းသတ်ခြင်းသရုပ်ပြ

**နေပြည်တော် ဇန်နဝါရီ ၂၉**
မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးပွဲကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းဈေးမြောက်ဘက် ကားပါကင်၌ကျင်းပရာ ဒက္ခိဏခရိုင်မီးသတ်ဦးစီးဌာနမှူးလက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်က မီးဘေးလုံခြုံရေး အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှူးနှင့်မီးသတ်တပ်ဖွဲ့ဝင်များက ဈေးသူ၊ ဈေးသားများအား မီးသတ်ဆေးဘူးဖြင့် မီးငြှိမ်းသတ်ခြင်းကို လက်တွေ့သရုပ်ပြဆောင်ရွက်ပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကိုလည်း ပြန်လည်ဖြေကြားသည်။

အဆိုပါ မီးဘေးကြိုတင်ကာကွယ်ရေး မီးငြှိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြခြင်းနှင့် မီးဘေးလုံခြုံရေး အသိပညာပေးဆွေးနွေးပွဲကို ဒက္ခိဏခရိုင် မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်၊ ဇမ္ဗူသီရိမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးမင်းသိန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သပြေကုန်းဈေး (နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန)ဈေးတာဝန်ခံဦးစီးအရာရှိ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။ **သန့်မောင်**

# လူငယ်မောင်မယ်များ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းဆင်း

**မုံရွာ ဇန်နဝါရီ ၃၀**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ကြီးကြပ်မှုဖြင့် တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လူငယ်မောင်မယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို အထောက်အကူဖြစ်စေမည့် ဒေသဆိုင်ရာ ဧည့်လမ်းညွှန်(အခြေခံ)သင်တန်းအမှတ်စဉ် (၂၉)ဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြို့တော်ခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန အထက်မြန်မာပြည် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်က သင်တန်းဆိုင်ရာများကို ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းနှင့် တာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်ဆုရရှိကြသည့် သင်တန်းသား၊ သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များအား သင်တန်းသားကိုယ်စားလှယ်တစ်ဦးထံ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ လူငယ်လူရွယ် ၁၀၅ ဦးအား မြန်မာနိုင်ငံ ဝါရင့် ဧည့်လမ်းညွှန်မှ ဆရာကြီး၊ ဆရာမကြီးများ၊ ဟိုတယ်ခရီးမှ တာဝန်ရှိသူများ၊ မုံရွာတက္ကသိုလ်မှ ဆရာ၊ ဆရာမများက ဧည့်လမ်းညွှန်ဆိုင်ရာ ဘာသာရပ်ခေါင်းစဉ် ၂၆ ခုအား ဇန်နဝါရီ ၂ ရက်မှ ၂၇ ရက်အထိ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန အထက်မြန်မာပြည် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်၊ တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တိုင်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်သူဦး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ မုံရွာတက္ကသိုလ်မှ ဌာနမှူးများနှင့် ပါမောက္ခများ၊ သင်တန်းသား၊ သင်တန်းသူများ၊ အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။

**ဖိုးချမ်း(မုံရွာ)**

## လေထိုးရေကန်အမျိုးမျိုး ဈေးကွက်အတွင်းထိုးဖောက်လာ

**မန္တလေး ဇန်နဝါရီ ၃၀**
မန္တလေးမြို့တွင် ရွေ့လျားအသုံးပြုနိုင်သော လေထိုးပလတ်စတစ်ရေကန်များ ဈေးကွက်အတွင်း ထိုးဖောက်လာခဲ့သည်။ ပလတ်စတစ်ရေကန်အသေးများကို ဝယ်ယူမှုများပြီး ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချလျက်ရှိသည်။ လေးထိုးရသည့် ပလတ်စတစ်ရေကန်များမှာ အသုံးပြုပြီးပါက လေလျှော့ကာ ခေါက်သိမ်းထားနိုင်သည်။

ပလတ်စတစ်ရေကန်များရောင်းချမှုတွင် ခြောက်လအာမခံစနစ်ဖြင့် ရောင်းချပြီး ခြောက်လအတွင်း ပေါက်ပါက ပြန်လည်ပြုပြင်ဖာထေးပေးကြသည်။ လေထိုးပလတ်စတစ်ရေကန်များပြုလုပ်မှုတွင် လှပသောဒီဇိုင်းများဖြင့် ပြုလုပ်ရောင်းချကြသည်။ လေထိုးပလတ်စတစ်ရေကန် အသေးတစ်ခုလျှင် ငွေကျပ် ၁၀၀၀၀ ကျော်မှ အကြီးတစ်ခုလျှင် ငွေကျပ် ၁၀၀၀၀၀ ကျော်အထိ ဈေးနှုန်းအမျိုးမျိုးဖြင့် ရောင်းချကြသည်။

ပလတ်စတစ်လေထိုးရေကန်များမှာ အလွယ်တကူ ရွေ့လျားအသုံးပြုနိုင်ပြီး လေထိုးသည့်ဘူးများပါ ပါရှိသည်။ ရေကန်အကြီးများအတွက် လျှပ်စစ်လေထိုးကိရိယာပါရှိပြီး အသေးများအတွက်မူ ခြေနင်းလေထိုးကိရိယာပါ ထည့်ပေးကြသည်။ လက်ရှိကာလတွင် ကလေးငယ်များ ရေချိုးရာတွင် အသုံးပြုနိုင်သည့် ငွေကျပ် ၁၀၀၀၀ ကျော်တန် ပလတ်စတစ်လေထိုးရေကန်များ အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**





## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး စစ်ဆေးအရေးယူ

**မင်းဘူး ဇန်နဝါရီ ၃၀**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်အတွင်းတွင် ခရီးသွားပြည်သူများ၏ အသက်စည်းစိမ်လုံခြုံရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးတို့အတွက် စဉ်ဆက်မပျက် စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက မင်းဘူး-မကွေးကားလမ်း ပြည်သူ့ဆေးရုံဝင်းအနီး၌ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁ ရက်မှစတင်ကာ မော်တော်ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်းအမှု ၂၂၀၊ ယာဉ်မောင်းလိုင်စင် လက်ဝယ်မရှိဘဲ မောင်းနှင်ခြင်း ၁၇ မှု၊ မော်တော်ယာဉ်မောင်းနှင်စဉ် အသက်ကယ်ထိုင်ခုံခါးပတ်ကို တပ်ဆင်မှုမရှိခြင်း ၇၆ မှု၊ ယာဉ်သက်တမ်းကုန်ဆုံးတစ်မှု၊ သတ်မှတ်လိုင်စင်မမောင်း နှစ်မှု၊ စပါယ်ယာမပါ သုံးမှု၊ ဝန်ပိုတင် နှစ်မှု၊ ယာဉ်နံပါတ်ပြားမပါ နှစ်မှု၊ ယာဉ်နောက်ကြည့်မှန်မပါ သုံးမှုတို့အား ၂၀၁၅ ခုနှစ်မော်တော်ယာဉ်ဥပဒေပါ ပြစ်မှုနှင့်ပြစ်ဒဏ်များအရ စစ်ဆေးအရေးယူ ဆောင်ရွက်ခဲ့ကြောင်း အမှတ် ၄ ယာဉ်ထိန်းရဲ တပ်စုဖွဲ့ ၁၈ မင်းဘူးရုံးမှ သိရသည်။

**ဖိုးပြည့်**

လိုနေသူကို ပေးမကူဖို့ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
**ဆရာမိုး** Follow Me Ph.D (USA)
SUMMER GRAMMAR တန်းခွဲသစ် လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
Universal Institute of ESL (USA)မှ Certificate ချီးမြှင့်သည့်
ENGLISH 4 SKILLS Level (1,2) ၄ လ နှင့်
ENGLISH 4 SKILLS Level (1)တစ်ပတ် (၅)ချိန်တက် (၂)လအထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်း တက်၍ တက်သူတိုင်း တတ်ကုန်ကြပြီ။ တန်းခွဲသစ်များ Feb 4 စမည်။
4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။
အင်္ဂလိပ်စာကို စာမေးပွဲ အောင်ရုံ ဂုဏ်ထူးထွက်ရုံမျှသာမက တစ်သက်တာအတွက် အခြေခံအုတ်မြစ် ခိုင်မာစွာ စနစ်တကျ တတ်ကျွမ်းချင်သူ
၉/၁၀ တန်း တက်မည့် ကျောင်းသား/ကျောင်းသူတိုင်းအတွက် Summer English Grammar အထူး တန်းခွဲသစ် လက်ခံပြီ။
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး တိုးတက်လျက်
သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄ လ အတတ် လက်ခံပြီ။
4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄ လ အထူး လက်ခံပြီ။
ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။
အင်း၀ အမှတ် ၁၈၊ ၅-လွှာ၊ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ပိုင်းသီးသန့် ✦ ၄၃၆ (ပ) ထပ် ၊ ကုန်သည်လမ်း (၄၄-လမ်းထိပ်) ။ 01 398118, 295798

**မိုးမြင့်ကြယ်**
ကျိုက်ထီးရိုး (နေ့စဉ်/ခြိမ်) 33000
ရှောင်းသာ (Guest - ခြိမ်) 35000
(နေ့စဉ်) (Hotel - ခြိမ်) 45000
ငွေဆောင် (Hotel - ခြိမ်) 50000
(နေ့စဉ်) (Hotel+ကား) 40000
ဘုရားဖူးအဖွဲ့အစည်းများအတွက်
Package အထူးစီစဉ်ပေးသည်။
ကားမျိုးစုံငှားဆောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

**RUBY** ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၄)စီးယာဉ်များနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်၊ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**Holiday**
Car Rental Service
ရန်ကုန်မြို့တွင်း/နယ်ဝေး ကားမျိုးစုံ ငှားရမ်းနိုင်ပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
Ph: 09-5111235, 09-420077975
09-5075176, 09-420121837

**ယာမင်းသူ**
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်း၊ မြို့ပြင်၊ လချုပ်ငှားရန် ကားမျိုးစုံရှိပါသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်ပါသည်။
09 5174914, 09 5136421

**Ever Clean**
အဆင့်မြင့်ဘုရားဖူးနှင့် အပန်းဖြေခရီးသွားဝန်ဆောင်မှုလုပ်ငန်း

| | | |
|---|---|---|
| မကွေး-မင်းဘူး-ရွှေစက်တော် | (၃ည ၄ရက်) | Feb-10/17/24 |
| မန္တလေး-မုံရွာ-အလောင်းတော်ကဿပ | (၃ည ၄ရက်) | Feb-10/24 |
| မြဝတီ-မဲဆောက် | (၂ည ၃ရက်) | Feb-10/24 |
| ထားဝယ်-(ရှင်ကိုးရှင်) | (၄ည ၅ရက်) | Feb-24 |
| ရေး-ကျပ္ပဝ | (နေ့ချင်းပြန်) | Feb - 11 / 25 |
| တောင်ငူ-သံတောင်ကြီး | (နေ့ချင်းပြန်) | Feb-11/25 |
| ဘားအံ - ဂူ(၅)ဂူ | (နေ့ချင်းပြန်) | Feb-11/25 |
| ဘားအံ-တောင်ဝိုင်း | (နေ့ချင်းပြန်) | Feb-11/25 |

09-33886666, 09-795185522




SAIC STUDY ABROAD Information Centre
သင့်ပညာရေး အတွက် ယုံကြည် အားထားရာ
(09) 5151 008, (09) 73 2424 04 STUDY ABROAD Information Centre

**မင်္ဂလာပါ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**ခင်ပုံမြို့သစ်**
ဒဂုံမြို့သစ်
အင်္ဂလိပ်ပိုင်း
သံတမံ(မြို့သစ်)
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

လုံခြုံစိတ်ချမှု အပြည့်အဝရှိပြီး အရည်အသွေးမြင့်သော လျှပ်စစ်ပစ္စည်းများ
Panasonic
➤ မီးခလုတ်
➤ ဘူရကာ
➤ အလှဆင်မီး
➤ လေစုပ်ပန်ကာ
➤ လျှပ်စစ်မီးကြိုး
➤ STEEL CONDUIT PIPE &
➤ ISOLATOR
အတုအပ-ဆင်တူယိုးများ သတိပြုပါ။
YANDAYAR TRADING CO.,LTD
အမှတ်- ၃၀ (ခ)၊ တက္ကသိုလ်ရိပ်သာလမ်းဟောင်း၊ ဗဟန်း၊
☎ ၀၁-၅၀၂၃၃၃၊ ၅၀၁၃၂၉၊










1.1 L MINI TRUCK
PRICE US$ 4,999+
"Leading your business with Dongfeng Motor"
နယ်အရောင်း ကိုယ်စားလှယ်အနေဖြင့် လုပ်ကိုင်လိုတဲ့
လုပ်ငန်းရှင်များကို ဖိတ်ခေါ်လျက်ရှိပါသည်။
၀၉-၂၅၀၁၀၅၁၄၄ သို့ အသေးစိတ်ဆက်သွယ်စုံစမ်းနိုင်ပါသည်။
● လစဉ်ပေးသွင်းငွေဖြင့် ဝယ်လိုသူများကို AYA Bank နှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါသည်။
DONGFENG MOTOR DRIVING SUCCESS
24 HOURS ROAD ASSISTANCE
WARRANTY 2 YEARS 60,000 KM
YANGON SHOWROOM
No. 19, Baho Road, Sanchaung Township, Yangon, Myanmar.
Tel : +95-1-2304802, 2304801
www.Dongfeng-Myanmar.com
DFM-Myanmar
DFM

FORWARD (YGN)
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) (နေ့စဉ်)
09259259180
09259259181
09259259182

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

တိုကျော်နိုင် CAR RENTAL
မြို့တွင်းမြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အဲစတုံး) ကားသစ်ကြီးများဖြင့်ဝန်ဆောင်ပေးပါသည်၊
09 25 358 2510, 09 515 8803

ရွှေအိုးကြီး Feb-3,10,17
မြဝတီ၊ မဲဆောက်၊ ဘားအံ
Hotel (Visa) ဆိုင်ထမင်းကျွေး (75000)
အလောင်းတော်ကဿပ၊ ခမ်းကိန်း၊ မှုံရွာ
ကျောက်ခေါင်း Feb-10 (40000)
09421073634, 777636630

သဘာဝသစ်
ခရီးသွားဝန်ဆောင်မှုနှင့်ကားမျိုးစုံ ငှားရမ်းရေးအဖွဲ့
သွားလိုရာခရီးစဉ်ကို စိတ်တိုင်းကျ စီစဉ်ပေးပြီး ကားမျိုးစုံ ငှားရမ်းပေးသည်။
(ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။)
09 250 172894 ,09 431 98513, 09 974966226

ကားစီးလုံးငှားသည်။
AC-Express(45,33,25), အဲစတုံး(14)Seat, Hice (9-7 Seat), Alphard, Crown, Mark II (မှောင်း) ပိုင်ရှင်ကိုယ်တိုင်ငှားသည်။ လချုပ်ငှားပါမည်
မြို့တွင်း / ပြင် –ခရီးစဉ်မျိုးစုံအတွက် ကားကြီး / သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

FULLY LIGHT ခရီးသွားကုမ္ပဏီ L/C Pa Kha-0052
လူကြီးမင်းတို့ သွားလိုရာ ခရီးအား
အကောင်းဆုံး ဝန်ဆောင်မှုပေးနေပါသည်...
လိပ်စာ - ဒဂုံစင်တာ(၁)၊ဘီဆောင်-၈၀၁၊မြေနီကုန်း၊စမ်းချောင်း
01-503815 ,09-333 777 82,09-42 101 3085

စာစဉ် ၂၈၆ အငြေးအမြင် ဖေဖော်ဝါရီလ ထွက်ပြီ ဖေါင်းစာပေ

ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့ မြတ်ရွှေရတီသာ
ဆောင်းအကုန်နွေအကူး ရွှေညောင်ရွက်ကြွေ လေရူးမွှေ သွားကောက်ကြစို့လေ
● သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန(၇ ညအိပ် ၈ ရက်) Mar 18-25 ၉ သိန်း ၅ သောင်း
● သံဝေဇနီယလေးဌာန+အဝိဇဟိတသုံးဌာန(၇ ညအိပ် ၈ ရက်) April 11-18 ၁၀ သိန်း ၅ သောင်း
ဝန်ဆောင်မှုများ
- ကုမ္ပဏီ၊ အသင်းအဖွဲ့များနှင့် မိသားစုများအတွက် သီးသန့် ရက်တို၊ ရက်ရှည်ခရီးစဉ်များအားလူကြီးမင်းတို့စိတ်တိုင်းကျ စီစဉ်ပေးပါသည်။
- သံဃာတော်များနှင့် သီလရှင်များကိုလည်း အထူးဈေးနှုန်းဖြင့် ကုသိုလ်ယူ ပို့ဆောင်ပေးပါမည်။
- ခရီးစဉ်တိုင်းတွင်လည်း ကုမ္ပဏီပိုင်ရှင် ကိုယ်တိုင်လိုက်ပါဝန်ဆောင်မှုပေးနေပါသည်။
- နယ်မှဘုရားဖူးမိတ်များအတွက်လည်း တည်းခိုနေထိုင်ရန်စီစဉ်ပေးပါသည်။
အထူးဝန်ဆောင်မှုများအနေဖြင့် မြတ်စွာဘုရားရှင် ဓမ္မစကြာ ကျင့်ခဲ့သော ဥရုဝေလတောရှိ ဥရုဝေလတရားစခန်းတွင် တရားထိုင်ခြင်း၊ ရဟန်းနှင့် သီလရှင် ဝတ်ခြင်း စသည် ဝန်ဆောင်မှုများ စီစဉ်ပေးလျက်ရှိပါသည်။
ခရီးစဉ်များတွင်လူနည်းစုဖြစ်ထားသောကြောင့် ကြိုတင်စာရင်းပေးသွင်းစေလိုပါသည်။
ပိတ်ဆွေဟောင်းမိတ်ဆွေသစ်များအား မေတ္တာတရားရှေ့ထားပြီး စိတ်တိုင်းကျပို့ဆောင်ပေးနေပါသည်။
အမှတ် (၂၇) မင်းရဲကျော်စွာလမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း။ ၀၉-၂၆၃၉၁၇၃၅၆၊ ၀၉-၄၂၀၁၇၆၉၁၉၊ ၀၉-၂၅၄၁၆၆၀၄၇

ပါကေး အစားထိုး ကြမ်းခင်း
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော Since 1996
Home Think of House, Think of Home
Special Promotion
Grade A,B,C,D စစ်မှန်မှုကိုစက်ဖြင့် "အခမဲ့" လက်တွေ့ စစ်ဆေးပေးသည်။
BUY Flooring ၂ ကျင်း ဝယ်ရင် → Wall Covering ၁ ကျင်း လက်ဆောင်
★ Grade A,B,C,D အစစ်များသာရောင်းပါသည်
★ ဈေးနှုန်း အနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်
★ လက္ကား ဝယ်ယူလိုသူများ အတွက် အထူးဈေးနှုန်း
ပိတ်ရက်မရှိ
➤ အမှတ် (E-11A) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီမှတ်တိုင်၊သင်္ဃန်းကျွန်း၊ရန်ကုန်မြို့။
➤ အမှတ်(၄/၄၆၇)၊(၂)ရပ်ကွက်၊ အဝိုင်(၄)၊ တာပင်ရွှေထီးလမ်း၊မဟာမြိုင်မှတ်တိုင်အနီး၊ ပဲခူး။
HOTLINE: 09-79 700 70 71
09-79 700 70 81

Hmwe Taunggyi Business Group Travel & Tours Co.,Ltd.
Hot Line - 01-200952
သာကီနွယ် ဗုဒ္ဓဂယာ ဘုရားဖူးပို့ဆောင်ရေး
ဖေဖော်ဝါရီကျောင်းပိတ်ရက်အထူးခရီးစဉ် – 23
မတ်လအထူးPromotion(15)ရက်ခရီးစဉ် – 9,11,14,18,21,25
(၁၅)ရက် – (~~၁၂.၅~~)သိန်း အစား {၁၀.၉} သိန်း
(၈) ရက် – (~~၁၈.၅~~)သိန်း အစား {၈.၉} သိန်း
✸ ဝန်ဆောင်မှုအပြည့် ဈေးနှုန်းအသက်သာဆုံးဘုရားဖူးချင်သူများ
✸ ဟိုတယ်(၃)ညအိပ်ပါရှိပြီး အပိုငွေကြေးလုံးဝထပ်မကောက်
✸ (၁၆)ဦး(၁)ဦးအခမဲ့ (၁၀)ဦးလျှော့(၁)ဦး (၅%)
ကြော်ငြာထားသည့်ခရီးစဉ်များ အပြောင်းအလဲမရှိထွက်ရှိပါမည် အထူးဈေးနှုန်းများသည် ရန်ကုန်ရုံးအတွက်သာ
(၁၅)ရက်ခရီး - Apr - 1,8
(၈)ရက်ခရီး - Mar - 23,30
April - 11,20
ရန်ကုန် - အမှတ်(၁၀၅) ၁၂၃ လမ်း၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ၀၉- ၇၇၈၈၂၂၂၆၀
မန္တလေး - အမှတ်(၇၂၅) ၈၁ လမ်း၊ ၄၄×၄၅ကြား၊ မန္တလေး။ ၀၂- ၂၄၅၄၀၊ ၀၉- ၇၇၈၈၂၂၂၅၀
တောင်ကြီး - ပန်းခြံမှတ်တိုင်အနောက်မြို့ပတ်လမ်း၊ တောင်ကြီး။ ၀၈၁-၂၀၀၁၇၃၊ ၀၉- ၇၇၈၈၂၂၂၄၀

SPRING LINE
★ Hlaing River Landmark ★
◆ ဘိုးဘွားပိုင်မြေ- ဆောက်လုပ်မှုပြီးလုနီး SOHO CONDO
◆ Project ပတ်ပတ်လည်တွင် ထောင်ပေါင်းသောလုပ်ငန်းရှင်များ ဝန်းရံထားသောကြောင့် ရင်းနှီးမြုပ်နှံမှုအတွက် အာမခံချက်ဖြစ်စေသည်။
◆ ၂၀၁၈ နှစ်လည်ပိုင်းတွင် အခန်းအပ်မည်ဖြစ်၍ ရင်းနှီးမြုပ်နှံမှုအတွက် အကျိုးအမြတ် လျင်စွာရရှိစေပါသည်။
FIRST BUSINESS CENTER
အခန်းတန်ဖိုး USD 160 /sq.ft မှစ၍ လပေါင်း ၄၀ အရစ်ကျငွေချေမှုစနစ်
ဆောက်လုပ်ပြီးစီးသော PROJECT မှသာ လူကြီးမင်းတို့အတွက် အာမခံနှင့် ရင်းနှီးမြုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။
Tel: 09 7930 66666
Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township, Nearby Aung Zay Ya Bridge, Yangon
Facebook: @springlinecenter
Shwe Oak Khai Construction Co., Ltd.

ဇီဝမျိုးစုံ မျိုး ကွဲ တွေ ကြွယ် စေ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

AUNG NAING SCHOOL OF ACCOUNTANCY
# ဦးအောင်နိုင်
(ရွှေတံဆိပ်ဆုရှင် – CPA)
B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)
U Aung Naing-LCCI (Official page)

# LCCI & ACCA
စာရင်းကိုင်သင်တန်းများ Level I, II, III
for 2017, September Exam
ခုံနံပါတ်ကြိုတင်ယူ၍ ကျောင်းအပ်နိုင်ပါပြီ။
LCCI International Qualifications Approved Centre

အမှတ် – ၂၄၄ (တတိယထပ်)၊ မီးပွိုင့်နှင့်ခုံးတံတားကြား၊ ပန်းဆိုးတန်းလမ်း (ထက်)။ Tel: 01-377610, 01-384175, 09-730 66231, 09-730 99752, 09-320 60060


မြန်မာတစ်ပြည်လုံး TOP TEN (အဋ္ဌမဆင့်) ဆဒဂ ၁၂၄၂ မောင်ခန့်စင်ထက် (၂၀၁၅)

မြန်မာတစ်ပြည်လုံး TOP TEN (တတိယဆင့်) ဆဒဂ ၁၀၄၅ မစောကေဒိုင်ဦး (၂၀၁၆)

ALL D ဆဒဂ ၁၀၄၅ မစောကေဒိုင်ဦး (ရမှတ်ပေါင်း ၅၆၀၊ သင်္ချာ ရမှတ် ၁၀၀)

ဆဒဂ ၈၈၉ မောင်ဆက်ကောင်းခန့် ALL D

ALL D ဆဒဂ ၁၀၂၂ မောင်သီဟအောင်

ALL D ဆဒဂ ၁၀၄၈ မခိုင်မေဦး

ဆဒဂ ၃၇၈ မထက်အိမ့်ဖြူမိုး ALL D

'ရလဒ်' ကောင်းဖို့ 'ကျောင်းကောင်း' ရွေးပါ
# သဲ့သန်းနိုင် ကောင်းဇနီ
တည်ထောင်သည့်
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်မှတ်ပုံတင်အမှတ် (ကက–၁၃/၄၄/၀၆၂)
## ကိုယ်ပိုင်အထက်တန်းကျောင်း
ကျောင်းကြီး၊ ကျူရှင်၊ ဝိုင်း တက်စရာ မလိုတော့ပါ။ STUDY GUIDE နှင့် စာသင်၊ စာကျက်၊ စာစစ် စီစဉ်ပေးသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈၊၇၊၆၊၅ တန်း (မေ ၄) စမည်။ ကျောင်းကား(ကြို/ပို့) ferry စီစဉ်ပေးသည်။
ကျောင်း မြေအမှတ် ၉(ခ)၊ မနော်ဟရီလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၃၀ ၂၀၀၇၊ ၀၁ ၂၃၀ ၂၀၀၉၊ ၀၉ ၂၅၀ ၃၁ ၂၀၂၀

အဆင့်မြင့် ဘော်ဒါ
ပဥ္စမတန်းမှ တက္ကသိုလ်ဝင်တန်းအထိ
[ဧပြီ ၂၇ ကျောင်းသူ၊ ဧပြီ ၂၉ ကျောင်းသား ဘော်ဒါစ,ဝင်ရမည်]
ဘော်ဒါ အမှတ်(၁၁၁/၁၁၃)၊ ၅၇ လမ်း၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း ၀၁ ၃၉၇၉၃၉၊ ၀၉ ၅၁၉ ၇၇၂၆၊ ၀၉ ၅၁၇ ၆၅၄၃၊

FORWARD အဆင့်မြင့် စာသင်ဝိုင်း
၁၀ တန်း၊ ၉ တန်း၊ ၈ တန်း (ဘာသာစုံ)
၁၀ တန်း [ ဉာဏ်ရည်မြင့်(၉)ယောက်ဝိုင်း ] အထူးသီးသန့် ရှိသည်။
၁၀ တန်း(မတ် ၁၅)၊ ၉ တန်း(ဧပြီ ၂၇)၊ ၈ တန်း(ဧပြီ ၂၉) စ,မည်။
ဝိုင်း အမှတ်(၄၄)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်။ ဖုန်း ၀၁ ၂၄၉၆၄၉၊ ၀၁ ၃၈၅ ၀၉၇၊

၂၀၁၇–၂၀၁၈ ပညာသင်နှစ်အတွက်
ကျောင်းအပ် လက်ခံပါပြီ
[ကြိုအပ်ခြင်းဖြင့် သေချာမှုကို ရယူပါ]
ကျောင်း(သို့) ဘော်ဒါ (သို့) စာသင်ဝိုင်း ကြိုက်ရာ ရွေးချယ် အပ်နှံနိုင်သည်။
Hot Line: 01 249 649, 01 230 2009, 09 250 31 2020, 09 519 7726

ရန်ကုန်တိုင်းဒေသကြီး၊ သသင်္ဃန်းကျွန်းမြို့နယ်၊ (၂၀၁၄–၁၅/၂၀၁၅–၁၆) ပညာသင်နှစ်တွင် (၂)နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်း
● ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ... ●

PNMM ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း
ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက–၁၃/၁၀/၂၂
# ပညာမြင်းမိုရ်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
## ၅တန်းမှ ၁၀တန်းအထိ
အဆောင်မှူး၊ ကျွမ်းကျင် (Guide) အဖွဲ့ အလိုရှိသည်။ (ကျား)

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း...
- စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ...
  နေ့ကျောင်း / ဘော်ဒါ / တဝက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်...
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်...
- ၈/၉/၁၀ တန်းခွဲ(၁)များ (မတ်လ) နောက်ဆုံးပတ်စမည်...
- ၅/၆/၇ တန်းများ (မေလဆန်း) စမည်...
  ကျောင်းကားကြို/ပို့ရှိသည်...

၂၀၁၇–၁၈ ပညာသင်နှစ် အတွက်ကြိုအပ် လက်ခံပြီ

အမှတ်(၃၀/၄၀)၊ သီရိဥယျာဉ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၂၅၃၂၂၅၈၄၀၈၊ ၀၉ ၄၆၅၈၀၀၉၄၈၊ ၀၉ ၄၄၅၃၄၅၀၀၈၈၊ ၀၉ ၈၃၀၀၀၈၃၂၀၊ ၀၈ ၈၅၆၂၈၃၀
တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။



## နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ကမ္ဘောဒီးယားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် ဇန်နဝါရီ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့သည် ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ်ဘတ် ဆမ်ဒက်ပရယ် ဘိုရိုနစ်နိုရိုဒွန် သီဟာမိုနီ၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ **(သတင်းစဉ်)**



## နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကို အမျိုးသားရေးဦးတည်ချက်များဖြင့် ကျင်းပသွားမည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေးဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၁၇ ခုနှစ် နှစ်(၇၀) မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီအစည်းအဝေးကို နှစ်ကြိမ် ကျင်းပခဲ့ပြီး ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ပါကြောင်း၊ ယင်းဆုံးဖြတ်ချက်များကို စီမံခန့်ခွဲမှုကော်မတီက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းတော်တော်များများ ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် တတိယအကြိမ် ဗဟိုကော်မတီအစည်းအဝေးတွင် လုပ်ငန်းဆောင်ရွက်မှုအားနည်းချက်များ၊ အခက်အခဲများကို အပြီးသတ်ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

**နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

## လုပ်ကြံခံရမှုကြောင့် သေဆုံးခဲ့ရသည့် ဦးကိုနီနှင့် တရားခံဖမ်းဆီးရမိရေး ကြိုးပမ်းရင်း သေဆုံးခဲ့သည့် ဦးနေဝင်းတို့အတွက် များစွာစိတ်မကောင်းဖြစ်ရ

### ပြည်သူများအနေဖြင့် ဤဖြစ်စဉ်ကြောင့် အထိတ်တလန့်မဖြစ်ဘဲ ထူးခြားမှုများတွေ့ရှိပါက တာဝန်ရှိသူများထံ အမြန်ဆုံးဆက်သွယ်အသိပေးကြရန် မေတ္တာရပ်ခံ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**သတင်းထုတ်ပြန်ချက်အမှတ် (၁/၂၀၁၇)**
**(၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်)**
**(၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်)**

**ဦးကိုနီအား သေနတ်ဖြင့် အနီးကပ်ပစ်ခတ်လုပ်ကြံသတ်ဖြတ်မှုနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်**

၁။ အင်ဒိုနီးရှားနိုင်ငံတွင် ဇန်နဝါရီလ ၂၂ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပခဲ့သော အကြီးတန်းခေါင်းဆောင်မှု အစီအစဉ်ကို တက်ရောက်ခဲ့သည့် ဦးကိုနီ(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥပဒေအကြံပေး)သည် ၂၉-၁-၂၀၁၇ ရက်နေ့ စင်ကာပူလေဆိပ်မှတစ်ဆင့် မြန်မာနိုင်ငံသို့အပြန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယင်းနေ့ညနေ ၅ နာရီအချိန်ခန့်တွင် ဦးခေါင်းအား ပစ္စတိုသေနတ်ဖြင့် အနီးကပ်ပစ်ခတ် လုပ်ကြံသတ်ဖြတ်ခံရမှုကြောင့် နေရာတွင်ပင် သေဆုံးခဲ့ရပါသည်။ ယင်းဖြစ်စဉ်တွင် သေနတ်ဖြင့်ပစ်ခတ်သူအား ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူ တက္ကစီယာဉ်မောင်း ဦးနေဝင်းမှာလည်း တရားခံက သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရပါသည်။ တာဝန်သိပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဝိုင်းဝန်းဖမ်းဆီးမှုဖြင့် တရားခံဖြစ်သူ ဦးကြည်လင်း (၅၃)နှစ်ကို ဖမ်းဆီးရမိခဲ့ပါသည်။

၂။ လုပ်ကြံခံရမှုကြောင့် သေဆုံးခဲ့ရသည့် ဦးကိုနီနှင့် တရားခံ ဖမ်းဆီးရမိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရင်း သေဆုံးခဲ့သည့် ဦးနေဝင်းတို့အတွက် များစွာ စိတ်မကောင်းဖြစ်ရပါသည်။ တရားခံအား ဝိုင်းဝန်းကူညီဖမ်းဆီးပေးခဲ့ကြသည့် တာဝန်သိပြည်သူများအားလုံးကိုလည်း ကျေးဇူးဥပကာရ အထူးပင်တင်ရှိပါသည်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ပါတီစုံဒီမိုကရေစီ အထွေထွေကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များ ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၃၀**

၂၀၁၇ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်များကို ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၂၂ ရက်အထိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ည ၈ နာရီ သတင်းများအပြီးတွင် နေ့စဉ်ထုတ်လွှင့်ပေးသွားမည်ဖြစ်ပြီး နောက်တစ်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပေးသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**